


တက္ကသိုလ်
ဝင်းကြွယ်
သိုင်းရေးခုနစ်သွယ် ဓါးနတ်မယ်
ပ+ဒု ပေါင်းချုပ်
THEE ZAR


မုယုန်၏ချီရှာမေလန်
တက္ကသိုလ်
ဝင်းကြွယ်
သိုင်းရေးခုနစ်သွယ် ဓါးနတ်မယ်

[illegible]


# ရွှေဟင်္သာ စာပေ


မောင်ထင်ရွှေ
(ရွှေဟင်္သာ)


အမှတ်(၅)၊ ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

စီစဉ်သူ.... မောင်တင်ဌေး

မျက်နှာဖုံးပန်းချီ.... သဲဇာ

အုပ်ရေ.... ၅၀၀

တန်ဖိုး.... ၂၅၀ ကျပ်

●

ပထမအကြိမ်

၂၀၀၀-ခုနှစ်။

# တက္ကသိုလ် ဝင်းကြွယ်

## သိုင်းရေးရုနှိမ်သွယ် ဓားနတ်မယ်

စာမူခွင့်ပြုချက် .... ၄၄၃/၂၀၀၀ (၁၀)

မျက်နှာဖုံးခွင့်ပြုချက် .... ၄၄၁/၂၀၀၀ (၁၁)

ထုတ်ဝေသူ .... ဒေါ်ရွှေအိမ် (၀၁၂၉၉)
တိုင်းလင်းစာပေ
အမှတ် (၃)၊ အောင်သိဒ္ဓိလမ်း
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဒေါ်ခင်စန်းစန်း (၀၃၅၈၀)
အောင်ကျော်ဖြိုးပုံနှိပ်တိုက်၊
၅၊ အောက်ပုဇွန်တောင်ဈေးလမ်း၊
ညောင်တန်း၊ ရန်ကုန်မြို့။

အဖုံးရိုက် — ဒေါ်ခင်သန်း (၀၂၆၄၂)
နဝရတ်ပုံနှိပ်တိုက်၊
၁၈၊ သင်္ဂဟလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

ဘုရား၊ တရား၊ သံဃာ
အမိ၊ အဖ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်....

လှိုင်စာပေ
ရွှေဟသ်ာစာပေ
အမှတ် ၁၅/၁၃၈၊ မြောက်
...မြို့ မောင်တင်ရွှေး
ဖုန်း ၂၁၄၄၄

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေဟသ်ာစာပေ

မိမိငှါးရမ်းသွားသောစာအုပ်
နေ့ရို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ်တန်ဖိုးနှင့်တကွငှါးခရက်
အတွက်ပါပေးလျော်ရမည်။

# တက္ကသိုလ် ဝင်းကြွယ်

---

## သိုင်းရေးခုနှစ်သွယ် ဓားနတ်မယ်

(ပထမပိုင်း)

ရွှေဟင်္သာစာပေ

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

[illegible]

## အခန်း ( ၁ )

ရှန်းယန်မြို့ မြောက်ဘက်ပိုင်းရှိ 'နဂါးခေါင်းဂေဟာ'တွင် အထူးပင် စည်ကားရှုံနေသည်။

နဂါးခေါင်းဂေဟာရှင်ကြီး ချန်လီဖြောင်တို့ မိသားစုသည် ရှန်းယန်မြို့၏ မျက်နှာဖုံး ချမ်းသာကြွယ်ဝသော သူဌေးများ ဖြစ်ကြသည်။ထို့ပြင် သိုင်းလောကတွင် နာမည်ရကျော်ကြား ကာ သိုင်းပညာစွမ်းရည်လည်း ထက်မြက်ကြသည်။

နဂါးခေါင်းဂေဟာ၌ ဂေဟာရှင်ကြီး ချန်လီဖြောင်၏ 'ရွှေ ခွက်ဖြင့် လက်ဆေးသောပွဲ' ကျင်းပနေသည်။ ရွှေခွက်နှင့် လက်ဆေးသောပွဲမှာ သိုင်းလောကမှ လုံးဝအနားယူထွက်ခွာ သည့် အထိမ်းအမှတ်ဖြစ်သည်။ နဂါးခေါင်းဂေဟာ၏ ဂေဟာ ရှင်အဖြစ် ချန်လီဖြောင်၏ တစ်ဦးတည်းသော သား ချန်ထိုက် ကုန်းက ဆက်ခံမည်ဖြစ်သည်။

ချန်ထိုက်ကုန်းကို နဂါးခါးဂေဟာရှင်အဖြစ် လွှဲပြောင်းတင်မြှောက်သည့် အခမ်းအနားကိုလည်း တစ်ဆက်တည်းကျင်းပရန် အစီအစဉ်ရှိသည်။

ထို့ပြင် ချန်လီဖြောင်၏ မြေးမလေး ချန်မေလင်အတွက် တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာကိုလည်း တစ်ပါတည်း ကျင်းပနေသည်။

ထို့ကြောင့် နဂါးခါးဂေဟာတွင် မင်းမှုထမ်းဧည့်သည်၊ အရပ်သားဧည့်သည်၊ သိုင်းသမားဧည့်သည်၊ ကုန်သည်ပွဲစားဧည့်သည်၊ စာပေသမားဧည့်သည် စသည်စသည်ဖြင့် ဧည့်သည်များ ရောက်ရှိလာကြသည်။

နေပြည်တော်မှ ဝန်မင်းတစ်ပါးက ထိုပွဲသို့ တကူးတကရောက်လာသလို ရှန်းယန်မြို့ဝန်ကြီးနှင့် ရှန်းယန်နယ်ခြားဒေသတပ်ဖွဲ့မှ တပ်မှူးတို့လည်း ရှိနေကြသည်။ ရှောင်လင်၊ ဝူတန်၊ ခွန်လွန်၊ ဝေါမေ စသော သိုင်းလောက၏ ထိပ်သီးဂိုဏ်းအဖွဲ့များမှ သိုင်းဧည့်သည်များလည်း ရောက်ရှိလာကြသည်။

နဂါးခါးဂေဟာရှင်ကြီးတို့ သားအဖသည် ဂေဟာ၏ ပင်မဧည့်ကြိုဆောင်ထိပ်မှနေ၍ရောက်လာသမျှသောဧည့်သည်တော်များကို ခရီးဦးကြိုဆိုနေကြသည်။ ဧည့်ကြိုတာဝန်ခံများကလည်း ဧည့်သည်တော်များကို သင့်လျော်ရာ နေရာများတွင် အသီးသီး နေရာချထားပေးကြသည်။

ဧည့်ခံပွဲများကို နဂါးခါးဂေဟာ၏ ပင်မဧည့်ခန်းဆောင်ကြီးထဲတွင် ပြုလုပ်မည်ဖြစ်ပြီး ထိုဧည့်ခန်းဆောင်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ယာယီ ဧည့်ခန်းဆောင်ကြီးများကို



လည်း ဆောက်လုပ်ထားရာ ကြွရောက်လာသော ဧည့်ပရိသတ်များအတွက် နေရာထိုင်ခင်း လုံလောက်စွာ ရှိနေပေသည်။

နဂါးခါးဂေဟာ ပင်မဝင်ပေါက်ကြီးရှေ့သို့ မြင်းလှည်းတစ်စီး ဆိုက်ရောက်လာ၏။ ထိုမြင်းလှည်းဘေးတွင် မြင်းဖြူကြီးတစ်ကောင်ကို ဟန်ကျကျ စီးလာသော သက်လတ်ပိုင်းအရွယ် ယောကျ်ားကြီးတစ်ယောက် ပါလာသည်။

"ဟော...တူတော်မောင် ရန်ကျောက်ထိုင်း ရောက်လာပြီကိုး"

မြင်းဖြူကြီးစီးထားသူကို မြင်သောအခါ ဂေဟာရှင်ကြီးချန်လီဖြောင်က အားရဝမ်းသာ နှုတ်ဆက်စကားဆိုကာ ပင်မဝင်ပေါက်ရှိရာသို့ပင် လျှောက်လှမ်း၍လာသည်။ ချန်ထိုက်ကုန်းလည်း အတူလိုက်ပါလာသည်။

ရန်ကျောက်ထိုင်းက မြင်းဖြူကြီးပေါ်မှ အသာဆင်း၏။ ထိုအချိန်မှာပင် မြင်းလှည်းပေါ်မှ လှပရည်မွန်သော အမျိုးသမီးကြီးတစ်ယောက် ဆင်းလာ၏။ အမျိုးသမီးကြီးနောက်တွင် အသက်သုံးနှစ်အရွယ် ယောကျ်ားလေးတစ်ယောက်ကို အထိန်းတော်တစ်ယောက်က ချီပိုးလျက် ကပ်၍ပါလာသည်။

"ရန်ကျောက်ထိုင်း၊ ထူးပိန်ကျင်းနဲ့ သား ရန်ပိန်ကျွန်းတို့က ဦးရီးတော်တို့ကို ဂါရဝပြုပါတယ်"

ရန်ကျောက်ထိုင်းက ပြောဆိုကာ ဦးညွှတ်အရိုအသေပေးသည်။ သူ၏ဇနီး ထူးပိန်ကျင်းကလည်း ခင်ပွန်းသည်နှင့်အတူ ဂါရဝပြုသည်၊ သူတို့၏သား ရန်ပိန်ကျွန်းကို ချီပိုးထားသော အထိန်းတော်ကလည်း ဦးညွှတ်အရိုအသေပေးသည်။

"ကျွန်တော်ကလဲ အစ်ကိုတော်နဲ့ မရီးတော်တို့ကို ဂါရဝပြုပါတယ်"

ချန်ထိုက်ကုန်းက ရန်ကျောက်ထိုင်းတို့ ဇနီးမောင်နှံကို ပြန်လည်ဂါရဝပြုသည်။

ရန်ကျောက်ထိုင်းသည် 'ကြယ်တံခွန်ဂိုဏ်း'၏ ဂိုဏ်းချုပ်ဖြစ်သည်။ ဖခင်ကြီး ကွယ်လွန်သွား၍ ဂိုဏ်းချုပ်အရိုက်အရာဆက်ခံခဲ့သည်မှာ သိပ်တော့မကြာသေး၊ တစ်နှစ်သာသာမျှသာ ရှိပေသေးသည်။

နဂါးဓားဂေဟာနှင့် ကြယ်တံခွန်ဂိုဏ်းတို့သည် မျိုးရိုးစဉ်ဆက် ခင်မင်ရင်းနှီးခဲ့ကြသည့် မိတ်ဆွေရင်းချာတွေ ဖြစ်ကြသည်။ ချန်လိဖြောင်နှင့် ရန်ကျောက်ထိုင်း၏ ဖခင်ကြီးတို့မှာ သွေးသောက်ညီနောင်များ ဖြစ်ကြသည်။ ရန်ကျောက်ထိုင်းနှင့် ချန်ထိုက်ကုန်းတို့ နှစ်ယောက်မှာလည်း ငယ်စဉ်ကပင် သွေးသောက်ညီအစ်ကို ဖွဲ့ထားခဲ့ကြသည်။

ထို့ကြောင့် ကြယ်တံခွန်ဂိုဏ်း အခြေစိုက်ရာ အလယ်ပိုင်းဒေသ လို့ရန်မြို့မှ မြောက်ဘက်နယ်စပ်ဒေသရှိ ရှန်းယန်မြို့သို့ ခရီးဝေးလာခဲ့ရသော ရန်ကျောက်ထိုင်းတို့ မိသားစုကို ချန်လိဖြောင်တို့ သားအဖက ပင်မဧည့်ကြိုဆောင်ထိပ်မှသာမဟုတ်ဘဲ ဂေဟာဝင်ပေါက်အထိထွက်၍ ဝမ်းသာအားရ ကြိုဆိုကြခြင်းဖြစ်ပေသည်။

ချန်လိဖြောင်တို့ သားအဖက ရန်ကျောက်ထိုင်းတို့မိသားစုကို နဂါးဓားဂေဟာထဲသို့ ခေါ်ဆောင်လာခဲ့ကြသည်။



သူတို့လူစု ပင်မဧည့်ကြိုဆောင်ကို ဖြတ်ကျော်သွားမိကြချိန်တွင် အိမ်ဂေဟာ ပင်မဝင်ပေါက်ဘက်မှ စီစီညံညံ စကားသံများကို ကြားကြရလေသည်။

ထိုအသံများကြောင့် သူတို့လူစု ခြေလှမ်းတုံ့ရပ်သွားကြသည်။

"အလို....ဘာတွေဖြစ်နေကြတာလဲ"

ချန်လိဖြောင်က အံ့သြဟန်ဖြင့် ရေရွတ်လိုက်သည်။

မြောက်ဘက်နယ်စပ်ဒေသတလွှားတွင်နဂါးဓားဂေဟာ၏ ဟန်ဟိတ်သည် အတော်ကို ကြီးမားသည်။ သည်ဂေဟာ၏ ရှေ့တွင်လာ၍ ဆူဆူညံညံ လုပ်ဝံ့သူဟူ၍ တစ်ခါမျှ မပေါ်ပေါက်သေး။

"ကျွန်တော် သွားကြည့်ပါ့မယ် ဖေဖေ"

ချန်ထိုက်ကုန်းက ပြောသည်။

"ရတယ်....ငါကိုယ်တိုင်ပဲသွားကြည့်မယ်၊ မင်းက တူတော်မောင်တွေကို ဧည့်ခန်းဆောင်ကြီးထဲ အဖော်ပြု ခေါ်သွားလိုက်ပါ"

ချန်လိဖြောင်က ပြန်ပြောသည်။

"ကျွန်တော်တို့ ဒီနေရာကပဲ စောင့်နေပါ့မယ်"

ရန်ကျောက်ထိုင်းက ဝင်ပြောသည်။

"ကောင်းပြီလေ၊ ဒီမှာပဲ ခဏ စောင့်နေရစ်ကြပါ"

ချန်လိဖြောင်က ပြောပြောဆိုဆို ဂေဟာပင်မ ဝင်ပေါက်ရှိရာသို့ ခပ်သုတ်သုတ် ထွက်သွားသည်။

"အစ်ကိုတော်တို့ကို အားနာစရာတော့ ဖြစ်နေပြီ"

ချန်ထိုက်ကုန်းက ရန်ကျောက်ထိုင်းကို ပြောသည်။
"ရပါတယ် အချင်းချင်းတွေပဲ၊ ကိစ္စမရှိပါဘူး"
ရန်ကျောက်ထိုင်းက ခပ်ပြုံးပြုံးပြန်ပြောသည်။

*　　*　　*

နဂါးခါးဝေ ဟာ ပင်မဝင်ပေါက်ကြီးဆီသို့ ဂေဟာရှင်ကြီး ချန်လိဖြောင် ရောက်ရှိသွားသည်။

အသက်(၅၀)အရွယ်ခန့်၊ အဝတ်အစား တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားသော အမျိုးသမီးကြီး တစ်ယောက်သည် ပင်မဝင်ပေါက်ရှိ အစောင့် သိုင်းသမားများ ညှို့ကြိုဂေဟာဝန်ထမ်းများနှင့် စကားများ၍နေသည်ကိုတွေ့ရသည်။

အမျိုးသမီးကြီးက ဂေဟာထဲ ဝင်ရောက်မည်ပြုသည်ကို အစောင့်သိုင်းသမားများနှင့် ညှို့ကြိုဂေဟာ အမှုထမ်းများက တားဆီးရင်း အချင်းများနေကြခြင်း ဖြစ်သည်။

ချန်လိဖြောင် ရောက်လာသောအခါ စကားများနေမှုများ ရပ်သွားသည်။ အစောင့်သိုင်းသမားများနှင့် ဂေဟာအမှုထမ်းများ နောက်သို့ အသာဆုတ်ကာ ချန်လိဖြောင်ကို အရိုအသေပေးကြသည်။



"ဟော... ဂေဟာရှင်ကြီးကိုယ်တိုင် ထွက်လာပြီကိုး၊ ကောင်းပါတယ်၊ ကောင်းပါတယ်"

အသွားအိုက ချန်လိဖြောင်ကို မျက်လုံးပြူးကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ပြောသည်။

"ဘယ်သူများလဲလို့ လက်စသတ်တော့ တစ်ကိုယ်မယ် မုယောင်ဝါးကိုး"

ချန်လိဖြောင်က ပြောလိုက်သည်။

တစ်ကိုယ်မယ် မုယောင်ဝါးသည် အစွမ်းထက်မြက်သော အမျိုးသမီး သိုင်းပညာရှင်တစ်ယောက် ဖြစ်သည်။ စိတ်နေစိတ်ထားကတော့ အတော်လေးကို ထူးဆန်းသည်။ ပြောစရာရှိရင် ဘာကိုမှမထောက်ထား တစ်ဖက်လူ မခံမရပ်နိုင်ဖြစ်လောက်အောင် 'ပိဿာလေးနှင့် ဘေးပစ်' ဆိုသလို မဆင်မခြင် ပြောတတ်သည်။ စိတ်ထင်ရာကို တစ်ဇွတ်ထိုး လုပ်တတ်သည်။ အားနာမှုမရှိ။ သိုင်းလောက၏ ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း သိပ်ဂရုမစိုက်။

ချမ်းသာကြွယ်ဝသော အထက်တန်းစား သိုင်းမိသားစုမှ ပေါက်ဖွားလာသူ ဖြစ်သည်။ သို့သော် စိတ်ထင်ရာ တစ်ဇွတ်ထိုး ပြောဆိုလုပ်ဆောင်တတ်ကာ အနေအထိုင် အပြောအဆို မဆင်ခြင်မှုတို့က မိသားစုအသိုင်းအဝိုင်းက ဆွေခန်းမျိုးခန်း ဖြတ်ထားကြသည်။

မတရားမှုများမလုပ်တတ်သော်လည်း သူမကြောင့် အချင်းပွားမှုများ၊ ပြဿနာများဖြစ်ပေါ်တတ်သောကြောင့် လမ်းမှန်

လမ်းလှဲ့ သိုင်းသမားအများစုက မုယောင်ဝါးကို ဝေးဝေးက ရှောင်ကြသည်။

အပေါင်းအသင်းဟူ၍ မရှိလှဘဲ တစ်ယောက်တည်း သိုင်းလောကတွင် ကျင်လည် ကျက်စားနေခဲ့ရာ 'တစ်ကိုယ်မယ်မုယောင်ဝါး' ဟူပင် အမည်တွင်နေခဲ့ပေသည်။

မုယောင်ဝါး၏ အကျင့်ကောင်းတစ်ခုမှာ သူမနှင့်သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ အခက်အခဲ အန္တရာယ်ကြုံနေတာ မြင်တွေ့ရလျှင် ဝင်ရောက်ကူညီ ပေးတတ်ခြင်းဖြစ်သည်။ သို့သော် ထိုသို့ကူညီပေးခဲ့မှုကို အခွင့်ကြုံတိုင်း လူတကာကို ထုတ်ဖော်ပြောဆိုနေတတ်ပေရာ သူမ၏အကူအညီ ခံခဲ့ရသူတို့မှာ ကူညီပေးမှုနှင့်မကာမီအောင် မျက်နှာပူဖွယ်ရာ အဖြစ်တွေ့ကြုံရတတ်ပေသည်။

နဂါးစားဂေဟာ၏ လက်သင်သိုင်းသမားငယ်သုံးယောက် ခရီးထွက်ရင်း သိုင်းသမားဆိုး ဓားပြတစ်စုနှင့် ရင်ဆိုင်မိပြီး တိုက်ခိုက်ခဲ့ကြရာ အရေးရှုံးနိမ့်တော့မည့်ဆဲဆဲတွင် တစ်ကိုယ်မယ် မုယောင်ဝါးက ဝင်ရောက်ကူညီပေးခဲ့ဖူးသည်။ ဤကိစ္စအတွက် ဂေဟာရှင်ကြီး ချန်လိဖြောင်ကိုယ်တိုင် လူစွမ်းကောင်းစုံညီစားသောက်ပွဲ ဖိတ်ခေါ်ကျင်းပကာ မုယောင်ဝါးကို ကျေးဇူးတင်ဂုဏ်ပြုခဲ့သည်။

ထိုသို့ လူစွမ်းကောင်းစုံညီစားသောက်ပွဲ ပြုလုပ်ခဲ့ခြင်းမှာ မုယောင်ဝါး၏ ကူညီပေးမှုကို ကျေးဇူးတင်ဂုဏ်ပြုသည့်အပြင် မုယောင်ဝါးက မည်သို့မည်ပုံ ကူညီပေးခဲ့ပုံ အကြောင်း သိုင်းသမားအများ ရှင်းရှင်းလင်းလင်း သိထားစေလိုသည့်



ရည်ရွယ်ချက်လည်း ပါရှိသည်။ ထိုစားသောက်ပွဲတွင် ချန်လိဖြောင်က မိမိတို့ဂေဟာမှ လူငယ်သိုင်းသမားလေးသုံးယောက်ကို မုယောင်ဝါးက ကူညီပေးခဲ့ပုံ အကြောင်းများကို အသေးစိတ်ပင် ပြောဆိုအသိပေးခဲ့သည်။

တစ်ကိုယ်မယ်မုယောင်ဝါးကတော့ သူမ၏ ထုံးစံအတိုင်း နဂါးစားဂေဟာကို မိမိကူညီပေးခဲ့ဖူးကြောင်းကို မကြာခဏပင် ထုတ်ဖော် ပြောဆိုနေခဲ့သည်။

ယခုလည်း ပွဲကြီးလမ်းကြီးများ ကျင်းပပြုလုပ်တော့မည့် အချိန်တွင်မှ နဂါးစားဂေဟာသို့ တစ်ကိုယ်မယ်မုယောင်ဝါး ရောက်လာနေပြန်ချေပြီ။

"ဟုတ်တယ် ဟုတ်တယ်၊ ကျုပ် တစ်ကိုယ်မယ်မုယောင်ဝါးပဲ၊ ရှင်က ကိုယ့်ကျေးဇူးရှင်ကို မမေ့သေးပဲကိုး၊ ရှင့် တပည့်လက်သားတွေကတော့ ရှင့်လိုမဟုတ်ကြပါဘူး၊ သူတို့ကို ကူညီပေးခဲ့တဲ့ ကျေးဇူးကိုမှမထောက် ကျုပ်ကို ဂေဟာထဲ တောင်ဝင်ခွင့်မပေးဘဲ တားဆီးနေကြတယ်"

တစ်ကိုမယ်မုယောင်ဝါးက ရင်ခပ်ကော့ကော့ပြုကာ ဟန်ဟိတ်အပြည့်နှင့် ပြောသည်။

အကြောင်းတိုက်ဆိုင်စွာပင် မုယောင်ဝါး ကူညီပေးခဲ့ဖူးသော သိုင်းသမားသုံးယောက်အနက် တစ်ယောက်မှာ ယနေ့ပင်မဂိတ်ပေါက်တွင် စောင့်ကြပ်သည့် အစောင့် သိုင်းသမားများ၏ ခေါင်းဆောင်ဖြစ်နေသည်။

မုယောင်ဝါးသည် ချန်လိဖြောင်နှင့် စကားပြောရင်းမှ ထိုသိုင်းသမားထံ မဲ့ကာရွဲ့ကာနှင့် မေးငေါ့လိုက်လေသေး

သည်။ ထိုအစောင့်သိုင်းသမားခေါင်းဆောင်မှာ မသိဟန်ပြု၍ မျက်နှာလွှဲနေလိုက်ရသည်။

"အခု ကျုပ်ရဲ့အိမ်ဂေဟာမှာ ပွဲကြီးလမ်းကြီးတွေ လုပ်နေပါတယ်၊ ဒီပွဲလမ်းကို ဖိတ်ကြားစာရတဲ့ ဧည့်သည်တော်တွေမှ တက်ရောက်နိုင်တာမို့ ကျုပ်လူတွေက ခင်ဗျားကို တားဆီးကြတာပါ"

"ကျုပ်က နဂါးဓားဂေဟာကိုကူညီပေးထားတဲ့ ကျေးဇူးရှင်ပဲ ကျုပ်အတွက် ဖိတ်စာမလိုတူး ထင်တယ်"

ဝင်ခွင့်မပေးဘဲ တားဆီးထားလျှင်လည်း သူ့ကျေးဇူးရှိသည်ဟု တွေ့သမျှလူတွေကို ပြောကြားကာ ဂေဟာ အဝင်ပေါက်နား တစ်လည်လည် ဆက်လုပ်နေဦးမည် ဖြစ်ကြောင်း နားလည်သည့်အတွက် ချန်လီဖြောင်က အေးအေးဆေးဆေး ဖြစ်သွားစေရန် စိတ်ကူးကာ စီစဉ် လုပ်ပေးရလေတော့သည်။

"ကဲ....ဟော လောက်ကျိရေ၊ မင်းကို ကူညီပေးခဲ့ဖူးတဲ့ ဒီအမျိုးသမီးကို မင်းပဲ ဂေဟာထဲခေါ်သွားပြီး သေသေချာချာ စောင့်ကြည့်ဧည့်ဝတ်ပြုလိုက်ပါကွာ"

ချန်လီဖြောင်က အစောင့် သိုင်းသမား ခေါင်းဆောင် လောက်ကျိကို လှမ်းပြောသည်။ တစ်ကိုယ်မယ်မှုယောင်ဝါး ထင်ရာလျှောက်လုပ် ပြဿနာတွေမဖြစ်စေရန် အနီးကပ် စောင့်ကြည့် ထိန်းသိမ်းဖို့ရန်အတွက်ပါ လောက်ကျိကို တာဝန် ပေးလိုက်ခြင်းဖြစ်သည်။

"ကောင်းပါပြီ ဂေဟာရှင်ကြီး"

လောက်ကျိက ဦးညွတ်အမိန့်နာခံသည်။



"ကဲ....ကဲ ကြွပါ ကျေးဇူးရှင်ကြီးရယ်"

လောက်ကျိသည် တစ်ကိုယ်မယာမှုယောင်ဝါးကို ခပ်ငေါ့ငေါ့ပြောဆိုကာ အိမ်ဂေဟာထဲသို့ ဖိတ်ခေါ်သွားလေသည်။

* * *

ဧည့်ပရိသတ်များ စုံညီပြီ။

ပွဲလမ်းအခမ်းအနားများ ကျင်းပရန်လည်းအချိန်ကျရောက်လာပြီ။

ပထမဆုံး ဂေဟာရှင်ကြီး ချန်လီဖြောင်၏ ရွှေခွက်နှင့် လက်ဆေးသော အခမ်းအနားကို ပြုလုပ်သည်။ ခွန်လွန်ဂိုဏ်းချုပ်ကြီး၊ ရှောင်လင်ဂိုဏ်း၏ ကိုယ်စားလှယ်နှင့် ငူတန်ဂိုဏ်း၏ ကိုယ်စားလှယ်တို့က ဘေးမှရပ်ကြကာ ဝိုင်းဝန်းကူညီပေးကြသည်။

ချန်လီဖြောင်က မိမိသည် သိုင်းလောကမှ အနားယူတော့မည်ဖြစ်၍ နောက်နောင်တွင် သိုင်းလောက၏ ကိစ္စများတွင် မည်သို့မျှ ပါဝင်ပတ်သက်တော့မည် မဟုတ်ကြောင်းနှင့် မိမိအပေါ် မကျေနပ်ချက်များ ရှိနေလျှင်လည်း ကျေအေး ခွင့်လွှတ်လိုက်ကြရန် အတိအလင်းပြောဆိုသည်။

ထို့နောက် နဂါးဓားဂေဟာ၏ ဂေဟာရှင်ကြီးအဖြစ် ချန်ထိုက်ကုန်းကို လွှဲပြောင်းတာဝန်ပေးသည့် အခမ်းအနား

ကို ဆက်လက်ပြုလုပ်သည်။ နဂါးခေါင်းဂေဟာ၏ ဂေဟာအထိမ်းအမှတ်ဖြစ်သော ‘နဂါးခေါင်းမောက်’ ကို ချန်လီဖြောင်က ချန်ထိုက်ကုန်းလက်သို့ လွှဲပြောင်းပေးအပ်သည်။

ချန်ထိုက်ကုန်းက မတရားမှုများကို တိုက်ဖျက်ရေး၊ ပြည်ပရန်စွယ် ကာကွယ်တားဆီးရေးနှင့် အားနည်းသူများကိုကူညီစောင့်ရှောက်ပေးရေးတို့အတွက် နဂါးခေါင်းဂေဟာကို သိုင်းလောက၏ အစဉ်အလာ စည်းကမ်းများအတိုင်း ဦးစီးသွားမည်ဖြစ်ကြောင်း အဓိဋ္ဌာန်ပြု ပြောကြားသည်။

လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံပြီးနောက် ချန်မေလင်၏ တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာကို ပြုလုပ်သည်။

ဧည့်သည်တော်များက မွေးနေ့ဆုမွန်စကားများအသီးသီး ပြောကြားကြသည်။

ရန်ကျောက်ထိုင်း၏ အလှည့်သို့ ရောက်သောအခါတွင် မွေးနေ့ဆုမွန် စကားများနှင့်အတူ မိမိမှာ သားတစ်ယောက်ရှိကာ မိမိ၏ သွေးသောက် ညီတော်တွင်လည်း ချစ်စရာကောင်းသော သမီးငယ်လေး တစ်ယောက် မွေးဖွားခဲ့ရာ ထိုကလေးနှစ်ယောက် အရွယ်ရောက်လာလျှင် လက်ထပ်ထိမ်းမြန်းပေးလိုသည့်ဆန္ဒ ရှိပါကြောင်းပါ ထည့်သွင်းပြောကြားခဲ့သည်။

ချန်ထိုက်ကုန်းကလည်းဝမ်းမြောက်ဝမ်းသာလက်ခံကြောင်း ပြန်ကြားလေရာ ရန်ကျောက်ထိုင်း၏သား ရန်မိန်ကျန်းနှင့် ချန်ထိုက်ကုန်း၏သမီး ချန်မေလင်တို့ အရွယ်ရောက်လာလျှင် လက်ထပ်ထိမ်းမြား ပေးမည့်အကြောင်း ပရိသတ် စုံညီရှေ့



မှောက်တွင် အတိအလင်း ထုတ်ဖော်ကြေညာ အသိပေးလိုက်လေသည်။

ဤသို့ လက်ထပ်ထိမ်းမြားရန် နှစ်ဖက်မိဘများသဘောတူညီ စကားဆိုခဲ့မှု အထိမ်းအမှတ်အဖြစ် ရန်ကျောက်ထိုင်းက ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ် ပစ္စည်းတစ်ခု ဖြစ်သော ‘အဆိပ်ဖြေ မြစိမ်းကျောက်ဆွဲပြား’ ကိုချန်မေလင်အတွက်ပေးသည်။ ချန်ထိုက်ကုန်းကလည်း နဂါးခေါင်းဂေဟာ၏ ဘိုးဘွားစဉ်ဆက် ရတနာတစ်ခုဖြစ်သော ‘ရွှေစင်ခေါင်းပုံ’ ကို ရန်မိန်ကျန်းအတွက် ပြန်လည်ပေးအပ်သည်။

အဆိပ်ဖြေမြစိမ်းကျောက်ဆွဲပြားကိုချန်မေလင်၏လည်ပင်းတွင် ချက်ချင်းပင် ဆွဲပေးလိုက်သည်။ ရွှေစင်ခေါင်းပုံကိုမူ ရန်ကျောက်ထိုင်းက သား၏ကိုယ်စား ထိန်းသိမ်းပေးထားသည်။ ရန်မိန်ကျန်း သိုင်းပညာ စတင်လေ့ကျင့်သင်ကြားပေးသောနေ့တွင် ထိုခေါင်းပုံကို သား၏လက်သို့ ပေးအပ်ရမည်ဖြစ်သည်။

ထို့နောက်မှ စားသောက်ပွဲများ တည်ခင်းဧည့်ခံသည်။

သိုင်းလောက ဧည့်သည်များ၊ အရပ်သား ဧည့်သည်များ၊ မင်းမှုထမ်း ဧည့်သည်များ၊ ကုန်သည်ပွဲစား ဧည့်သည်များ၊ သူဌေးသူကြွယ် ဧည့်သည်များ စသည့် ဧည့်ပရိသတ်ပေါင်းစုံတို့သည် ကိုယ့်နီးစပ်ရာအစုများခွဲကာ အသီးသီးနေရာယူလျက် စားသောက်ကြသည်။

လူလောက၏ နယ်ပယ်စုံ၊ အရပ်ဒေသစုံတို့မှ လူပေါင်းစုံတို့ ရောက်ရှိစုဝေးနေကြသလိုဖြစ်ရာ မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် မိတ်ဆွေဟောင်း အချင်းချင်း ပြန်ဆုံရမှု၊ မတွေ့ရ

တော့ဟု ထင်နေရသူတို့နှင့် မထင်မှတ်ဘဲ လာတွေ့နေရမှု၊ သူငယ်ချင်း မိတ်ဆွေချင်း ပြန်ဆုံရမှု စသဖြင့် တကယ့် မိတ်အပေါင်းစုံသည့်ပွဲကြီးဖြစ်ကာ စား၍လည်း ကောင်း၊ သောက်၍လည်း ကောင်းနှင့် သောသောညံ၍ နေကြလေသည်။

အထူးသဖြင့် သိုင်းညှော်သည်များ၏ စားသောက်ဝိုင်းများဘက်မှ အဆူညံဆုံး အလှုပ်ရှားဆုံး ဖြစ်၍နေသည်။

နဂါးခေါင်းဂေဟာကလည်း လိုလေသေး မရှိရအောင် အထူးကို ညှော်ဝတ်ကျေပွန်နေသည်။ ဂေဟာစားဖိုဆောင်ထဲတွင် ဟင်းလျာများ ဆက်တိုက်ပင် ချက်ပြုတ်နေရသည်။ ညှော်ခံသူတို့မှာလည်း အရက်အိုးများ တစ်အိုးပြီးတစ်အိုး၊ ဟင်းလျာများ တစ်ပွဲပြီးတစ်ပွဲ ရေပ်မနားပင် သယ်ယူညှော်ခံနေရသည်။

နေ့လယ်စာ စားသောက်ပွဲအဖြစ် ပြုလုပ်ခဲ့သည့် စားပွဲသောက်ပွဲများသည် တစ်နေ့ခင်းလုံး စားသောက်ပျော်မြူးနေကြလျက် ညနေစောင်းတိုင်ရောက်ကာ ညစာ စားသောက်ပွဲအဖြစ်ပါ ဆက်၍သွားခဲ့လေသည်။

ဤကဲ့သို့ စိတ်ကြိုက် အားရပါးရ စားသောက်ပျော်မြူးရမှု၏ နိဂုံးတွင် ပြောမပြတတ်လောက်သော ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာမည်ဟု မည်သူကမျှ ထင်မထားကြပေ။

* * *

အန္တရာယ်မုန်တိုင်း၏ အစသည် ညနေခင်း နေဝင်စတွင် စတင်ပေါ်ပေါက်လာခဲ့သည်။



'ကျင်း'နိုင်ငံမှ စစ်သည် တပ်သားများသည် စစ်ကြောင်းသုံးကြောင်း ခွဲဖြန့်ကာ မြောက်ဘက်နယ်ခြားကို ကျော်ဖြတ်၍ ရှန်းယန်နယ်မြေထဲသို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်လာကြသည်။

'ကျင်း' စစ်သည်တို့၏ ပင်မတပ်ဖွဲ့ကြီးနှင့် မြောက်ဘက်နယ်ခြားဒေသတွင် တပ်စွဲစောင့်ကြပ်နေကြသော နယ်ခြားစောင့် တပ်မကြီးနှင့် ရင်ဆိုင်၍ အကြိတ်အနယ် တိုက်ခိုက်နေချိန်တွင် ဝဲယာတောင်ပံ စစ်ကြောင်းနှစ်ခုသည် နယ်ခြားစောင့်တပ်မ၏ အစွန်အဖျား ကင်းစခန်းများကို တိုက်ခိုက်ချေမှုန်းကာ ရှန်းယန်မြို့ဘက်ဆီသို့ ဦးတည်ကာ အပြင်းချီတက်သွားကြသည်။

မြောက်ဘက် နယ်ခြားစောင့် တပ်မကြီးမှာ အင်အားတောင့်တင်းပြီး ဒိုင်းတပ် ဓားတုတ်များဖြင့် အခိုင်အမာ တပ်စွဲထားသော်လည်း တပ်မှူးကြီး အပါအဝင် အရေးပါသော စစ်မှူးစစ်ကဲတို့သည် နဂါးခေါင်းဂေဟာ ညှော်ခံပွဲသို့ ရောက်ရှိနေကြလျက် တပ်စခန်းတွင် တပ်မှူးငယ်အချို့သာလျှင် ယာယီကွပ်ကဲရန် ကျန်နေရစ်ခဲ့ပေရာ စွဲရပ်ထားသည့်ဒိုင်းတပ်၊ ဓားတုတ်များမှ ရှပ်ရှပ်ချွံချွံ ခုခံတိုက်ခိုက်မှုကို ဖိဖိစီးစီး လုပ်ဆောင်နိုင်ကြသော်လည်း စစ်နည်းဗျူဟာ ပြောင်းလဲ၊ စစ်ကစား တိုက်ခိုက်မှု စစ်ဆင်မှုမျိုးကိုတော့ ထိုတပ်မှူးငယ်တို့ မလုပ်ဆောင်နိုင်ကြပါ။

ထို့ကြောင့် နယ်ခြားစောင့် တပ်မကြီး၏ အခိုင်အမာစခန်းရှိ အစွမ်းထက်ကင်းစခန်းများကို တိုက်ခိုက်ထိုးဖောက်

သွားသော ရန်သူ့တောင်ပံ စစ်ကြောင်းနှစ်ခုကို ထိထိရောက်ရောက် လိုက်လံတိုက်ခိုက်ခြင်း မပြုနိုင်ကြ။

ရင်ဆိုင်နေရသည့် ရန်သူ့ပင်မတပ်ဖွဲ့ကြီးကိုသာ ရှေ့ဆက်မတိုးရအောင် ခုခံတားဆီး တိုက်ခိုက်နေကြသည်။

တောင်ပံဖြန့်ကာ အပြင်း ချီတက်သွားကြသော ကျင်းတပ်ဖွဲ့ စစ်ကြောင်းနှစ်ခုသည် နေဝင်မိုးချုပ်ချိန်လောက်တွင် ရှန်းယန်မြို့သို့ ရောက်ကြသည်။ စစ်ကြောင်း နှစ်ကြောင်း ပူးပေါင်းမိပြီးနောက် စစ်ဗျူဟာခင်း နေရာယူကာ ရှန်းယန်မြို့ကို စီးနင်းတိုက်ခိုက်ကြသည်။

ရှန်းယန် မြို့စောင့်တပ်မှာလည်း နဂါးခါးဂေဟာညွှန့်ခံပွဲကြီး၏ အရှိန်ကြောင့် ခပ်ပေါ့ပေါ့ဆဆ ဖြစ်နေချိန်မို့ ကျင်းစစ်သည်တို့ အလစ်အငိုက် ရလိုက်ကြသည်။ မြို့ထဲသို့ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြသည်။

ထို့နောက်တွင်တော့ ရှန်းယန်တစ်မြို့လုံး ဖွတ်ဖွတ်ကြေသွားစေခဲ့သောမြို့တွင်း တိုက်ခိုက်မှုများ၊ မီးရှို့မှုများ၊ လုယက်မှုများ၊ သတ်ဖြတ်မှုများသည် ကြောက်ခမန်းလိလိပင် ဖြစ်ပွားခဲ့လေတော့သည်

အပြင်းထန် အကြမ်းတမ်းဆုံးနှင့် အရက်စက် အကြမ်းကြုတ်ဆုံးသော တိုက်ခိုက်သတ်ဖြတ်မှုများသည် နဂါးခါးဂေ ဟာဝန်းကျင်တွင် ဖြစ်ပွားခဲ့လေသည်။

ကျင်းစစ်သည်များနဂါးခါးဂေဟာထဲသို့ တရကြမ်း ထိုးဖောက်ဝင်ရောက်လာတော့မှပင် ဂေဟာရှိညွှန့်သည်အပေါင်းမှာ ရန်သူများ ဟနီးကပ်ရောက်လာကြောင်း သိကြရလေ၏။



ညွှန့်သည်များအပါအဝင် နဂါးခါးဂေဟာရှိလူအပေါင်းတို့သည် ကျင်းစစ်သည်များကို စွမ်းစွမ်းတမံ ခုခံတိုက်ခိုက်ကြသည်။ နဂါးခါးဂေဟာတွင် ရှိနေသူများထဲ၌ စစ်ရေးစစ်ရာ ကျွမ်းကျင်သော စစ်မှူးစစ်ကဲများ၊ အစီအမံ အကွပ်အကဲကောင်းသော မင်းမှုထမ်းအရာရှိကြီးများ၊ တိုက်ရေးခိုက်ရေးထက်မြက်သော သိုင်းသမားလူစွမ်းကောင်းများ အများအပြား ရှိကြသည်။

သို့သော် သူတို့အားလုံး အသောက်မြိန် အစားမြိန်ကာ ယစ်မူးနေကြလေရာ စနစ်တကျ စုစုစည်းစည်း တိုက်ခိုက်မှုမျိုး ဘယ်လိုမှလုပ်၍ မရ။

မိမိတို့ အစွမ်းရှိသလောက်သာ ရန်သူကို အသေအကျေတိုက်ခိုက်နေမှုမျိုးသာ ဖြစ်နေသည်။

ကျန်စစ်သည်များကတော့ စုစုစည်းစည်းနှင့် အင်အားခွဲဖြန့်နေရာယူကာ စစ်ဆင်စစ်တက် စစ်နည်းပရိယာယ် ပြည့်ဝကျွမ်းကျင်စွာ တိုက်ခိုက်ကြသည်။

ပရမ်းပတာ ကိုယ်စွမ်းကိုယ်စများဖြင့်သာ တစ်ဦးချင်းတိုက်ခိုက်ခုခံနေမှုသည် စနစ်ကျနစွာ စစ်ဆင်တိုက်ခိုက်မှုကို မခုခံမတားဆီးနိုင်ပါ။ သို့စဉ်တိုင် ကျင်းတပ်ဖွဲ့များသည် အကျအဆုံး အထိအခိုက် အတော်ကိုခံ၍ သဲသဲမဲမဲ တိုက်ခိုက်ကြမှသာ အနိုင်ရခဲ့ကြလေသည်။

တိုက်ခိုက်မှုများ အတွင်း နဂါးခါးဂေဟာကြီးတစ်ခုလုံး မီးလောင်ပျက်စီးသွားခဲ့သည်။ ဂေဟာရှင်ဟောင်း ချန်လီဖြောင် ဂေဟာရှင်အသစ်အဖြစ် လွှဲပြောင်းဆက်ခံကာစ ချန်

ထိုက်ကုန်းအပါအဝင် နဂါးခေါင်းဂေဟာ မိသားစုဝင် အများအပြား၊ ဂေဟာအမှုထမ်း အခြောက်အခြား သေဆုံးကြသည်။ ဧည့်သည်များတွင်လည်း အထိအခိုက်အကျဆုံး အလွန်များပြားခဲ့သည်။

ရန်ကျော်ထိုင်းတို့ ဇနီးမောင်နှံနှစ်ယောက်လုံး အပြင်းအထန် ဒဏ်ရာရကြသည်။ သို့သော် ဘေးလွတ်ရာသို့အရောက် ရောင်တိမ်းထွက်လာနိုင်ခဲ့ကြသည်။ သူတို့၏သား ရန်မိန်ကျန်းလည်း အနည်းငယ် ဒဏ်ရာရခဲ့သည်။

ချန်မေလင်ကိုမူ သူမ၏မိခင် ယိလုဝမ်းက ပွေ့ချီကာ ထွက်ပြေးသွားသည်ကိုသာ ရန်ကျော်ထိုင်း တွေ့မြင်ခဲ့ရသည်။ သေသည်ရှင်သည်ကိုတော့ ဘာမျှမသိရ။

ဤတိုက်ပွဲကြီးတွင် ပြောစမှတ်ပြုလောက်အောင် စွမ်းဆောင်နိုင်ခဲ့သူမှာ နယ်ခြားစောင့် တပ်မကြီး၏တပ်မှူးကြီး ပိုင်ကျင့် ဖြစ်သည်။

တပ်မှူးကြီးပိုင်ကျင့်သည် လက်စွဲကိုယ်ရံတော် အချို့နှင့်အတူ နဂါးဂေဟာမှ အလွတ်ရုန်းထွက်ကာ နယ်ခြားစောင့် တပ်မစခန်းဆီသို့ အမြန်ဆုံး ပြန်သွားခဲ့သည်။ အရက်သောက်များသွားကာ အတော်ပင် မူးယစ်နေလျက် ထိခိုက်ဒဏ်ရာလည်း ရထားသည့်ကြားမှပင် မိမိတပ်ဖွဲ့များကို ကွပ်ကဲကာ ကျင်းစစ်သည်တို့၏ အဓိက တပ်မစစ်ကြောင်းကြီးကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။

ကျင်းတို့၏ အဓိက တပ်မစစ်ကြောင်းကြီးပြိုကွဲကာ ဖရိုဖရဲ ဆုတ်ခွာသွားသောအခါ တပ်ဖွဲ့များကို အမြန်ပြန်လည်



စုစည်းကာ စစ်ကြောင်းများ စနစ်တကျစုဖွဲ့၍ ရှန်းယန်မြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်စေသည်။

ရန်သူ့ဝဲယာစစ်ကြောင်းတို့မှ တပ်မှူးနှင့်စစ်သည်တို့သည် မိမိတို့၏ အဓိကတပ်ဖွဲ့ ပင်မစစ်ကြောင်းကြီး အချေမှုန်းခံလိုက်ရသည်ကို မသိကြ။ မိမိတို့ အကြီးအကျယ် အောင်ပွဲရသည်ဟု သွေးကြွမာန်ရစ်ကာ ရှန်းယန်မြို့ထဲတွင် လုယက်တိုက်ခိုက်ဖျက်ဆီးမှုများကိုသာ လူခွဲဖြန့်လုပ်ဆောင်နေကြလေရာ တန်ပြန်တိုက်စစ်ဆင်လာသော တပ်မှူးကြီးပိုင်ကျင့်၏ တပ်ဖွဲ့ စစ်ကြောင်းများကို ထိထိမိမိ မခုခံနိုင်ကြ။

ဖရိုဖရဲ ပြိုကွဲကာ တပ်ပျက် ထွက်ပြေးကုန်ကြသည်။

ရှန်းယန်မြို့ကို ပြန်လည်သိမ်းပိုက်ရန် စစ်ဆင်တိုက်ခိုက်သည့် တိုက်ပွဲတွင် တပ်မှူးကြီးပိုင်ကျင့်လည်း ကျဆုံးသွားခဲ့ရပေသည်။

★

## အခန်း ( ၂ )

နဂါးဓားဂေဟာ မီးလောင်ပျက်စီးခဲ့ရသည့် ရှန်းယန်မြို့ တိုက်ပွဲကြီး ဖြစ်ပွားခဲ့ပြီးနောက် (၂)နှစ်အကြာ....

နွေဦးရာသီ၏ တစ်ခုသောနံနက်ခင်းတွင် လို့ရန်မြို့ ကြယ်တံခွန်ဂိုဏ်းဌာနချုပ်သို့ 'သိုင်းတေလေငါးဖော်'တို့ ရောက်ရှိလာကြသည်။

သိုင်းတေလေငါးဖော်တို့သည် သိုင်းလောက၏ ထူးခြားဆန်းပြားသော သူများ ဖြစ်ကြသည်။ စိတ်နေ စိတ်ထားရိုးဖြောင့်သည်။ မတရားမှုကို မုန်းတီးသည်။ ဖြောင့်ဖြောင့်မှန်မှန် ပြောဆိုလုပ်ကိုင်သည်။ တစ်ယောက်ချင်းစီတွင် ထူးချွန်ထက်မြက်သော သိုင်းပညာများ ရှိကြသည်။ လွတ်လွတ်လပ်လပ် ပြောဆိုနေထိုင်မှုကို အထူးပင်နှစ်သက်ကြသည်။ ခရီး လှည့်လည်သွားလာရသည်ကို အထူး ခုံမင်သည်။

သိုင်းတေလေငါးဖော်တို့တွင် နေအိမ် အတည်တကျဟူ၍ပင် မရှိကြတော့ပါ။ ခြေဦးတည့်ရာ သွားလာလျက် ကြုံရာနေ



ဖြစ်သလို စားသောက်ကြသည်။ ရောက်လေရာအရပ်များတွင် မတရားအမှုများကို တိုက်ဖျက်ကာ သိုင်းသမားဆိုးမျိုးနှင့် လူဆိုးဓားပြများကို နှိမ်နင်းပေးသောကြောင့် သိုင်းလောကတွင် လူချစ်လူခင်လည်း ပေါများသည်။

သိုင်းတေလေငါးဖော်တို့ကသာ နေမည်ဆိုလျှင် အိမ်ကြီးအိမ်ကောင်းတွင် တင်ထားလျက် အစစအရာရာ ပြည့်စုံအောင် ဖြည့်ဆည်း ပံ့ပိုးမည့်လူတွေ အများပင်ရှိသည်။

သို့သော် သိုင်းတေလေတို့ကတော့ အခြေတကျ နေကြဖို့ စိတ်မကူး။ ငါးယောက်သား စိတ်တူကိုယ်တူ ဒေသအနှံ့၊ နယ်ပယ်အနှံ့ ခြေဆန့် သွားလာ၍သာ နေထိုင်ကြသည်။

သိုင်းတေလေ ငါးဖော်တို့သည် တစ်ဂိုဏ်းတည်းသားတွေ မဟုတ်ကြသလို သက်တူရွယ်တူငယ်ပေါင်းကြီးဖော်တွေလည်း မဟုတ်ကြ။ ဇာတိမြေချင်းလည်း မတူကြ။ တစ်နယ်တစ်ရပ်စီရှိ သိုင်းဂိုဏ်းမျိုးစုံတို့မှ လူများဖြစ်ကြသည်။

စိတ်လွတ်လွတ်လပ်လပ်နှင့် မြို့ရွာနယ်ပယ် အရပ်ဒေသမျိုးစုံကို ခရီးလှည့် သွားလာနေထိုင်မှုကို လိုလား နှစ်သက်သော စရိုက်ဝါသနာချင်းတူညီမှုကို အခြေပြု၍ မိတ်ဆွေဖြစ်ခဲ့ကြကာ အတူတကွသွားလာလှုပ်ရှား နေထိုင်နေခဲ့ကြရာမှ နောက်ဆုံး သွေးသောက်ညီနောင်များ ဖွဲ့ဖြစ်ကြလျက် သိုင်းလောကတွင် 'သိုင်းတေလေငါးဖော်'ဟု နာမည်ရလာကြခြင်း ဖြစ်သည်။

သိုင်းတေလေဝါးဖော်တို့တွင် အမျိုးသား သုံးယောက်နှင့် အမျိုးသမီးနှစ်ယောက် ပါဝင်သည်။ သွေးသောက်ညီနောင် မောင်နှမများဖွဲ့ကြရာတွင် အသက်အရွယ်အကြီးဆုံး သိုင်းပညာ အစွမ်းအထက်ဆုံးနှင့် သိုင်းလောက အတွေ့အကြုံဆုံး ဖြစ်သော 'လင်းနို့မျက်လုံးရန်ကျောက်ယု'ကို အစ်ကိုကြီးအရာတွင် တညီတညွတ်တည်း အသိအမှတ်ပြု ထားရှိခဲ့ကြသည်။

ဝါစဉ်သတ်မှတ်ထားမှုမှာ သိုင်းတေလေ(၂)ရွှေမင်းသမီး လုကျင်း၊ သိုင်းတေလေ(၃)ငှက်ဘုရင်ထန်းမောက်စူး၊ သိုင်းတေလေ(၄)ကြယ်ပျံ ကန်လီခက်စမ်းနှင့် သိုင်းတေလေ(၅) လိပ်ပြာမယ်ချမ်ဖုန်းအင်းတို့ဖြစ်ကြသည်။

သိုင်းတေလေဝါးဖော်တို့၏ အစ်ကိုအကြီးဆုံး လင်းနို့မျက်လုံး ရန်ကျောက်ယုသည် မူလက ကြယ်တံခွန်ဂိုဏ်း၏ အကျော်အမော်သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။လက်ရှိ ဂိုဏ်းချုပ် ရန်ကျောက်ထိုင်း ဦးလေးအရင်းဖြစ်သည်။ သိုင်းပညာ မျိုးဆက်အရရော၊ သွေးသားမျိုးဆက်အရပါ တူဝရီး တော်စပ်သည်။

ရန်ကျောက်ယုသည် နေရာအနှံ့ လှည့်လည်သွားလာကာ လွတ်လွတ်လပ်လပ် စိတ်ကြိုက် နေထိုင်ရခြင်းကို အထူးပင် နှစ်သက်ခုံမင်လှပေရာ ကြယ်တံခွန်ဂိုဏ်း၏ ဂိုဏ်းချုပ် အရိုက်အရာကို ဆက်ခံနိုင်သည့် အရည်အချင်းနှင့် အခြေအနေရှိပါလျက် ဂိုဏ်းဌာနချုပ်စခန်းတွင် ခြေငြိမ်ငြိမ်မနေထိုင်ဘဲ သိုင်းလောကတွင် လေလွင့်ကျက်စားနေခဲ့သည်။



ကြယ်တံခွန်ဂိုဏ်းကတော့ ရန်ကျောက်ယုကို မိမိတို့၏ မိသားစုဝင်သိုင်းအကျော်အမော်တစ်ယောက်အဖြစ်ဆက်လက်၍ သတ်မှတ်ထားသည်။ ရန်ကျောက်ယုကလည်း ကြယ်တံခွန်ဂိုဏ်းနှင့် လုံးလုံးလျားလျားအဆက်ဖြတ်မထား။ ခရီးကြုံလျှင် ကြုံသလို လာရောက်လည်ပတ်တတ်သည်။ ကြယ်တံခွန်ဂိုဏ်းအတွက် ဆောင်ရွက်ပေးစရာ ရှိသည်များကိုလည်း အဝေးမှနေ၍ သင့်လျော်သလို လုပ်ဆောင်ပေးတတ်သည်။

ယခုလည်း မိမိအလည်အပတ် မရောက်ခဲ့သည်မှာ သုံးနှစ်ကျော် လေးနှစ်နီးပါးရှိနေသော ကြယ်တံခွန်ဂိုဏ်းသို့ အလယ်ပိုင်းဒေသဘက် ခြေဦးလှည့်လာကြခိုက် ခရီးသွားဟန်လွှဲသဘောမျိုးဖြင့် ရန်ကျောက်ယုက ဝင်ခဲ့ရာတွင် ကျန် သိုင်းတေလေများလည်း အတူပါလာခဲ့ကြခြင်းဖြစ်မေသည်။

ကြယ်တံခွန်ဂိုဏ်းချုပ် ရန်ကျောက်ထိုင်းသည် ဇနီးသည် ထူးပိန်ကျင်း၊ သား ရန်မိန်ကျန်းတို့နှင့်အတူ ရန်ကျောက်ယုတို့ လူစုကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုသည်။

"ဟာ....ဦးရီးတော်၊ ဘယ်လေတိုက်ပြီး ကျွန်တော်တို့ဆီ ရောက်လာတာလဲ၊ ပေါ်မလာတာ သုံးလေး နှစ်လောက်တောင် ရှိသွားပြီနော်"

ရန်ကျောက်ထိုင်းက နှုတ်ဆက်စကားဆိုသည်။ထူးပိန်ကျင်းနှင့် ရန်မိန်ကျန်းတို့ကလည်း ဂါရဝပြုကြသည်။

"ရပါတယ် ရပါတယ်၊ ငါ့ကို ဒီလောက် အရိုအသေတွေ လုပ်နေစရာ မလိုပါဘူး၊ မင်းကြည့်ရတာ ကျန်းမာရွှင်လန်းပုံ မရပါလား၊ ဘယ်လိုဖြစ်နေတာလဲ"

ရန်ကျော်ထိုင်းကိုအကဲခတ်ကြည့်ရင်း ရန်ကျော်ယုက မေးသည်။

"နဂါးခေါင်းဂေဟာပျက်စီးသွားရတဲ့ တိုက်ခိုက်မှုမှာ ကျွန်တော်ရော ဦးရိုးတော်ရဲ့တူမပါ ဒဏ်ရာရခဲ့ကြတယ်လေ"

"အင်း....ရှန်းယန်မြို့တိုက်ပွဲကြီးအကြောင်း ငါတို့တစ်တွေ အရှေ့ဘက်ပင်လယ်ထဲ ခရီးထွက်ကြဖို့ လုပ်နေတုန်းမှာ ကြားလိုက်မိပါတယ်၊ ငါတို့ရဲ့ ပင်လယ်ခရီးကတော့ လေမုန်တိုင်းမိတာတွေ၊ သင်္ဘောပျက်တာတွေမျိုးစုံနဲ့ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးလောက်ကိုကြာသွားခဲ့တယ်၊ မင်းတို့လင်မယားရဲ့ ဒဏ်ရာအခြေအနေ ဘယ်လိုနေသေးလဲ"

"အတော်ခွတော့ သက်သာသွားပါပြီ၊ ဦးရိုးတော်တို့ အန္တရာယ်ကင်းကင်းနဲ့ ပင်လယ်ခရီးက ပြန်လာနိုင်ကြတယ် မဟုတ်လား"

"အေး....ငါတို့တစ်တွေက ခရီးသွားရင်း သေနိုင်မယ့် လူတွေမဟုတ်တော့ ပင်လယ်ထဲမှာ အန္တရာယ်ဆိုး အမျိုးမျိုး ကြုံခဲ့ရတာတောင် ဘာမှမဖြစ်ကြဘူးကွ၊ မင်း မြင်တဲ့အတိုင်း အားလုံး ဒေါင်ဒေါင်မြည်ပဲ"

"ဦးရိုးတော် ရောက်လာတာ အတော်ပဲ၊ ဦးရိုးတော်ကို တိုင်ပင်အကူအညီတောင်းစရာရှိတယ်"



"ပြောလေကွာ"

"ဦးရိုးတော်တို့ အနားယူပါဦး၊ ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

"အေးအေးဆေးဆေးမှ ပြောမယ်တွေဘာတွေလုပ်မနေနဲ့၊ ဒီမှာကျော်ထိုင်း ငါတို့တစ်တွေအကြောင်း မင်းလဲ အသိသားပဲ၊ စိတ်ကူးပေါ်လာရင် ကောက်ပြီးထွက်သွားချင် ထွက်သွားမှာ၊ အဲဒီတော့မှ မင်းပြောစရာရှိတာတွေ မပြောလိုက်ရပဲ ဖြစ်ကျန်နေခဲ့မယ်၊ ပြောမယ်ဆိုရင် အခုပဲပြော"

ရန်ကျော်ထိုင်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

"ဟုတ်ကဲ့၊ ဦးရိုးတော်ကို စာကြည့်ဆောင်ထဲကြွဖို့ ဖိတ်ခေါ်ပါရစေ"

ရန်ကျော်ယု မျက်မှောင်တစ်ချက်ကြုတ်သွားသည်။ ထို့နောက် တဟားဟားရယ်မောလိုက်ကာ....

"မင်းကငါ့ကို လျှို့ဝှက်စကားတွေ နှစ်ယောက်ချင်း ပြောချင်တာကိုး၊ ရပါတယ်လေ၊ လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် မင်းပြောတာတွေကို ငါကလျှို့ဝှက်ထားချင်မှထားမှာ၊ ငါ့ညီတွေ ညီမတွေကို ပြန်ပြောချင်လဲပြောလိုက်မှာနော်"

ရန်ကျော်ထိုင်းက ဘာမျှမပြောတော့။ ရန်ကျော်ယုကိုသာ စာကြည့်ဆောင်သို့ ဖိတ်ခေါ်၍သွားသည်။

ကျန်နေခဲ့သောသိုင်းသမား (၄)ယောက်တို့အား ထူးပိန်ကျင်းကပင် ဧည့်ခံစကားပြောကျန်နေခဲ့လေသည်။

* * *

စာကြည့်ဆောင်ထဲသို့ ရန်ကျောက်ယုနှင့်ရန်ကျောက်ထိုင်းတို့ တူဝရီးနှစ်ယောက် ရောက်ရှိလာကြသည်။ ထိုင်ခုံကိုယ်စီယူကာ မျက်နှာချင်းဆိုင်ထိုင်ကြသည်။

"ဖေဖေကွယ်လွန်သွားပြီးတဲ့နောက် ကျွန်တော်တို့ ကြယ်တံခွန်ဂိုဏ်းမှာ သက်ကြီးဝါကြီး သမ္မာရင့်သိုင်းသမားကြီးဆိုလို့ ဦးရီးတော်ပဲရှိနေပါတော့တယ်"

ရန်ကျောက်ထိုင်းက စကားစသည်။

"အေးပါ...အေးပါ ဒါကို ငါမငြင်းပါဘူး၊ မင်း ပြောစရာရှိတာကို ပြောစမ်းပါ"

"အခုဆိုရင် ကျွန်တော့်သား ရန်မိန်ကျန်းလဲ ငါးနှစ်ပြည့်သွားပါပြီ၊ သူ့ကို ဦးရီးတော်က သိုင်းပညာ သင်ပေးဖို့ တောင်းပန်ပါရစေ"

ရန်ကျောက်ထိုင်းသည် ထိုင်နေသော ထိုင်ခုံမှအောတ်ဆင်းကာ စာကြည့်ဆောင် ကြမ်းပြင်တွင် ဒူးခထောက်ညွှတ်လိုက်သည်။

"ဟာ....မင်းကလဲ မဟုတ်တာတွေ လုပ်နေပြီ၊ ကြယ်တံခွန်ဂိုဏ်းမှာ ဂိုဏ်းချုပ်လုပ်နေတဲ့ မင်းတစ်ယောက်လုံး ရှိနေတာပဲကွ၊ မင်းရဲ့သား မိန်ကျန်းကို မင်းကိုယ်တိုင် သိုင်းပညာသင်ပေးလိုက်ပေါ့၊ ငါ့ကိုများ တကူးတက အကူအညီတောင်းနေစရာ လိုလို့လား"

ရန်ကျောက်ယုက ခေါင်းခါ လည်ခါခါနှင့် ပြန်ပြော၏။



"ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ် ဦးရီးတော်၊ နဂါးမြားဂေဟာ တိုက်ခိုက်မှုကြီးမှာ ရခဲ့တဲ့ ကျွန်တော့်ရဲ့ ဒဏ်ရာက အတော်ကြီးကို ပြင်းထန်ပါတယ်၊ အဓိက သွေးကြောကွက် ငါးကွက်ကို ထိခိုက်သွားတာ၊ အခု ဒဏ်ရာတွေ အတော် သက်သာနေတယ်ဆိုပေမယ့် အဲဒီ အဓိကသွေးကြောကွက် ငါးကွက်မှာတော့ အတွင်းဒဏ်ကို ဖြစ်ကျန်နေတာ၊ သိုင်းကွက် သိုင်းဟန် လှုပ်ရှားမှုတွေကို ဖိဖိစီးစီး စိတ်ပါလက်ပါ လုပ်လို့မရဘူး၊အတွင်းအားကိုလဲ သုံးချင်သလောက် မသုံးနိုင်တော့ဘူး"

"ဟုတ်ရဲ့လား ကျောက်ထိုင်းရာ"

ရန်ကျောက်ယုက တူဖြစ်သူ၏ မျက်နှာကို စူးစိုက်ကြည့်ပြီး မေး၏။ ရန်ကျောက်ထိုင်း၏ မျက်ခုံးနှစ်ခုအကြားဟွင် အမည်းရိပ်လေး သမ်းနေသယောင်ရှိသည်ကို သတိပြုမိသွားသည်။

"ကျွန်တော်ပြောတာ ဟုတ်မဟုတ် ဦးရီးတော် စမ်းသပ်ကြည့်နိုင်ပါတယ်၊ ကျွန်တော် အမှန်အတိုင်း ပြောတာပါ"

ရန်ကျောက်ယု သက်ပြင်းကြီးတစ်ချက်ချသည်။

"ကျွန်တဲ့ ကြယ်တံခွန်ဂိုဏ်းသားတွေထဲမှာလဲ နေလကြယ်တံခွန် သိုင်းပညာ တတ်မြောက်တဲ့လူ တစ်ယောက်မှမရှိဘူး၊ နေကြယ်တံခွန်နဲ့ လကြယ်တံခွန် သိုင်းပညာတတ်တဲ့လူတောင် တစ်ယောက်စီလောက်ပဲရှိတာ၊ ဦးရီးတော်ကသာ ကျွန်တော့်သားကို သင်မပေးဘူးဆိုရင် ကြယ်တံခွန်သိုင်း မျိုးဆက်

ပျောက်ပျက်သွားဖို့ပဲ ရှိတော့တယ်၊ ကြယ်တံခွန်သိုင်းပညာကို စ·လယ်-ဆုံး ပြည့်စုံကုံလုံအောင် တတ်မြောက်တဲ့ မျိုးဆက် မရှိ၊ အမွေခံ မရှိနိုင်တော့ဘူး"

"တယ်ခက်တာပဲကိုး၊ ကောင်းပြီလေ....ငါတစ်ခုတောင်းဆိုမယ်၊ အဲဒီတောင်းဆိုချက်အတိုင်း လုပ်နိုင်မယ်ဆိုရင် မင်းသား မိန်ကျွန်းကို ငါ ကြယ်တံခွန်သိုင်းပညာ အပြည့်အဝ တတ်မြောက်အောင် သင်ပေးမယ်"

"ဦးရီးတော် တောင်းဆိုချင်တာကို ပြောပါ၊ ကျွန်တော် လိုက်လျောလုပ်ဆောင်ပေးပါ့မယ်"

"လိုက်လျောလုပ်ဆောင်ပေးမယ်လို့ အပြောမစောနဲ့ဦး၊ ငါပြောမယ့်စကားတွေကို အရင်နားထောင်၊ သေသေချာချာ စဉ်းစားပြီးမှ ပြန်ပြော...."

"ဟုတ်ကဲ့ ဦးရီးတော်၊ ပြောစရာရှိတာ ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

"မိန်ကျွန်းကို ငါနဲ့အတူထည့်လိုက်နိုင်မလား"

"ဦးရီးတော်က သူ့ကို ဘယ်ခေါ်သွားမလို့လဲ"

"ငါတို့ သွားလေရာကိုပေါ့ကွာ၊ အတိအကျတော့ ဘယ် ပြောလို့ရမလဲ"

ရန်ကျောက်ထိုင်း အတော်လေး စိတ်ပျက်သွားသည်။

ရန်ကျောက်ယုသည် နေရာအတည်တကျ မနေလိုဘဲ အရပ်တကာ လှည့်လည် သွားလာနေချင်သော စရိုက်ဝါသနာရှိကြောင်း ရန်ကျောက်ထိုင်းသိသည်။ရန်မိန်ကျွန်းကို သိုင်းပညာ



သင်ပေးရန်အတွက် ကြယ်တံခွန်ဂိုဏ်းတွင် ရန်ကျောက်ယုကို တစ်နှစ်တန်သည် နှစ်နှစ်တန်သည် နေထိုင်ရန်ပြောမည်ဟု စိတ်ကူးရှိသည်။ ထိုသို့မျှမဟုတ်ရင်လည်း ခြောက်လတစ်ခေါက်၊ တစ်နှစ်တစ်ခေါက်လောက်ဆိုသလို ကြယ်တံခွန်ဂိုဏ်းတွင် သုံးလေးလမျှ လာရောက်နေထိုင်စေလိုသည်။

ယခု ရန်ကျောက်ယုက ရန်မိန်ကျွန်းကို သူသွားလေရာရာ အတူခေါ်သွားပြီး သိုင်းပညာသင်ပေးမည်ဟု တောင်းဆိုလာရာ ရန်ကျောက်ထိုင်း အဆုံးအဖြတ်ရခက်နေသည်။

"မင်းက ငါ့ကို ကြယ်တံခွန်ဂိုဏ်းမှာနေပြီး သိုင်းပညာ သင်ပေးစေချင်တယ်ဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမယ့် အဲဒီလိုနေဖို့က ငါ့အတွက် လုံးဝကိုမဖြစ်နိုင်ဘူး၊ ဒါကြောင့် မိန်ကျွန်းကို ငါနဲ့အတူခေါ်သွားခွင့်ပေးဖို့ တောင်းဆိုတာပဲ၊ ကဲ....မင်းစဉ်းစားဆုံးဖြတ်ပေတော့"

"ကျွန်တော် သူ့အမေနဲ့ တိုင်ပင်ပါရစေ"

"အင်း....တိုင်ပင်လေ၊ ဒါပေမယ့် အချိန်တော့ သိပ် မကြာစေနဲ့၊ မနက်ဖြန်ကျရင် မင်း ငါ့ကိုပြန်အဖြေပေး"

"ကောင်းပါပြီ ဦးရီးတော်"

* * *

နောက်တစ်နေ့ နေ့လယ်စာ စားသောက်ပြီးချိန်တွင် ရန်ကျောက်ယုနှင့် ရန်ကျောက်ထိုင်းတို့ တူဝရီးနှစ်ယောက် စာ

ကြည့်ဆောင်ထဲတွင် နှစ်ယောက်တည်းတွေ့ဆုံကာ စကား ပြောကြပြန်သည်။

"ဦးရိုးတော်တောင်းဆိုတာကို ကျွန်တော်တို့ သဘောတူ ပါတယ်၊ မိန်ကျန်းကို ဦးရိုးတော်တို့နဲ့အတူတူ ခေါ်သွားပြီး ကြယ်တံခွန်သိုင်းပညာ စုလယ်ဆုံး ပြည့်ပြည့်ဝဝတတ်မြောက် အောင်သာ သင်ပေးပါ"

"စိတ်ချ....စိတ်ချ ငါတတ်မြောက်ထားသမျှ ကြယ်တံခွန် သိုင်းပညာအားလုံး မိန်ကျန်းကို အမွေပေး သင်ကြားပေး လိုက်မယ်"

"လိုအပ်မယ့်ဟာတွေရှိရင်ပြောပါ ဦးရိုးတော်၊ ကျွန်တော် စီစဉ်ပေးလိုက်ပါ့မယ်"

"ဘာမှမလိုအပ်ဘူး၊ အဝတ်အစားနည်းနည်းပါးပါး ပါ ရင် ပြီးပြီ၊ သူက ငါတို့နဲ့အတူတူလိုက်မှာဆိုတော့ ငါတို့လိုပဲ နေရမှာပေါ့"

"သူက အသက်ငယ်သေးတာဆိုတော့...."

"မင်း ဘာမှစိုးရိမ်မနေပါနဲ့၊ မိန်ကျန်းက ငါ့ရဲ့မြေးလေး ပဲ၊ သူ့ကို ငါကောင်းကောင်းကြည့်ရှုစောင့်ရှောက်မှာပါကွ"

"ဒါဆို ကျွန်တော်စိတ်ချပါပြီ၊ အတင့်ရဲလွန်းတယ်လဲ မထင်ပါနဲ့၊ ဦးရိုးတော်ကိုတစ်လက်စတည်းအကူအညီတောင်း စရာလေး ထပ်ပြောပါရစေ"

"ပြောပါ ရပါတယ်"

"မိန်ကျန်းကို အရွယ်ရောက်လာရင် နဂါးဓားဂေဟာရဲ့ ချန်ထိုက်ကုန်းရဲ့သမီး ချန်မေလင်နဲ့လက်ထပ်ပေးဖို့ နှစ်ဖက်



မိဘတွေ စကားပြောဆိုထားတာ ရှိပါတယ်၊ နဂါးဓား ဂေဟာ ပျက်စီးသွားပြီးတဲ့နောက် ချန်မေလင်နဲ့ပတ်သက်ပြီး ဘာသတင်းမှ မကြားရတော့ပါဘူး၊ သေသလား ရှင်သလား တောင် မသိရဘူး၊ ကလေးနှစ်ယောက် အသက်ငယ်လွန်းကြ တာကြောင့် တရားဝင်စေ့စပ်မင်္ဂလာ မလုပ်ရသေးပေမယ့် မိန်းကျန်းဟာ နဂါးဓားဂေဟာရဲ့ သမက်လောင်းတော့ ဖြစ်နေပါတယ်၊ ချန်လီဖြောင့်နဲ့ ချန်ထိုက်ကုန်းတို့ သားအဖ သေဆုံးသွားပြီး ချန်မေလင်ဟာလဲ သေလားရှင်လားမသိ၊ ဘာသတင်းမှ မကြားဖြစ်လေတော့ နဂါးဓားဂေဟာရဲ့ သိုင်းမျိုးဆက် ပြတ်တော့မလိုဖြစ်နေပါတယ် မိန်ကျန်းမှာ နဂါးဓားဂေဟာရဲ့ သိုင်းမျိုးဆက် အမွေကို တတ်နိုင်သမျှ ဆက်ခံထိန်းသိမ်းပေးဖို့လဲ တာဝန်ရှိနေပါတယ်"

"ငါနားလည်ပြီ ငါနားလည်ပြီ၊ မိန်ကျန်းကို ညီမငယ် ချန်ဖုန်းအင်းဆီမှာ သိုင်းပညာ သင်ယူစေချင်တယ် မဟုတ် လား"

သိုင်းတောလေငါးဖော်တွင် အငယ်ဆုံးဖြစ်သော လိပ်ပြာ မယ် ချန်ဖုန်းအင်းသည် နဂါးဓားဂေဟာ၏ မျိုးဆက် တစ် ယောက်ဖြစ်သည်။ နဂါးဓားဂေဟာ၏ သိုင်းပညာကို တတ် မြောက်ထားသည်။

"ဦးရိုးတော်က အမှန်းအဆကောင်းပါတယ်၊ ဒေါ်လေး ဖုန်းအင်းကို ဦးရိုးတော်ကပဲ မေတ္တာရပ်ခံပေးပါခင်ဗျာ"

"အေး....အေး၊ ငါပြောပေးပါ့မယ်၊ ညီမငယ် ဖုန်းအင်း ကလည်း လိုလိုလားလားနဲ့ သင်ပေးမှာပါ"

"ဦးရီးတော်ကို ကျေးဇူးတင်ပါတယ်၊ သိုင်း ပညာ စလေ့ကျင့်သင်ပေးတဲ့အထိမ်းအမှတ်ကိုတော့ ဒီမှာပဲ လုပ်သွားစေချင်ပါတယ်၊ မိန်ကျန်းအတွက် သူ့ယောက္ခမလောင်းတွေက လက်ဆောင်ပေးထားတဲ့ ရွှေစင်ဓားပျံကို ကျွန်တော် သိမ်းထားပါတယ်၊ သိုင်း စလေ့ကျင့်တဲ့နေ့မှာ မိန်ကျန်းလက် အပ်ရမှာမို့ပါ"

"ကောင်းပြီလေ၊ ဒီလိုဆိုမှတော့ မင်းပြောသလိုပဲ လုပ်ပေးရမှာပေါ့၊ အဲဒီကိစ္စကို ဒီနေ့ညနေပဲ ဖြစ်မြောက်အောင် စီစဉ်လိုက်ကွာ၊ ငါတို့ မနက်ဖြန်မနက် ဒီကနေ ထွက်ကြမှာ"

ရန်ကျောက်ထိုင်းက နောက်ထပ်သုံးလေးရက်လောက် နေပေးဖို့ ပြောမည်ကြံမိသေးသည်။ သို့သော် ပြော၍ရမည် မဟုတ်ကြောင်း တွေးမိသည့်အတွက် ထိုအကြံကို ဖျက်လိုက်သည်။

"ကောင်းပါပြီ ဦးရီးတော်"

* * *

ထိုနေ့ညနေပိုင်း ညနေစာမစားသောက်မီ ရန်မိန်ကျန်းကို ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့က သိုင်းပညာ စတင်သင်ကြားပေးသည်။

သိုင်းတေလေငါးဖော်တို့သည် နေအိမ် အတည်တကျမပင် မရှိကြပေရာ တပည့်အဖြစ် လက်ခံကာ သိုင်းပညာ သင်ကြား



ပေးမှုလည်း မရှိခဲ့ကြပေ။ တပည့်လက်ခံလိုက်လျှင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များရှိလာလျက် မိမိတို့၏ လွတ်လွတ်လပ်လပ် သွားလာနေထိုင်မှုကို ထိပါးမည်စိုးသောကြောင့် ဖြစ်သည်။

ယခု ရန်မိန်ကျန်းကိုလည်း တပည့်သဘော လက်ခံခြင်းမဟုတ်ကြ။ မျိုးဆက်သိုင်းပညာ မပျောက်ပျက်ရအောင် ထိန်းသိမ်းနိုင်ရန် လက်ဆင့်ကမ်းပေးသည့်သဘောမျိုးဖြင့်သာ သိုင်းပညာ သင်ပေးခြင်းဖြစ်ကြောင်း အတိအလင်းပင် ရှင်းလင်းအောင် ပြောဆိုထားကြသည်။

ထို့ကြောင့် သိုင်းပညာ စတင် သင်ပေးသည့်အချိန်တွင် သိုင်းလောကအစဉ်အလာအတိုင်း ဆရာကို ကန်တော့သည့်ပွဲကိုလည်းမလုပ်။ ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့က မိမိကို ဆရာဟုလည်း အခေါ်မခံ။

ဆွေမျိုး တော်စပ်မှုအရသာ ရန်မိန်ကျန်းက ရန်ကျောက်ယုကို 'ဘိုးဘိုး'၊ ချန်ဖုန်းအင်းကို 'ဒေါ်လေး'ဟု ခေါ်ရမည်ဟု အခေါ်အဝေါ်ကိုပင် သေသေချာချာ သတ်မှတ်ပေးသည်။

ရန်မိန်ကျန်းကို သိုင်းပညာ စတင် သင်ကြားပေးသည့် အထိမ်းအမှတ်သဘော ဖြစ်အောင်သာ လုပ်ပေးခဲ့ကြလေသည်။

ရန်ကျောက်ယုက ကြွယ်တံခွန်သိုင်း၏ ပင်မအခြေခံသိုင်းကွက်တစ်ခုဖြစ်သော ကြွယ်စင်ရောင်ပြန်ဓားသိုင်းကွက် ၂၄ ကွက်မှ သိုင်းကွက်အမှတ်(၁)ကို သင်ပြပေးသည်။

ချန်ဖုန်းအင်းက နဂါးဓားဂေဟာ မိသားစုသိုင်းပညာ၏ ထင်ရှားကျော်ကြားသော သိုင်းပညာတစ်ခုဖြစ်သည့် သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာ၏ အခြေခံ ခြေလှမ်းကွက်များကို သင်ပြပေးသည်။

စတိသဘော သင်ပြပေးကြခြင်းမို့ ရန်မိန်ကျန်းအတွက် ထိုသိုင်းကွက် သိုင်းဟန်များကို မြင်ဖူးသိဖူးရုံသဘောမျှသာ ရှိသည်။ နားလည်တတ်မြောက်သွားခြင်းတော့ မရှိသေးပါ။

ထို့နောက် ရန်ကျောက်ထိုင်းက ရွှေစင်ဓားပျံကို ရန်မိန်ကျန်းလက်သို့ ပေးအပ်သည်။ ရွှေစင်ဓားပျံသည် အသွားအရှည်နှစ်လက်မခွဲခန့်ရှိသည်။ အရိုးရောအသွားကိုပါ ရွှေစင်ရွှေသားဖြင့် ပြုလုပ်ထားသည်။ ဓားသွားအရှည်က နှစ်လက်မခန့်ရှိကာ အတော်ကို ပါးလှပ်သည်။ ဓားသွား အလွန်ထက်မြသည်။ အရွယ်အစားနှင့်စာလျှင် အလေးချိန် အတော်စီးနေသည်။

ရွှေစင်ဓားပျံကို ဝါးကျောက်ဓားအိမ်ထဲတွင် သပ်ရပ်လှပစွာ ထည့်ထားသည်။ ဝါးကျောက်ဆိုသည်မှာ ကျောက်ဖြစ်လုနီးပါးအခြေအနေရှိနေသော ဝါးတစ်မျိုးဖြစ်သည်။ အလွန်



ပင် ထူးခြားရှားပါးကာ ဆေးဘက်ဝင်လျက် အခြားသော စွမ်းရည်သတ္တိများလည်း ရှိသည်ဟု သတင်းကြီးနေသည်။

ထို့ကြောင့် ရွှေစင်ဓားပျံကိုမဆိုထားဘိ။ ထိုဓားပျံထည့်သည့်အိမ်ကပင် များစွာ အဖိုးတန်နေပေသည်။

ထူးပိန်ကျင်းက ရွှေစင်ဓားပျံထည့်သိမ်းထားရန် လျှို့ဝှက်နေရာပါရှိသော မြွေရေခွံခါးပတ်တစ်ခုကို ကိုယ်တိုင် အထူးစီမံချုပ်လုပ်ကာ သားဖြစ်သူကို လက်ဆောင်ပေးသည်။

"ဒီခါးပတ်ဟာ သားအတွက် မေမေကိုယ်တိုင် သေသေချာချာ စဉ်းစားကြံဆပြီး စိတ်ရှည်လက်ရှည်လုပ်ထားတဲ့ ခါးပတ်ပဲ၊ ရွှေစင်ဓားပျံကို ဒီခါးပတ်မှာပါတဲ့ လျှို့ဝှက်နေရာလေးထဲထည့်သိမ်းထားပါ၊ ဒီခါးပတ်ကိုလဲ သားကိုယ်ပေါ်မှာ အမြဲပတ်ထားပါ၊ ဘယ်တော့မှ မချွတ်ပါနဲ့နော်"

ထူးပိန်ကျင်းက သားဖြစ်သူကို သေသေချာချာ ပြောဆိုမှာကြားသည်။

"စိတ်ချပါမေမေ၊ မေမေမှာကြားတာကို သား အမြဲသတိရ လိုက်နာပါ့မယ်"

ရန်မိန်ကျန်းက အလေးအနက် ကတိပေးသည်။

ထူးပိန်ကျင်းကိုယ်တိုင် ရွှေစင်ဓါးပျံကို ခါးပတ်ပေါ်ရှိ လျှို့ဝှက်နေရာထဲတွင် ထည့်သိမ်းပေးသည်။ ခါးပတ်ကို ရန်မိန်ကျန်း၏ခါးတွင် သေသေချာချာ ပတ်ပေးသည်။

ထို့နောက် ညနေစာစားသောက်ကြသည်။

နောက်တစ်နေ့ နံနက်စောစောတွင်မူ ရန်မိန်ကျန်းသည် မိဘနှစ်ပါးကို ကန်တော့ကာ ကြယ်တံခွန်ဂိုဏ်းရှိ သိုင်းသမားများကို နှုတ်ဆက်ပြီး သိုင်းတေလေငါးဖော်တို့နှင့်အတူ လိုက်ပါသွားခဲ့သည်။

တူးဆန်းအံ့ဩဖွယ်ရာ ဖြစ်ရပ်အမျိုးမျိုးနှင့် ကြုံတွေ့ရမည့် ဘဝလမ်းခရီးကို စတင် ခြေလှမ်းခဲ့ခြင်း ဖြစ်ကြောင်းကိုတော့ ထိုအချိန်က ရန်မိန်ကျန်း မသိခဲ့ပေ။

★

## အခန်း ( ၃ )

သိုင်းတေလေငါးဖော်တို့သည် ရန်မိန်ကျန်းကို အတူခေါ်ကာ နေရာအနှံ့ ခရီးဆန့်ကြလေသည်။

စိမ်းလန်းစိုပြည်သော မြက်ခင်းလွင်ပြင်များကို ရောက်ကြသည်။

မြစ်များ ချောင်းများကို ဖြတ်ကျော်ကြသည်။

ကန္တာရများထဲဟွင်လည်း လှည့်လည်ကြသည်။

ပူသောအရပ်၊ အေးသောဒေသ၊ လေထန်သော နယ်ပယ်၊ ရာသီဥတု အမျိုးမျိုးတို့ကိုလည်း ရန်မိန်ကျန်း ကြုံတွေ့ရဖူးခဲ့ပေပြီ။

ရန်မိန်ကျန်းအဖို့ ငယ်ရွယ်သောအသက်အရွယ်နှင့် မလိုက်အောင်ပင် ဒေသန္တရဗဟုသုတ အတွေ့အကြုံတွေ အတော်ပင် ရှိလာခဲ့သည်။

အထက်တန်းစား တည်းခိုရိပ်သာများ၏ ပထမတန်း အခန်းများထဲမှ အကောင်းစား ခုတင်အိပ်ရာများပေါ်တွင် အိပ်ခဲ့ဖူးသလို မြစ်ဘေး၊ ချောင်းဘေး၊ ကျောက်ဂူအတွင်း၊ သစ်ပင်အောက်တို့တွင် ဖြစ်သလိုလည်း အိပ်စက်ခဲ့ဖူးပြီ။

ခရီးထွက်လာစက နေအိမ်နှင့်မိသားစုတို့ကို လွမ်းနေခဲ့သော်လည်း မကြာမီပင် ကလေးပီပီ သွားလာလှုပ်ရှားခရီးနှင်နေရတာ ပျော်လာသည်။ မရောက်ဖူး မသိဖူးသော အရပ်ဒေသ မြင်ကွင်းအသစ်အဆန်းတို့ကို စိတ်ဝင်စားချလာသည်။

ခရီးလှည့်လည်သွားလာရင်း ရန်ကျော်ယုနှင့် ချန်ဖုန်းအင်းတို့က ရန်မိန်ကျန်းကို သိုင်းပညာများ သင်ပေးကြသည်။ ကျန်သိုင်းတေလေ သုံးယောက်တို့ကလည်း အချိန်အခါ သင့်လျှင်သင့်သလို မိမိတို့တတ်ထားသည့် အသိပညာ၊ သိုင်းပညာတို့ကို ရန်မိန်ကျန်းအား သင်ပေးကြသည်။

ဤသို့ဖြင့် ရန်မိန်ကျန်းသည် ခရီးသွား သိုင်းတေလေ ငါးဖော်၏ 'မွေးစားကလေး' သဘောမျိုးပင် ဖြစ်လာခဲ့ပေသည်။ ကလေးတစ်ယောက် အတူပါရှိလာသည့်အတွက်လည်း သိုင်းတေလေများ၏ ရောက်ရာပေါက်ရာခရီးနှင် သွားလာနေမှုတွင် စီစီညံညံနှင့် ပိုအသက်ဝင် ပျော်ရွှင်စရာ ဖြစ်လာခဲ့ပေသည်။

ရန်မိန်ကျန်းကိုအတူခေါ်ယူလာခဲ့ပြီး တစ်နှစ်ကျော်ကျော်ခန့်အကြာတွင် ခရီးသည် သိုင်းတေလေတို့ ကောက်ဆန်းတောင်တန်းကြီးသို့ ရောက်လာခဲ့ကြသည်။



ကောက်ဆန်း တောင်တန်းကြီးတွင် တောင်စွယ် တောင်ကြောတို့ အထပ်ထပ်ရှိသည်။ တောင်တန်းတစ်ခွင်တွင် သစ်ပင်တောအုပ်တို့လည်း နေရာအနှံ့ပင် ဖုံးလွှမ်းနေသည်။ မြင့်မားသော တောင်ထွတ်များ၊ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ၊ ရေစီးကြမ်းသော တောင်ကျစမ်းချောင်းနှင့် ရေတံခွန်များလည်း အများအပြား ရှိသည်။

လူနေရပ်ရွာတော့ လုံးဝမရှိ။ လူသူအရောက်အပေါက်ကလည်း မရှိဟု ဆိုရလောက်အောင်ကို နည်းပါးပေသည်။

ခြေဖဝါးတွင် မွေပါသည်ဟု ဆိုရလောက်အောင် ခရီးလှည့်လည်သွားလာနေကြသည့် သိုင်းတေလေ ငါးဖော်တို့ထဲတွင်ပင် ငှက်ဘုရင် ထန်းမောက်စူးတစ်ယောက်တည်းသာလျှင် ကောက်ဆန်းတောင်တန်းဘက်သို့ ရောက်ဖူး ပေါက်ဖူး ခရီးသွားလာဖူးသည်။

နှံ့နှံ့စပ်စပ်တော့ မဟုတ်ခဲ့ပါ။ ကောက်ဆန်းတောင်တန်းကြီး၏တောင်ဘက် တောင်စွယ် တောင်ကြောပေါ်ရှိ နေရာအချို့ကိုသာ ရောက်ဖူးခြင်းဖြစ်သည်။

ကောက်ဆန်းတောင်တန်းကြီးအနားသို့ ရောက်လာသောအခါ ထန်းမောက်စူးက မိမိရောက်ဖူးခဲ့သည့် အတွေ့အကြုံများကို ပြန်လည်ပြောပြသည်။ ထန်းမောက်စူးသည် စကားပြောကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် အမွှမ်းတင် ပြောကြားလေရာ ကျန် သိုင်းတေလေလေးဖော်တို့လည်း အထူးပင် စိတ်ဝင်စားလာမိကြကုန်သည်။

"အေး....ငါတို့လဲ ဒီဘက်ကိုရောက်တုန်း ကောက်ဆန်းတောင်တန်းပေါ်ကို တက်ကြရအောင်လား၊ ငါတို့တစ်တွေဟာ ပင်လယ်လဲ ဖြတ်ဖူးတယ်၊ သဲကန္တာရတွေ၊ မြက်ခင်းလွင်ပြင်တွေမှာလဲ ခရီးဆန့်ဖူးတယ်၊ ဒါပေမယ့် ကောက်ဆန်းတောင်တန်းလို မြင့်မားထည်ဝါတဲ့ တောင်စဉ်တောင်တန်းကြီးတွေပေါ်ကိုတော့ တိတိပပ မရောက်ဖူးသေးဘူး၊ တောင်တွေအပေါ် တက်ဖူးခဲ့တဲ့ အတွေ့အကြုံလောက်ပဲ ရှိသေးတယ်၊ ငါတို့အတွက် စိတ်ဝင်စားစရာ ခရီးသွား အတွေ့အကြုံအသစ်အဆန်းတွေ ရနိုင်တာပေါ့"

ရန်ကျောက်ယုက ပြောဆိုအကြံပေးသည်။

"ကောင်းတယ် အစ်ကိုကြီး....ကောင်းတယ်၊ ရက်ရှည်လများ အချိန်ယူပြီး ဒီတောင်တန်းပေါ်မှာ ရောက်နိုင်သမျှ ခရီးလှည့်ကြတာပေါ့၊ ရန်မိန်ကျန်းအတွက်လဲ သိုင်းပညာ လေ့ကျင့်သင်ကြားရာမှာ အများကြီး အထောက်အကူ ရနိုင်တယ်၊တောင်ပေါ်မှာ သိုင်းလေ့ကျင့်သင်ယူတဲ့သဘောအပြည့် ဖြစ်လာနိုင်တယ်"

ရွှေမင်းသမီးလုကျင်းက အားရဝမ်းသာ ထောက်ခံသည်။

သိုင်းပညာသင်ကြားလေ့ကျင့်မှုကို တောင်ပေါ်တွင် ပြုလုပ်မှသာ ထိရောက်ပြည့်စုံသည်ဟု သိုင်းသမားအများစုက ယုံကြည်လက်ခံထားကြသည်။

ရန်ကျောက်ယုနှင့် ချန်ဖုန်းအင်းတို့ကလည်း တောင် တစ်လုံးလုံးပေါ်တွင်တက်၍ ရန်မိန်ကျန်းအား သိုင်းပညာ သင်ကြားပေးရန် စိတ်ကူးရှိကြသော်လည်းသိုင်းတောလေများသည်



နေရာတစ်ခုခုတွင်ရက်ရှည်လများ အခြေချနေထိုင်တတ်သူတွေ မဟုတ်ကြသည့်အတွက် သူတို့၏စိတ်ကူး အကောင်အထည် မပေါ်နိုင်ကြပေ။

ယခု တောင်စဉ် တောင်တန်း၊ တောင်စွယ် တောင်ကြော အထပ်ထပ်နှင့် ခန့်ထည် ကျယ်ပြောလှသော ကောက်ဆန်း တောင်တန်းကြီးသို့ ရောက်လာသောအခါတွင်မှ ခရီးလည်း လှည့်လည်သွားရ သိုင်းပညာ လေ့ကျင့်မှုကိုလည်း တောင် ပေါ်တွင် အချိန်ယူ လုပ်ကိုင်၍ရနိုင်သည့် အကြံကောင်းများ ပေါ်လာခြင်းဖြစ်သည်။

"ကျွန်တော်လဲ အဲဒီအကြံကိုသဘောကျတယ်ဗျို့၊ ကောက်ဆန်း တောင်တန်းကြီးပေါ်မှာ နေရာနှံ့အောင် လျှောက်သွားရင်း မရဏမျှော်စင် တောင်ထွတ်ကိုတောင် ရှာတွေ့ချင်တွေ့မှာဗျ"

ကန်လိခက်စမ်းက ပြောသည်။

ကောက်ဆန်း တောင်တန်းကြီးတစ်နေရာတွင် မရဏမျှော်စင် တောင်ထွတ်ရှိကာ လွန်ခဲ့သည့် နှစ်ပေါင်း များစွာက အထင်ကရသိုင်းပညာရှင်ကြီးများ၊ အဆင့်မြင့်သိုင်းပညာများ ထိုတောင်ထွတ်တွင် သွားရောက် လေ့ကျင့်ခဲ့ဖူးကြပြီး သိုင်းပညာ နှီးနှောဖလှယ်မှုနှင့် ယှဉ်ပြိုင်ပွဲကြီးများကိုလည်း မရဏမျှော်စင် တောင်ထွတ်တွင် လုပ်ခဲ့ကြကြောင်း ပုံပြင် ဒဏ္ဍာရီများ ရှိခဲ့သည်။

မရဏာမျှော်စင်တောင်ထွတ် တကယ်ရှိမရှိနှင့် ယင်း တောင်ထွတ်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်များသည် အမှန် ဟုတ်မဟုတ်တော့ မည်သူမျှ သေသေချာချာ မပြောနိုင်ကြပါ။

"မင်းကလဲ ယုံတမ်းပုံပြင်တွေကို အဟုတ် ထင်နေတာကိုးကွ"

ရန်ကျော်ယုက ရယ်သွမ်းသွေးကာ ပြောသည်။

"ယုံတမ်း ပုံပြင်ပဲဖြစ်ဖြစ် တကယ်ပဲရှိရှိ ကောက်ဆန်းတောင်တန်းပေါ်မှာ ရက်ရှည်လများနေပြီး ခရီးလှည့်မှတော့ မရဏာမျှော်စင်တောင်ထွတ်ကိုလဲ လိုက်ရှာကြည့်ကြတာပေါ့၊ တွေ့ရင် အများကြီး ...းမယ်၊ မတွေ့တော့လဲ ဘာအရေးလဲ"

တန်လီခက်စမ်းကမလျော့သေးဘဲဆက်ပြောသည်

"အစ်ကိုလေးရဲ့ စိတ်ကူးက မဆိုးပါဘူး ခရီးသွားဟန်လွှဲပုံရတာပဲ၊ ဘာမှလဲ အပန်းကြီးတာမှ မဟုတ်တာ၊ မရဏာမျှော်စင်တောင်ထွတ် တကယ်ပဲရှိခဲ့တယ်ဆိုရင်တော့ ကျွန်မတို့ရှာတွေ့နိုင်ပါလိမ့်မယ်"

ချန်ဖုန်းအင်းက ဝင်ပြောသည်။

"အေးပါ...ရှာကြည့်ကြပေါ့၊ ငါကတော့ ယုံတမ်းပုံပြင်ဖြစ်ဖို့ပိုများတဲ့ မရဏာမျှော်စင်တောင်ထွတ်ထက် တကယ်ရှိနေနိုင်တဲ့ အဆိပ်တစ်ထောင်သွေးနီငှက်နဲ့ မီးလျှံသိမ်းငှက်တို့ကိုပဲ အဓိကထား ရှာကြည့်မယ်"

ငှက်ဘုရင် ထန်းမောက်စူးက ပြောသည်။



ထန်းမောက်စူးသည် ငှက်မျိုးစုံတို့၏သဘာဝကိုကျွမ်းကျင်တတ်သိကာ ငှက်များကိုသင်ကြားလေ့ကျင့်ပေးနိုင်စွမ်းလည်းရှိသည်။ သူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်မွေးမြူပြီး လေ့ကျင့်ပေးထားသော သိမ်းငှက်ဖြူ၊ သိမ်းငှက်နက်နှစ်ကောင် သူနှင့်အတူ အမြဲပါရှိသည်။ ထိုသိမ်းငှက်နှစ်ကောင်သည် ပထမတန်းသိုင်းသမားတွေလိုပင် စနစ်ကျနအစွမ်းရှိရှိ တိုက်ခိုက်နိုင်စွမ်းရှိကြလေသည်။

"အစ်ကိုလတ်က ငှက်တွေကို အရမ်း စိတ်ဝင်စားမှန်းကျွန်မတို့ သိပါတယ်၊ အစ်ကိုလတ် ရှာချင်တဲ့ ငှက်တွေကိုလဲရှာပေါ့၊ ကျွန်မတို့ ဝိုင်းကူပေးမယ်, မရဏာမျှော်စင်တောင်ထွတ်ကိုလဲ အစ်ကိုလတ်က ကူပြီးရှာပေးပေါ့ ဟုတ်လား"

လိပ်ပြာမယ် ချန်ဖုန်းအင်းက ငှက်ဘုရင် ထန်းမောက်စူးကို ပြောလိုက်သည်။

"အေးပါ....အေးပါ၊ ဒီလိုဆိုတော့လဲ ဝိုင်းကူရှာပေးရတာပေါ့"

* * *

ခရီးသွား သိုင်းတေလေ ငါးဖော်နှင့် ရန်မိန်ကျန်းတို့ ကောက်ဆန်းတောင်တန်းကြီးပေါ်သို့ တက်ခဲ့ကြသည်။ 'တစ်ရက်ခရီးသွား၊ နှစ်ရက်နား' စနစ်ဖြင့် ကောက်ဆန်းတောင်တန်းပေါ်တွင် ခြေဆန့်ကြလေသည်။

တစ်နေကုန် ခရီးနှင်လိုက်၊ နေဝင်မိုးချုပ်သော် ရောက်ရာနေရာတွင် ယာယီစခန်းပြုလုပ်လိုက်၊ ယာယီစခန်းတွင် နှစ်ရက်နေလိုက်၊ ထို့နောက် ခရီးဆက်လိုက်နှင့် အတော်ကိုဟုတ်၍နေကြသည်။ ခရီးလှည့်လည်သွားလာနေကျလူတွေမို့ စားရေးနေရေး အဆင်ပြေအောင် ကြုံရာနေရာတွင် ရရာတို့ဖြင့် စီစဉ်လုပ်ဆောင်နိုင်ကြလေသည်။

ကောက်ဆန်းတောင်တန်းပေါ် ခရီးလှည့်လည်သွားလာနေကြရင်း ထူးဆန်းသောငှက်များ၊ တောတိရစ္ဆာန်များကို တွေ့ကြရသည်။ ဆန်းကြယ်သော သစ်ပင်ပန်းပင်နှင့် ဆေးပင်များကို မြင်ကြရသည်။ အထွေထွေ အပြားပြားသော မြေစိုင်မြေသား၊ ကျောက်ခဲသတ္တုတို့ကိုလည်း တွေ့ကြရသည်။

ခြောက်လခန့် အချိန်ကုန်သွားသည်။

မရဏမျှော်စင်တောင်ထွတ်ကို မတွေ့ကြရသေး။

အဆိပ်တစ်ထောင် သွေးနီငှက်နှင့် မီးလျှံသိမ်းငှက်တို့ကိုလည်း မမြင်ကြရသေး။

သို့သော် ထူးဆန်းအံ့ဩဖွယ်ရာ အန္တရာယ်ကြီးနှင့်တော့ ရင်ဆိုင်တိုးမိခဲ့ကြလေသည်။

* * *

ကောက်ဆန်းတောင်တန်းကြီးပေါ်တွင် သိုင်းတေလေတို့ ခရီးလှည့်လည်သွားလာနေခဲ့ကြမှု ခြောက်လကျော်အကြာ....

တစ်ခုသော နေ့တစ်နေ့....



ထိုနေ့မှာ 'ခရီးသွားရက်' ဖြစ်သောကြောင့် နံနက်စာစားသောက်ပြီးချိန်ကပင်သိုင်းတေလေတို့ယာယီစခန်းဟောင်းကို စွန့်လွှတ်၍ ခရီးထွက်ခဲ့ကြသည်။

တစ်နေကုန် ခရီးနှင်လာကြပြီး ညနေစောင်းတွင် တောင်ကြားတစ်ခုသို့ ရောက်လာကြသည်။ ထိုတောင်ကြားသည် မိုးသည်းထန်စွာ ရွာသောအချိန်တွင် အရှိန်ပြင်းပြင်းနှင့် ရေများစီးဆင်းသော တောင်ကျချောင်းတစ်ခုဖြစ်ပုံရ၏။ ယခုအခါတွင်တော့ ရေတစ်စက်တစ်ပေါက်မျှပင် မရှိ။ ကျောက်စရစ်ခဲများ၊ ကျောက်တုံးကြီးငယ်များနှင့် သဲများသာ ရှိသော ချောင်းကော နေရာတစ်ခု ဖြစ်နေသည်။

ချောင်းကောနေရာသည် အတော်ပင် ကျယ်ဝန်း၏။

ချောင်းကောနေရာ၏ အခြားတစ်ဖက်တွင် အတန်ငယ်မြင့်သော တောင်ကုန်းတစ်ခုရှိသည်။ တောင်ကုန်း၏ နောက်ဘက်ဆီတွင်ရှိသောတောင်စဉ်တောင်ကြောများတွင် ထူးခြားသော ပုံပန်းသဏ္ဌာန်ရှိသည့် တောင်တစ်ခုကို မြင်ကြရသည်။

ထိုတောင်သည် အပေါ်ဘက်ပိုင်းဆီသို့ တဖြည်းဖြည်း သွယ်ရှူး၍သွားသည်။ မျှော်စင်သဏ္ဌာန်လိုလိုမျိုးပင် ထင်ရလောက်သည်။

"ဟော....ဟောဟိုမှာ 'မရဏမျှော်စင်တောင်ထွတ် တွေ့ပြီ၊ အမြန်သွားကြည့်ကြရအောင်"

ကြယ်ပျံ ကန်လိခက်စမ်းက ပုံပန်းသဏ္ဌာန် ထူးခြားသော ထိုတောင်ကို လက်ညှိုးညွှန်ပြကာ အားရဝမ်းသာ ပြောသည်။

"ဟုတ်မှဟုတ်ရဲ့လား အစ်ကိုလေးရာ"

လိပ်ပြာမယ် ချန်ဖုန်းအင်းက မေးသည်။

"ဟိုမှာကြည့်လေ၊ မျှော်စင်လိုလိုပုံပန်းသဏ္ဍာန်ဖြစ်နေတဲ့ တောင်ကို တွေ့တယ်မဟုတ်လား၊ အဲဒါ မရဏမျှော်စင်တောင်ထွတ်ဖြစ်မှာ အမှန်ပဲ၊ သွားကြည့်ကြရအောင်"

"မင်းကလဲကွာ၊ အဝေးကကြည့်ရင် မျှော်စင်လိုလို ပုံစံမျိုး မြင်ရတာနဲ့ မရဏမျှော်စင်တောင်ထွတ်ဖြစ်ရောတဲ့လား၊ မရဏမျှော်စင်တောင်ထွတ်ဟာ မျှော်စင်ပုံရှိတယ်လို့ မင်းကိုဘယ်သူကများ အတိအကျပြောထားလို့လဲ"

ငှက်ဘုရင်ထန်းမောက်စုံးက ဝင်ပြောသည်။

"အတိအကျသိတာတော့ ဘယ်ဟုတ်မှာလဲ၊ စိတ်အထင်နဲ့ မှန်းဆကြည့်ရတာပေါ့၊ တကယ် ဟုတ်မဟုတ် သေချာအောင် သွားကြည့်လိုက်ရင် အဖြေပေါ်မှာပဲ"

ကန်လီခက်စမ်းကတော့ အားမလျော့သေး။ သွားကြည့်ဖို့သာ အတွင်ပြော၍နေသည်။

"နေပါဦး ညီလေးရ၊ သွားကြည့်တာကတော့ ဟုတ်ပါပြီ၊ အမြင်နီးပေမယ့် ခရီးဝေးတဲ့တောင်ဆိုတဲ့စကားကို မင်း မေ့နေပြီလား၊အဲဒီတောင်ကိုရောက်အောင်သွားဖို့က ရက်အတော်ကို ကြာမှာကွ၊ အခုချက်ချင်းသွားကြည့်လို့ ရနိုင်တာမှမဟုတ်တာ"

ရန်ကျောက်ယုက ဝင်ပြောတော့မှပင် သွားကြည့်ဖို့ တိုက်တွန်းနေသော ကန်လီခက်စမ်း လက်လျော့သွားသည်။



"အဲဒီတောင်ကိုတော့ သွားကြည့်ရမှာပဲ၊ ဒါပေမယ့် အခု လောလောဆယ်တော့ ဒီည ယာယီစခန်းချဖို့ နေရာကို အရင်ရှာကြရအောင်၊ ဘယ်နေရာကောင်းမလဲ"

ရွှေမင်းသမီး လုကျင်းကပြောသည်။

"ဟိုဘက်က တောင်ကုန်းနားမှာ ယာယီစခန်း သွားလုပ်ရင် ကောင်းမယ်ထင်တယ် အစ်မကြီး"

ကန်လီခက်စမ်းက အကြံပေးသည်။

ရန်ကျောက်ယုက ကောင်းကင်ကိုမော့်ကြည့်ကာ....

"နေဝင်စတောင်ပြုနေပြီ၊ဒီချောင်းကောနေရာကို မမှောင်ခင် ဖြတ်ကျော်နိုင်ပါ့မလား၊ အတော်ကျယ်တာနော်"

"ခပ်မြန်မြန် လျှောက်ကြရင် ရောက်နိုင်လောက်ပါတယ်၊ ပြီးတော့ ဒီနေ့ညက လမိုက်ညမှမဟုတ်တာ၊ နေဝင်သွားပြီး မကြာခင် လထွက်လာမှာပဲ၊ လရောင်ရနိုင်ပါတယ် အစ်ကိုကြီးရဲ့"

ကန်လီခက်စမ်းက ထပ်ပြောသည်။

"ညီလေးက ဟိုတောင်ကုန်းပေါ်တက်ပြီး စူးစမ်းကြည့်ချင်စိတ် သန်နေပုံရတယ်၊ ကောင်းပြီလေ၊ သွားကြတာပေါ့၊ ခပ်သုတ်သုတ်သွားကြရင် မှောင်ရိပ်သမ်းမလာခင် ဟိုဘက်က တောင်ကုန်းအောက်ခြေကို ရောက်နိုင်ပါလိမ့်မယ်"

ရန်ကျောက်ယုက ပြောသည်။

ထို့နောက် သူတို့လူစု ချောင်းကောနေရာကို ဖြတ်ကျော်ကြလေတော့သည်။

* * *

ချောင်းကောနေရာတွင် ချိုင့်ခွက်တွေထင်သည်ထက်ပိုများသည်။ ခလုတ်ကန်သင်းတွေလိုပင်ဖြစ်နေသည်။ ခြေလှမ်းမှားကာ ဟန်ချက်ပျက်၍ ယိမ်းယိုင်လဲကျလျှင် အဆင်မသင့်ပါက ခြေကျိုးလက်ကျိုးပင် ဖြစ်နိုင်လောက်သည်။

ထို့ကြောင့် သတိထားကာချိုင့်ခွက်နေရာ ခလုတ်ကန်သင်းများကို ကြည့်ရှုရှောင်ကွင်းသွားကြရသည်။ ခရီးက ထင်ထားသလို သိပ်သွက်သွက်မြန်မြန် မသွားနိုင်ကြ။

ထိုသို့သွားနေခိုက် ရန်ကျော်ကျော်ယု၏နားထဲတွင် အခြားသော လူတစ်ယောက်၏ လှုပ်ရှားသံများကို ကြားမိလေသည်။ အသံတွေက တိုးညင်းလှသည်။ ရန်ကျော်ယုမှာ သောတအာရုံ အထူးကောင်းမွန်ကာ အခြားလူတွေ မကြားနိုင်သော အသံတိုးတိုးလေးကိုပင် ကြားနိုင်ကာ ထိုအသံများပေါ် အခြေခံ၍ မျက်ကွယ်နေရာတွင် ဖြစ်ပျက်နေပုံတို့ကို စိတ်ထဲ၌ ပုံဖော်ကာ မှန်းဆတွေးတောယူနိုင်သည့် စွမ်းရည်ရှိသည်။

ဤစွမ်းရည်ထူးကြောင့်ပင် ရန်ကျော်ယုသည် 'လင်းနို့မျက်လုံး' ဟူသော တင်စားအမည်ရရှိခဲ့သည်။

ယခုလည်း သူတို့ မမြင်မတွေ့နိုင်သည့် မျက်ကွယ်နေရာတွင် လူတစ်ယောက် သွားလာလှုပ်ရှားနေသည်ကို ထိုသူထံမှ အသံများကို ကြားရသည့်အတွက် ရန်ကျော်ယု သိရှိနေသေပြီ။

ကြားရသောအသံတို့ကအလွန်ကိုတိုးလှသည်။ ရန်ကျော်ယုလို သောတအာရုံ သူများထက် ထူးခြားထက်မြက် သူပင်လျှင် အထူးသတိထားကာ အာရုံစိုက်နားထောင်မှသာ ကြား



သည် ဆိုရုံလေးကြားရသည်။ လှုပ်ရှားသံတို့သည် မြန်လည်းမြန်သည်။

မိမိတို့၏ မျက်ကွယ်နေရာမှ လှုပ်ရှား ပါရှိလာသူသည် ကိုယ်ဖော့ပညာကောင်းပြီး သိုင်းပညာစွမ်းရည်လည်းအတော်ကို မြင့်မားနိုင်ကြောင်း ရန်ကျော်ယု အကဲခတ်မိသည်။

လူမြင်မခံဘဲ တိတ်တဆိတ် လျှို့ဝှက်စွာလှုပ်ရှားနေသည်မို့ လမ်းမှန်ကမ်းမှန် သိုင်းသမားကောင်းတစ်ယောက် ဖြစ်ဖို့ထက် လမ်းလွဲသိုင်းသမားဆိုး တစ်ယောက်ဖြစ်ဖို့က ပိုများကြောင်းလည်း ရန်ကျော်ယု တောက်ချက်ချမိသည်။

မိမိတို့ကို ခြေရာခံကာလိုက်နေခြင်း ဟုတ်မဟုတ်ကိုတော့ ရန်ကျော်ယု အတပ်မပြောနိုင်ပါ။ သို့သော် ချောင်းကောနေရာကို ဖြတ်ကျော်ရာတွင်တော့ မိမိတို့နောက်မှ မသိမသာလိုက်လာနေသည်ကိုတော့ သိနေရသည်။

"မှောင်ရိပ်တောင် သမ်းစပြုလာပြီဟေ့၊ သတိရှိရှိနဲ့သွားကြ၊ အရေးကြုံရင် ရင်ဆိုင်ဖို့ အသင့်ရှိကြပေစေ"

ရန်ကျော်ယုက မိမိလူများကိုပြောလိုက်သည်။ ဤစကားအရ တစ်စုံတစ်ရာထူးခြားချက်ရှိနေပြီကို ကျန် သိုင်းတောလေများ ရိပ်မိကြသည်။ ထို့ကြောင့် ပို၍ဂရုစိုက်ကြသည်။ ချောင်းကောနေရာရှိ ချိုင့်ခွက်ခလုတ်ကန်သင်းများကိုသာမက အနီးဝန်းကျင်ကိုပါ သတိပြုအကဲခတ်ကြည့်ရှုကြသည်။

ကျန် သိုင်းတောလေများသည် ရန်ကျော်ယုလောက် သောတအာရုံ ထူးခြားထက်မြက်မှု မရှိသောကြောင့် ရန်

ကျောက်ယုကြားရသော တိုးညင်လှသည့် လှုပ်ရှားသံများကို တော့ မကြားကြရပါ။

"အားလုံး ခဏရပ်လိုက်ကြပါဦး"

ချောင်းကောနေရာ၏ တစ်ဖက်ကမ်းဆီသို့ရောက်ရန် ပေ သုံးရာခန့်အလိုတွင် ရွှေမင်းသမီးလုကျင်း၏သတိပေးသံ ပေါ် လာသည်။

အားလုံးပင် ရောက်ရှိရာနေရာတွင် ခြေလှမ်းတုံ့ရပ်လိုက် ကြသည်။ ရန်ကျောက်ယုကြားနေရသော တိုးညင်သည့် လှုပ် ရှားသံသည်လည်း ရပ်တန့်သွားသည်။

မိမိလူများကို တုံ့ရပ်ရန် သတိပေးပြီးနောက် လုကျင်း သည် အထူးသတိထားကာ ရှေ့သို့ တစ်လှမ်းချင်း လျှောက် လှမ်းသည်။ လုကျင်းသည် ဝက်ပါအတတ်နှင့် လျှို့ဝှက် ထောင် ချောက်များအကြောင်း အထူးပင် ကျွမ်းကျင်နားလည်သည်။

ယခုလည်း လျှို့ဝှက်ထောင်ချောက်များ ရှိနေနိုင်သည့် အရိပ်အခြည်များကို တွေ့မိသောကြောင့် မိမိလူများကို အရပ် ခိုင်း၍ သူကိုယ်တိုင်ကတော့ ရှေ့သို့ဆက်လျှောက်လှမ်းကာ စူးစမ်းရှာဖွေကြည့်ခြင်းဖြစ်သည်။

ခြေလှမ်း ခုနစ်လှမ်း လျှောက်လှမ်းမိချိန်တွင် ထောင် ချောက်ဟု သံသယဖြစ်စရာ နေရာတစ်ခုကို လုကျင်းတွေ့ရလေ သည်။ ထိုနေရာသည် သဲဖြူများရှိနေသော နေရာလေး ဖြစ် သည်။ သဲဖြူများသည် ညီညာစွာရှိနေကြသည်။

ချိုင့်ကျင်းခလုတ်ကန်သင်းတွေအတော်များသော ချောင်း ကောထဲတွင် ပြေပြစ်ပြန့်ပြူးသော သဲဖြူများရှိနေသည့်နေရာ



လေးကိုတွေ့ရလျှင် ထိုနေရာမှသာ လျှောက်လှမ်း၍သွားမိကြ မည် မလွဲပါ။

လုကျင်းကတော့ သဲဖြူများညီညာလွန်းမှုကို သတိပြုမိကာ သံသယဝင်ခဲ့သည်။ ထို့ကြောင့် ကျောက်ခဲငယ်တစ်ခုကို ကောက်ယူကာ လူတစ်ယောက်၏ကိုယ်အလေးချိန်ဖြင့် ခြေချ နင်းသည့်အင်အားမျိုးသုံးကာ သဲဖြူများ ပြန့်ပြူးစွာ ရှိနေ သည့် နေရာအလယ်လောက်ကိုလှမ်း၍ ပစ်ပေါက်လိုက်သည်။

"ဖတ်"

ပစ်ခတ်နေရာပေါ်သို့ ကျောက်တုံးငယ် တည့်တည့် မတ် မတ်ကျသည်၊

ထို့နောက်....

"ဝုန်း....ဝေါ....ဝေါ"

မတိုးမကျယ်အသံတစ်ချက်မြည်ကာ သဲဖြူများ မြေကြီးထဲ လျှောကျပျောက်ကွယ်သည့် ထိုနေရာတွင် အကျယ် ပေဝက် သာသာ၊ အလျားသုံးပေကျော်လောက်ရှိသော မြောင်းချိုင့် တစ်ခု ဘွားခနဲပေါ်လာသည်။

ထောင်ချောင်ရှိမှန်းမသိဘဲ သဲဖြူများပေါ် ခြေချ နင်း လျှောက်သွားလျှင် ထိုမြောင်းချိုင့်ထဲ ခြေထောက်ကျညပ်ကာ ခြေသလုံးရိုးကျိုးသွားနိုင်သည်။ ခြေနှစ်ဖက်လုံးပင် သွင်သွင် ကျိုးနိုင်လောက်သည်။

"ဒီနေရာမှာ ဘယ်လိုလုပ် ထောင်ချောက်ရှိနေရတာလဲ"

ချန်ဖုန်းအင်းက တီးတိုးရေရွတ်မိသည်။

"ထောင်ချောက်တွေ ရှိနေနိုင်သေးတယ်၊ ကျွန်မ ရှေ့က နေသွားမယ်၊ အစ်ကိုကြီးတို့ နောက်ကနေ လိုက်လာခဲ့ကြပါ"

လုကျင်းက ရန်ကျောက်ယုကို လှည့်ပြောသည်။

"ကောင်းပြီ၊ ညီမကြီး ရှေ့ကသွားနှင့်"

ရန်ကျောက်ယုက ပြန်ပြောသည်။

လုကျင်းသည် ထောင်ချောက်များကို စူးစမ်းရှာဖွေရင်း ရှေ့မှလမ်းကြောင်းပြ၍သွားသည်။ ကျန်လူများက လုကျင်း ပြသွားသော လမ်းကြောင်းအတိုင်း နောက်မှလိုက်ကြသည်။ တိုးညင်သော လှုပ်ရှားသံများ ခပ်သဲ့သဲ့ ပေါ်လာသည်ကို ရန်ကျောက်ယု ကြားရပြန်သည်။

လုကျင်းက နောက်ထပ်ထောင်ချောက်တစ်ခုကို ထပ်တွေ့သည်၊ ထောင်ချောက် သော့ချက်ခလုတ်နေရာကို ဖြုတ်ကာ ထောင်ချောက်အလုပ်မလုပ်နိုင်ရန် ပြုလိုက်ရသည်။အချိန်တော့ အတန်ငယ်ကုန်သည်။

ထိုထောင်ချောက်ကို ဖြုတ်ဖယ်ပြီးချိန်တွင် နေက လုံးဝ ဝင်သွားသည်။ တောနက်တောင်ကြားနေရာဖြစ်သည့်အတိုင်း နေဝင်သွားသည်နှင့် ချက်ချင်းပင် အမှောင်တုက ကြီးစိုးသည်။

ချောင်းကောနေရာ၏တစ်ဖက်ကမ်းဆီသို့ ရောက်ဖို့ကတော့ သိပ်မဝေးတော့ပါ။ ပေတစ်ရာကျော်ကျော်လောက်သာ ရှိတော့သည်။

သာမန်ရိုးရိုးမြေအနေအထားဆိုလျှင် ထိုအကွာအဝေးမှာ မှောင်နေသည့်တိုင် စမ်း၍လျှောက်လှမ်းသွားလျှင် ဘာမျှ မကြာ။ ရောက်သွားနိုင်သည်။ သို့သော် သည်နေရာတွင်တော့ လျှို့ဝှက်ထောင်ချောက်များ ရှိနေနိုင်သည့်အတွက် မှောင်ထဲတွင် စမ်း၍မသွားနိုင်ကြ။



လထွက်လာသည်ကိုစောင့်ရင်း တစ်ထောက်ရပ်နားနေကြရသည်။ အရေးကြုံလာလျှင် ချက်ချင်း လှုပ်ရှားတိုက်ခိုက်နိုင်ရန်လည်း သိုင်းတေလောင်းဖော်တို့ အသင့်ပြင်ထားကြသည်။

အတွင်းဘက်ကို ကျောပေး အပြင်ဘက်ကို မျက်နှာမူကာ စက်ဝိုင်းသဏ္ဌာန် ဝိုင်း၍ထိုင်ကြသည်။ ရှန့်မိန်ကျန်းကို စက်ဝိုင်း၏ အလယ်နေရာတွင် ထားရှိသည်။

ရန်ကျောက်ယုသည် တိုးညင်သောလှုပ်ရှားသံကို အထူးပင် အာရုံစိုက်ကာ နားစွင့်နေသည်။ သို့သော် ထိုလှုပ်ရှားသံ ပေါ်မလာ။ ငြိမ်ချက်သားကောင်းနေသည်။

မကြာမီပင် လထွက်၍လာသည်။ ကောင်းကင်တွင် တိမ်ကင်းစင်သောကြောင့် လရောင်က အတော်ပင် လင်းသည်။

လရောင်လင်းလာသည်နှင့် ရွှေမင်းသမီးလုကျင်းသည် ရှေ့သို့သာ လျှောက်လှမ်းသွားသည်။ ကျန်လူများကတော့ ထိုင်မြဲထိုင်နေကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

ချောင်းကောနေရာ၏ တစ်ဖက်ကမ်းစပ်ဆီသို့ လုကျင်း ရောက်သွားသည်။ ကမ်းစပ်အထက်နားတွင် ထောင်ချောက် တစ်ခု ရှိနေသည်ကို တွေ့ရပြန်သည်။

ကမ်းစပ်အနီးရှိ တောင်ကုန်းအလယ်လောက်တွင် လိုဏ်ဂူဝ တစ်ခုရှိနေလျက် ထိုလိုဏ်ဂူဝတွင် လူရိပ်သဏ္ဌာန် လှုပ်ရှားမှု

လိုလို ရှိုးခနဲရိပ်ခနဲ လှမ်းမြင်လိုက်ရသောကြောင့်လုကျင်းသည် ထောင်ချောက်ကိုအချိန်ယူကာ ဖြုတ်ဖယ်ရှင်းလင်းမနေတော့။

ထောင်ချောက်၏ ပင်မသော့ချက် ခလုတ်နေရာဆီသို့သာ ကျောက်တုံးငယ်တစ်ခု လှမ်းပေါက်လိုက်လေသည်။

"ဒေါက်"

"ဝှစ် ဝှစ် ဝှစ် ဒီ ဒီ ဒီ ထပ် ထပ် ထပ် ဝှစ် ဝှစ်"

မတိုးမကျယ်အသံများ မျိုးစုံပေါ်လာသည်။ အပ်ပျံ မြှားတို့နှင့် အခြားအစေးပစ်လက်နက်အတော်စုံစုံတို့ နေရာအသီးသီးမှ လှုံ့ပျံထွက်လာကြသည်။ ထိုလက်နက်များ ပစ်ခတ်လွှမ်းမိုးသည့်နေရာကလည်း အတန်ပင်ကျယ်ဝန်းသည်။

လုကျင်း ရပ်နေရာသို့ လက်နက်ပုန်းအချို့ ဝင်လာရာ လုကျင်းက ဓားတိုနှစ်ချောင်းကို အမြန်ဆွဲထုတ်ကာ ဝှေ့ယမ်း ခုခံရိုက်ထုတ်ယပ်ရသည်။

ရိုက်ထုတ်ရင်း နောက်သို့လည်း ကမန်းကတန်းပင် လွှားခနဲ ဆုတ်ရှောင်ထွက်ရသည်။

လက်နက်ပုန်းများ၏ အန္တရာယ်မှ လွတ်အောင်ရှောင်တိမ်းထွက်လာနိုင်ခဲ့သည်။

နောက်တွင်ချန်နေကြသူများမှာ လုကျင်းအတွက် အတော်ပင် စိုးရိမ်သွားကြသည်။ သူတို့အနေဖြင့် လုကျင်းကိုတူရန်မှာလည်း လက်လှမ်းမမီဖြစ်နေသောကြောင့် ကြည့်၍သာ နေရသည်။ လုကျင်း အထိအခိုက်မရှိ နောက်ပြန်ဆုတ်လာနိုင်သည်ကို တွေ့ရမှသာ စိတ်အေးသွားကြရသည်။



လုကျင်းကိုယ်တိုင်မှာလည်း အတော်လေးပင် သည်းထိတ်ရင်ဖိုဖြစ်ခဲ့ရသည်။ သည်မျှလောက် စုံလင်များပြားသော လက်နက်ပုန်းမျိုးစုံကို နေရာအကျယ်ဝန်းဝန်းအထိ ဖြန့်ကြက်ပစ်လွှတ်နိုင်သည့် ထောင်ချောက်မျိုး လုကျင်း မတွေ့ဖူးသေးပါ။

အကယ်၍ နောက်မဆုတ်ဘဲ ဝင်လာသောလက်နက်ပုန်းများကို ခုခံရိုက်ထုတ်ဖယ်ရှားနေလျှင် လက်နက်ပုန်း တစ်ခုမဟုတ် တစ်ခု ထိမှန်နိုင်သည်။ ရိုက်ပုတ်ခုခံခြင်းမပြုဘဲ နောက်ကိုသာ အလောတကြီး ဆုတ်လျှင်လည်း လွတ်ဖို့သိပ်မလွယ်။

လုကျင်းက သတိရှိရှိဖြင့် လက်နက်ပုန်းများကို ခုခံရိုက်ထုတ်ဖယ်ရှားရင်း နောက်သို့ အမြန် အချိန်ကိုက်ဆုတ်လိုက်နိုင်သောကြောင့်သာ အန္တရာယ်မှ လွတ်ခဲ့ရခြင်းဖြစ်ပေသည်။

ရှန်ကျောက်ယုတို့လည်း ထိုင်နေရာမှ ခုန်ထကာ လုကျင်းထံသို့ ပြေးဝင်သွားကြသည်။

"ဟိုတောင်ကုန်းပေါ်ကလိုဏ်ဂူထဲမှာ ရန်သူ ရှိနေတယ်"

လုကျင်းက သူ့အနီးသို့ ရောက်လာသောသိုင်းတော်လေများကို ပြောလိုက်သည်။

ထိုအချိန်မှာပင် စကားသံတစ်ခု ရုတ်တရက် ပေါ်လာသည်။

* * *

"ထောင်ချောက်သုံးဆင့်ကို ကျော်လွန်နိုင်တယ်ဆိုတော့ အစွမ်းအစ မသေးဘူး၊ ဒါပေမယ့် ဂူထဲဝင်လာနိုင်လောက်

အောင်တော့ အစွမ်းထက်မယ်မထင်ဘူး၊ အသက်ကို နှမြောရင် လာလမ်းပြန်လှည့်သွားပေတော့"

စကားသံတစ်ခု ကြားကြရသည်။

အသံက အသက်ကြီးကြီး လူအိုတစ်ယောက်၏အသံ ဖြစ်သည်။ သိပ်မကျယ်။ သို့သော် အသံတွင် အတွင်းအားအပြည့်ပါသည်။ ကြားလိုက်ရသူတို့၏နားထဲတွင် ဟိန်း၍ သွားသလိုလို ထင်ရသည်။ ထိုအသံလှိုင်း၏ စူးဝင်ရိုက်ခတ်မှုကြောင့် နားစည်များ ထူးထူးခြားခြားပင် သှုင်ခါကြလျက် စိတ်ထဲတွင် ကြောက်သလိုလို၊ တုန်လှုပ်သလိုလို ခံစားကြရကာ ကြက်သီးများ ထ သွားကြသည်။

ကျန်သိုင်းတောလေလေးဖော်တို့က ရန်ကျောက်ယုကို လှမ်းကြည့်ကြသည်။ မည်သို့လုပ်ရမည်ကို မေးကြည့်သည့်သဘောပင်။

ရန်ကျောက်ယုမှာလည်း အတော်ပင် အဆုံးဖြတ်ရ ခက်ကာ အကျပ်တွေ့နေသည်။ လိုဏ်ဂူထဲတွင် ရှိနေသူ မည်သူမည်ဝါဖြစ်ကြောင်း သူ စဉ်းစား၍ မရ။

ထောင်ချောက်များဆင်ထားမှုနှင့် အတွင်းအား ပြည့်ဝသောစကားသံတို့ကို ထောက်ရှု၍ ပရိယာယ်ကြွယ်ဝသော အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဖြစ်မည်ဟုသာ အကြမ်းဖျင်းခန့်မှန်းရသည်။

ချောင်းကောနေရာကို ဖြတ်ကျော်လာစဉ်က သဲ့သဲ့ကြားခဲ့ရသည့် တိုးညင်းသော လှုပ်ရှားသံတွေကလည်း ပဟေဠိသဖွယ် ရှိနေဆဲ မဟုတ်ပါလား။



ထိုတိုးညင်းသော လှုပ်ရှားသံတို့သည် လိုဏ်ဂူထဲရှိ လူနှင့်ဆက်စပ်မှုရှိနိုင်သလို ဘယ်လိုမှ ပတ်သက်မှုမရှိဘဲလည်း ရှိနိုင်ပေသည်။

"ကျုပ်တို့က သိုင်းတောလေငါးဖော်ပါ၊ လိုဏ်ဂူထဲက ပုဂ္ဂိုလ်ရဲ့အမည်နာမကို သိပါရစေ"

ရန်ကျောက်ယုက ပြောလိုက်သည်။

လိုဏ်ဂူထဲမှ တုံ့ပြန်ပြောဆိုသံ ပေါ်မလာပါ။

မိမိက လေးစားမှုထားကာ ယဉ်ကျေးပွင့်လင်းစွာ ပြောဆိုမိတ်ဆက်ပါလျက် တစ်ဖက်က ဘာမျှ မတုံ့ပြန်လာသည့်အတွက် ရန်ကျောက်ယု အတော်ပင် ခံပြင်းသွားသည်။

ကျန်သိုင်းတောလေတို့လည်း မခံချိမခံသာ ဖြစ်ကုန်ကြသည်။

"ပြောမနေပါနဲ့တော့ အစ်ကိုကြီး၊ ကျွန်တော်တို့ လိုဏ်ဂူထဲဝင်ကြည့်လိုက်ရင် ဘယ်သူဘယ်ဝါဆိုတာ သိမှာပဲ"

ကြယ်ပျံကန်လီခက်စမ်းက ပြောသည်။

ထိုအခါမှ လိုဏ်ဂူထဲက စကားသံ ပေါ်လာသည်။

"ဂူထဲဝင်ဖို့ မကြိုးစားနဲ့၊ လာလမ်းကိုပြန်ပါ"

သိုင်းတောလေများသည် စိတ်လွတ်ကိုယ်လွတ်ဖြင့် သွားလိုရာခရီး လှည့်လည်သွားလာရသည်ကို အထူးခုံမင်နှစ်သက်ကြသည်။ ယခုလို ဂူထဲမဝင်ရန်နှင့် လာလမ်းအတိုင်း ပြန်ရန် ပြောဆိုလာမှုသည် သိုင်းတောလေများကို ဟန့်တားပိတ်ပင်စော်ကားသလို ဖြစ်သည့်အတွက် မခံချင်စိတ်တို့ ပို၍ ပြင်းထန်လာသည်။

ပဝင်ရန်တားသည့်နေရာကို ဝင်၍ကြည့်လိုသည်။ နောက်လှည့်ပြန်ရန် ပြောသည့်အတွက် ရှေ့သို့သာ တိုးသွားလိုကြသည်။

"ငါနဲ့ညီမကြီး ဂူထဲဝင်မယ်၊ ကျန်တဲ့လူတွေ အပြင်ကနေစောင့်"

ရန်ကျော်ယုက ပြောဆိုအမိန့်ပေးကာ ရှေ့သို့ ခြေလှမ်းသွက်သွက် လျှောက်လှမ်းသွားသည်။ ရွှေမင်းသမီး လုကျင့်က ရန်ကျော်ယုနှင့်အတူ ကပ်၍ လိုက်သွားသည်။

ကျန် သိုင်းတေလေ သုံးယောက်တို့ လူခွဲဖြန့်လိုက်ကြသည်။ လိပ်ပြာမယ်ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို သူမအနားတွင်နေရန် လက်ဆွဲခေါ်ထားသည်။

ရန်ကျော်ယုနှင့် လုကျင့်တို့နှစ်ယောက် လိုဏ်ဂူရှိရာသို့ အသွားမှာပင် လိုဏ်ဂူထဲမှ လူတစ်ယောက် ခုန်လွှားထွက်လာသည်။ ရန်ကျော်ယုတို့နှစ်ယောက်၏ရှေ့မှ ပိတ်ဆို့ တားဆီးသည်။

လိုဏ်ဂူထဲမှ ခုန်လွှားထွက်လာသူမှာ အသက် (၁၆) နှစ်သာသာမျှသာရှိဦးမည့် လူငယ်လေးတစ်ယောက် ဖြစ်သည်။ ဘယ်လက်တွင် ထူထဲကြီးမားသည့် ရှေးဟောင်း ဒိုင်းလွှားကြီးတစ်ခုကိုင်ထားသည်။ ညာလက်တွင်တော့ ဓားရှည်တစ်လက် ရှိနေသည်။

လူငယ်လေးကိုင်စွဲထားသော ဓားရှည်မှာ ကြည့်လိုက်သည်နှင့် အဖိုးတန်ဓားကောင်းတစ်လက်ဖြစ်ကြောင်း သိနိုင်သည်။ ဓားပုံစံကတော့ ရှေးကျသည်။ ဓားသွားအရှည်က



အခြားဓားရှည်များထက် တစ်ပေသာသာခန့် ပိုရှည်သည်။ ဓားရွက်ကလည်း ဖြက်ကျယ်သည်။

အသက် အတော်ကြီးမည့် လူအိုတစ်ယောက်၏ စကားသံကြားရပြီး ထွက်လာတော့ လူငယ်လေးတစ်ယောက် ဖြစ်နေသည့်အတွက် ရန်ကျော်ယုနှင့် လုကျင့်တို့ မျက်မှောင်ကြုတ်မိကြသည်။

"ကျုပ်တို့က...."

ရန်ကျော်ယုက မိမိတို့သည် ရန်ပြုဖို့ မဟုတ်ကြောင်း ပြောမည်ပြုသည်။ သို့သော် စကားစ လိုက်ချိန်မှာပင် လူငယ်လေးက ဓားရှည်ကြီးကိုဝင့်ကာ ခုတ်ပိုင်းချလာသောကြောင့် စကားဆုံးအောင် မပြောနိုင်။

စကားတစ်ပိုင်းတစ်စနှင့် ရပ်ကာ လူငယ်လေး၏ ဓားခုတ်ချက်ကို ခုန်ရှောင်လိုက်ရလေသည်။

ဓားချက်က ရန်ကျော်ယုကို မထိသော်လည်း အင်္ကျီညာဘက် လက်မောင်းစကိုတော့ စုတ်ဖြဲထွက်သွားအောင် ခုတ်ဖြတ်မိသည်။ ရန်ကျော်ယုမျက်နှာ မည်းခနဲ ဖြစ်သည်။ အသက်ငယ်ရွယ်လှသေးသော လူငယ်တစ်ယောက်နှင့် ရင်ဆိုင်ရာတွင် ပထမဆုံးသော သိုင်းကွက်မှာပင် အင်္ကျီလက်မောင်း စုတ်ပြတ်အောင် ခံလိုက်ရသည့်အတွက် အတော်လည်း ရှက်မိသည်။

ရန်ကျော်ယုက ဓားရှည်ကို ရှမ်းခနဲမြည်အောင် ဆွဲထုတ်သည်။

လူငယ်လေးက ခုန်ရှောင်သွားသော ရန်ကျောက်ယုကို လိုက်လံတိုက်ခိုက်ခြင်းမပြု။ နေရာတွင်ပင် တည်ငြိမ်စွာ ရပ်နေသည်။ သူ့အသွင်သည် တစ်ဖက်လူကို ထိထိမိမိ တိုက်ခိုက်လိုက်သည့် အမူအရာမျိုးပင်မရှိ။

ဒေါသလည်း အတန်ထွက်နေသော ရန်ကျောက်ယုကသာ လူငယ်လေးရှိရာသို့ ပြေးဝင်ကာ ဓားရှည်နှင့်အုပ်မိုး ခုတ်ပိုင်းချသည်။ ဓားချက်အရှိန် အတော်ပြင်းသည်။

"အစ်ကိုကြီး....လက်လွန်မယ်"

ရန်ကျောက်ယု၏ ဓားခုတ်ချက် အတန်ပင် ကြမ်းတမ်းပြင်းထန် ရက်စက်သောကြောင့် ရွှေမင်းသမီး လုကျင်းက သတိပေးလိုက်မိသည်။ ရန်ကျောက်ယုလို သက်ကြီးဝါကြီး သမ္မာရင့် သိုင်းသမားကြီးတစ်ယောက်အနေနှင့် အသက် ၁၆ နှစ်သာသာမျှသာ ရှိဦးမည့် လူငယ် သိုင်းသမားလေး တစ်ယောက်ကို သည်လို ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်မှုသည် မသင့်လျော်လှပေ။

ရန်ကျောက်ယုကလည်း မိမိ ဒေါသကြီးပြီး တိုက်ချက်ပြင်းထန်သွားမှန်း နားလည်သည်။ သို့သော် ခုတ်ချလိုက်ပြီမို့ ဓားချက်ကိုမူ ပြန်မရုပ်သိမ်းနိုင်တော့။

ဓားသွားသည် လူငယ်လေး၏ ဦးခေါင်းပေါ် အဟုန်ပြင်းစွာ အုပ်မိုးကျရောက်သည်။

လူငယ်လေးက သူ့လက်ထဲရှိ ဓားရှည်ကြီးကို ဝင့်ကာ တစ်ချက် ခုတ်ပိုင်းသည်။ စောစောက ရန်ကျောက်ယုကို ဆီး၍ ခုတ်ပိုင်းတိုက်ခိုက်သည့် သိုင်းကွက်လှုပ်ရှားဟန်ပင် ဖြစ်သည်။



သို့သော် လူငယ်လေး၏ ဓားရှည်သည် ရန်ကျောက်ယု၏ ခုတ်ချလာသော ဓားချက်ကို ထိထိမိမိပင် မိတ်ဆို့ချေဖျက်နိုင်သည်။ ရန်ကျောက်ယု၏ ဓားကွက် ရုတ်ခြည်း ပျက်ပြားသည်။ လူငယ်လေး၏ ဓားချက်ကသာ ရန်ကျောက်ယု၏ ရင်မောက်ဆီသို့ လျှပ်ပြက်သလို တိုးဝင်သည်။

ရန်ကျောက်ယုမှာ ထိတ်ခနဲဖြစ်၍ ကမန်းကတန်း နောက်သို့ ခုန်၍ရှောင်သည်။ ရန်ကျောက်ယု ရှောင်သွားရာနောက်သို့ လူငယ်လေး၏ ဓားချက်က လိုက်လာသည်။ ရန်ကျောက်ယုမှာ လူငယ်လေး၏ဓားချက် လွှမ်းမိုးမှုအောက်မှ ရုန်းမထွက်နိုင်ဘဲ အုပ်စီးလွှမ်းမိုးမှုခံနေရသည့် အခြေအနေမျိုး ဖြစ်သွားသည်။

အလွန်လည်း အန္တရာယ်ကြီးနေပြီ။

လုကျင်းသည် ဓားတို့နှစ်လက်ကိုအမြန်ဆွဲထုတ်ကာ လူငယ်လေး၏ဓားချက်ကို ဝင်ရောက်တားဆီးချေဖျက်သည်။

မမီတော့ပါ။

လူငယ်လေး၏ ဓားရှည်ထိပ်ဖျားပိုင်းက ရန်ကျောက်ယု၏ ရင်မောက်ကို ထိုးစိုက်မိသွားသည်။

"အား...."

ရန်ကျောက်ယု တစ်ချက်သာ အော်နိုင်ကာ ခွေခနဲ လဲကျသည်။

ဓားချက် ထိုးစိုက်မိသည်ဆိုသော်လည်း ရန်ကျောက်ယုက နောက်သို့ဆုတ်ကာ ရှောင်တိမ်းနေမှုကြောင့် နက်နက်ရှိုင်းရှိုင်း စူးနစ်ဝင်သွားခြင်းမရှိပါ။ ရုပ်၍ထိသည်ဟုပင် ဆိုနိုင်လောက်သော အဖျားခတ်ထိမိခြင်းသာ ဖြစ်သည်။

သို့သော် ရန်ကျော်ကျော်ယု အော်ဟစ်ကာ လဲပြိုကျသွားသည့်အတွက် ဓားတေလေများ အလွန်ပင် အံ့သြသွားကြရလေ၏။

ငှက်ဘုရင် ထန်းမောက်စူးက ငှက်နူတ်သီး ရဲတင်းရှည်ကို ကိုင်စွဲကာ တိုက်ပွဲဝင့်လာသည်။ ထိုရဲတင်းကြီးမှာ ထက်မြသော အသွားတစ်ဖက်ရှိလျက် ထိုအသွားနှင့်အတူတွဲ၍ ချွန်ထက်သော အနှောင့်ကောက်ကောက် တစ်ခုရှိ၏။ လက်ကိုင်ရိုးက လေးပေသာသာခန့်ရှည်၏။ ပုဆိန်သွားဖြင့် ခုတ်ဖြတ်တိုက်ခိုက်နိုင်သလို ငှက်နူတ်သီးသဏ္ဍာန် ချွန်ကော့နေသော အနှောင့်ဖြင့်လည်း ထိုးစိုက်တိုက်ခိုက်နိုင်သည်။

ကြက်ပျံ ကန်လီခက်စမ်းကမူ သူ၏လက်စွဲတော် 'ကြယ်ပျံ' လက်နက်ပုန်းသုံးခုကို ပစ်လွှတ်လိုက်လေသည်။ ကြယ်ပျံလက်နက်ပုန်းသည် ခရေပွင့်သဏ္ဍာန်ဖြစ်ကာ လက်သည်းခွံ အရွယ်အစားခန့်ရှိသည်။ အတော်လည်း ပါးလှပ်သည်။ အနားတစ်လျှောက် ခွေးသွားစိပ်လို ဆူးချွန်လေးတွေ ပါရှိသည်။

လိပ်ပြာမယ် ချန်ဖုန်းအင်းကတော့ ကျားပွတ်ရှည်ကို ဖြုတ်ကာ ညာလက်တွင် အသင့်ကိုင်လျက် ဘယ်လက်ဖြင့် ရန်မိန့်ကျန်း၏ပခုံးကို အသာကိုင်၍ထားသည်။သူသည်လည်း အရေးကြုံလျှင် ဝင်ရောက်တိုက်ခိုက်ရန် အသင့်ပြင်ထားသည်။

ရန်ကျော်ကျော်ယု ဓားချက်ထိကာ လဲကျသွားချိန်တွင် ချန်ဖုန်းအင်းက လူငယ်လေးကို အတင်းဝင်တိုက်သည်။ ဘယ်ညာလက်နှစ်ဖက်တွင် ကိုင်ထားသော ဓားတိုနှစ်ချောင်းကို သွက်လက်မြန်ဆန်စွာ ဝှေ့ယမ်းကာ တရကြမ်း တိုက်ခိုက်သည်



လူငယ်လေးက ချန်ဖုန်းအင်း၏ဓားတို ခုတ်ဖြတ်တိုက်ခိုက်မှုများကို ဒိုင်းကြီးဖြင့် ခံပေးသည်။ ဒိုင်းပေါ်သို့ ဓားတို ခုတ်ချက်များထိမိသံတို့ တဒန်ဒန် ပေါ်ထွက်သည်။ ဒိုင်းဖြင့် ခံဆောင်ရင်း ဓားရှည်ဖြင့် တန်ပြန်တိုက်မည်အပြု ထန်းမောက်စူး၏ ပုဆိန်ခုတ်ချက် ဝင်လာရာ လူငယ်လေးသည် ချန်ဖုန်းအင်းကို မတိုက်ခိုက်နိုင်တဲ့ ထန်းမောက်စူးဘက်သို့ ဓားချက် လမ်းကြောင်းပြောင်းကာ ရင်ဆိုင်လိုက်ရသည်။

ထန်းမောက်စူး၏ ပုဆိန်ခုတ်ချက်တို့မှာ လူငယ်လေးကို ထိအောင်မခုတ်နိုင်ကြ။ လူငယ်လေး၏ ဓားသွားဓားချက်များအောက်တွင် ပုဆိန်ခုတ်ချက်တို့ နစ်မြုပ်ပျောက်ကွယ် ပျက်စီးကုန်ကြသည်။ ထိုမျှမက လူငယ်လေး၏ ဓားရှည်သွားက ထန်းမောက်စူး၏ ညာဘက်ပခုံးစွန်းကိုပင် ခုတ်မိသည်။

"အား"

ထန်းမောက်စူး စူးစူးဝါးဝါးအော်ကာ နောက်သို့ ယိမ်းယိုင်သွားသည်။ ပုဆိန်လည်း လက်မှလွတ်ကျသည်။

ဤအခိုက်အတန့်လေးမှာပင် ကန်လီခက်စမ်းပစ်လွှတ်လိုက်သော ကြယ်ပျံ လက်နက်ပုန်း သုံးခုတို့ လမ်းကြောင်း သုံးကြောင်းခွဲကာ လူငယ်လေးရှိရာသို့ ဦးတည် ဝင်လာကြသည်။

ဒိုင်းကြီးများဖြင့် ချန်ဖုန်းအင်း၏ ဓားတိုခုတ်ချက်များကို ခံဆောင်နေရပြီး ဓားရှည်ကမူ ထန်းမောက်စူးကို တန်ပြန်တိုက်ခိုက်လိုက်ရသောကြောင့် လူငယ်လေးမှာ ကန်လီခက်စမ်း၏ ကြယ်ပျံလက်နက်ပုန်းများကို ခုခံရန် လတ်နက်အကာအကွယ်မရှိ ဖြစ်သွားသည်။

လူငယ်လေးအနေဖြင့် ခုန်လွှားရှောင်ထွက်ဖို့သာ ရှိတော့သည်။ လူငယ်လေးခုန်လွှားရှောင်ထွက်လျှင် ကြားမှဝင်ကာ ဖိတိုက်ရန် ချန်ဖုန်းအင်းက အရှိန်ယူအသင့်ပြင်သည်။

သို့သော် လူငယ်လေးသည် ခုန်လွှားရှောင်ရှားခြင်း မပြု။ ချန်ဖုန်းအင်း၏ဓားတို ခုတ်ချက်များကိုခုခံလျက် ထန်းမောက်စူးကို တန်ပြန်တိုက်စစ်ဆင်သည့်သိုင်းဟန်အနေအထားအဲတိုင်းသာ ရှိနေသည်

ထို့ကြောင့် ထန်းမောက်စူး၏ ညာပခုံး ဓားချက်ထိကာ လဲကျသွားသည့်အချိန်မှာပင် ကန်လီခက်စမ်း ပစ်လွှတ်လိုက်သော ကြယ်ပျံ လက်နက်ပုန်းသုံးခုထဲမှ တစ်ခုကလူငယ်လေး၏ ညာဘက်ပခုံးညှပ်ရိုးကို ထိစိုက်သည်။ ကျန်တစ်ခုက လူငယ်လေး၏ ဘယ်ဘက်တင်ပါး အရိုးဆက်နေရာကို ထိမိသည်၊ တစ်ခုကတော့ လွဲချော်ထွက်သွားသည်။

လူငယ်လေး၏ ညာဘက်လက်ထဲမှ ဓားရှည်ကြီး လွတ်ကျသည်။ ဘယ်ဘက် ခြေထောက်ခွေညွှတ်လျက် လဲကျလုလုဖြစ်သည်။ ဒိုင်းကြီးဖြင့် မြေကြီးကိုထောက်ကာ အားပြုထိန်းလိုက်သောကြောင့် လဲကျမသွားပေ။ ကိုယ်ဟန်တော့ ယိမ်းယိမ်းယိုင်ယိုင်ဖြစ်သည်။

"တောက်....အရိပ်မဲ့မိစ္ဆာရဲ့ လက်အောက် ငယ်သားတွေ တော်တော်အစွမ်းထက်တာကိုး"

လိုဏ်ဂူထဲမှာ အဘိုးအိုတစ်ယောက်၏ အိုမင်းသောအသံ ပေါ်လာသည်။

"ထိုက်အော်....အထဲအမြန်ပြန်ဝင်လာ"



အဘွားအိုတစ်ယောက်၏ အသံလည်း ဆက်၍ ကြားကြရသည်။

လူငယ်လေးသည် လိုဏ်ဂူထဲပြန်ဝင်မည်ပြုသည်။ သို့သော် ဘယ်ဘက်တင်ပါး အရိုးဆက်နေရာတွင် ထိစိုက်ဒဏ်ရာ ရှိနေလေရာ ဘယ်ခြေကိုကောင်းကောင်းမထောက်နိုင်၊ တုံ့နှေးနှေးဖြစ်နေသည်။

"ဆက်ပြေးလို့ ရမှာလား"

ချန်ဖုန်းအင်းက အော်ဟစ်ရင်း လူငယ်လေးရှိရာသို့ ခုန်လွှားဝင်သည်။

"ဝှစ်"

လေတိုးသံသဲ့သဲ့နှင့် အတူ လိုဏ်ဂူဝမှ လက်နက်ပုန်းတစ်ခု လျင်မြန်သောအဟုန်ဖြင့် ထွက်လာသည်။ လက်နက်ပုန်းသည် ဖုန်းအင်းထံသို့ တန်းဝင်လာသည်။ ဖုန်းအင်း ကမန်းကတန်း ရှောင်သည်။

မလွှတ်။

ခါးဆစ်ရိုးကို အထိခံရသည်။ တစ်ကိုယ်လုံး အားတွေချည့်နဲ့ကုန်သလို ခံစားရကာ ခွေယိုင်လဲကျလုလု ဖြစ်သည်။ ကြယ်ပျံ ကန်လီခက်စမ်းက မေးမတွဲအား၍ လဲမကျ။

"မဟုတ်တာ မပြောနဲ့၊ ကျုပ်တို့နဲ့ အရိပ်မဲ့မိစ္ဆာ ဘာမှ မဆိုင်ဘူး"

လဲကျနေရမှ ရန်ကျော်ယုကပြောသည်။

အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းသည်ရက်စက်ကြမ်းကြုတ်လှသော လမ်းလွဲသိုင်းသမားဆိုးကြီးတစ်ယောက်ဖြစ်သည်။ သိုင်းတေလေငါးဖော်တို့သည် အရိပ်မဲ့မိစ္ဆာမာဟိုဖန်းနှင့် တွေ့ဆုံရင်ဆိုင်ဖူးခြင်းမရှိသော်လည်း သူ၏ ဆိုးသွမ်းရမ်းကားမှုများကိုတော့ ကြားဖူးထားကြသည်။ သိုင်းသမားဆိုးလူရမ်းကားကြီး တစ်ယောက်ဟု ကောင်းကောင်းသိထားကြသည်။

ယခု မိမိတို့ကို မာဟိုဖန်း၏ လက်အောက်ငယ်သားဟောဟု ပြောလာသည့်အတွက် ရန်ကျောက်ယုက ဒဏ်ရာရနေသည့်ကြားမှ ချက်ချင်းငြင်းဆိုလိုက်လေသည်။

"မဟုတ်ဘူးဆိုရင် ဘာကြောင့် သူ့အတွက် ရှေ့မြေးတိုက်ပွဲဝင်ပေးရတာလဲ"

လိုဏ်ဂူထဲမှ စကားသံထွက်လာပြန်သည်။

ပြန်ဆုတ်သွားသော လူငယ်လေးမှာ လိုဏ်ဂူ အဝနားသို့ ရောက်သွားလေပြီ။

"မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ကျုပ်တို့ဘာသာခရီးလှည့်ရင်း ရောက်လာတာ"

ရန်ကျောက်ယုက ပြန်ပြောလိုက်ပြီးချိန်မှာပင် အေးစက်စက် စကားသံကြီးတစ်ခု ရုတ်တရက် ပေါ်လာသည်။

"သူတို့က ကျုပ်ရဲ့လက်အောက်ငယ်သားတွေ မဟုတ်ပါဘူး၊ သူတို့ဘာသာသူတို့ ရောက်လာကြတဲ့ ခရီးသည် သိုင်းတေလေ ငါးဖော်တို့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်အတွက် အများကြီး အခွင့်အလမ်းဖြစ်စေနေတဲ့ လျှို့ဝှက် ထော



ချောက်တွေကိုဖယ်ရှားပေးခဲ့ပြီး ဟိုကောင်လေးကိုလဲ ဒဏ်ရာရသွားအောင် တိုက်ခိုက်ပေးခဲ့တဲ့အတွက်တော့ သူတို့ကို ကျုပ်က ကျေးဇူးတင်ရလိမ့်မယ်"

စကားအဆုံးတွင် လူကြီးတစ်ယောက် ရုတ်ခြည်း ထိုနေရာသို့ ရောက်လာသည်။

အရိပ်မဲ့မိစ္ဆာ မာကိုဖန်းပင်တည်း။

★

## အခန်း (၄)

အရိပ်မဲ့မိစ္ဆာ မာဟိုဖန်း ရောက်ရှိလာသည်။

မာဟိုဖန်းသည် အသက်ငါးဆယ်ခန့်ရှိသည်။ အရပ်မြင့်ပြီး ကိုယ်လုံးကိုယ်ပေါက်တောင့်ခိုင်သည်။

အညိုရင့်ရောင်ဝတ်စုံကို ဝတ်ထားသည်။ ဝတ်စုံသည် အကောင်းစားဖြစ်သည်။ သို့သော် မလျှော်မဖွပ်ဘဲ တောတေပေပေ ဝတ်ဆင်ထားဟန်ဖြင့် ညစ်ထေး၍နေသည်။ ဆံပင်များကို မဖြီးမသင်ဘဲ ဖားလျားချထားသည်။

ရုပ်ရည်ကမူ မဆိုးလှ။ သို့သော် မျက်နှာသည် ဖြူရော်ရော် ပြာနှမ်းနှမ်းဖြစ်နေလေရာ လူမျက်နှာထက် မကောင်းဆိုးဝါးမျက်နှာနှင့် ပို၍တူနေသည်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများကလည်း အတော်ကိုရှည်ကြသည်။

မြင်ရသည်နှင့်ပင် နှလုံးနာဖွယ် ကြောက်မက်ဖွယ်ရာ ဖြစ်သည်။



ယခုမှသာ မိမိတို့သည် မထင်မှတ်ဘဲနှင့် အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းအတွက် ကူညီလုပ်ဆောင်ပေးမိသလိုဖြစ်နေကြောင်းကို သိုင်းတေလေတို့ နားလည်ကြရလေတော့သည်။ လိုဏ်ဂူထဲရှိလူများ မည်သူမည်ဝါဟု တိတိကျကျမသိသော်လည်း မာဟိုဖန်း၏ အန္တရာယ်ကို ရင်ဆိုင်နေကြရသူတွေဖြစ်ကြောင်းကိုတော့ သဘောပေါက်ကြသည်။

"ကျုပ် ဒီမှာ အလုပ်လုပ်စရာရှိတယ်၊ ကျုပ်အလုပ် လုပ်မယ့်နေရာမှာ ရှိနေကြတဲ့လူတွေကို အရှင်ထားရိုးထုံးစံတော့ မရှိဘူး၊ ဒါပေမယ့် မင်းတို့တစ်တွေက ငါ့အတွက် ကူညီပြီး ရှေ့ပြေးတိုက်ပွဲဝင်ပေးခဲ့ကြတာမို့ သက်ညှာလိုက်မယ်၊ မင်းတို့ ဒီနေရာက အမြန်ထွက်သွားကြပေတော့"

မာဟိုဖန်းက သိုင်းတေလေများကို ပြောလိုက်သည်။

ထိုအချိန်တွင် လူငယ်လေးသည် လိုဏ်ဂူနှင့် သိပ်မဝေးတော့။ ခြေလှမ်းနှစ်လှမ်းမျှ ဆက်လှမ်းလျှင် လိုဏ်ဂူထဲသို့ ပြန်ဝင်နိုင်တော့မည်။

ကိုယ်တွေ့ ရင်ဆိုင်ခဲ့ဖူးပြီးသည်မို့ ထိုလူငယ်လေး၏ သိုင်းပညာစွမ်းသည် တစ်မူဆန်းပြားကြောင်း ရန်ကျော်ယုနားလည်သည်။ သိုင်းကွက်သည် တစ်ကွက်တည်းသာ လှုပ်ရှားတိုက်ခိုက်ခဲ့သော်လည်း ထိုတစ်ကွက်တည်းသော သိုင်းကွက်တွင် ခုခံမှုများ၊ ချေဖျက်မှုများ၊ ပိတ်ဆို့မှုများနှင့် တန်ပြန်တိုက်စစ်အား စသည်တို့ အစုံအလင်ရှိနေသည်။ ဓားချက်တို့ကလည်း သွေးကြောထွက်နေရာများကို ထိထိမိမိ ဦးတည်သည်။

ရန်ကျောက်ယုကိုယ်တိုင်ပင် ရင်မောက်ပေါ်ရှိ သွေးကြောကွက်နေရာကို ဓားချက် အထိခံလိုက်ရပေရာ ဓားချက်စူးဝင်မှုက ဘာမျှမဖြစ်သော်လည်း တစ်ကိုယ်လုံး ကျဥ်ခနဲ ခံစားရလျက် ယိမ်းယိုင်လဲကျ ဒဏ်ရာရခဲ့ရပေသည်။

ယခု လူငယ်လေး ဒဏ်ရာရနေသည်ကပဲ နှမြောစရာကောင်းသည်။ မဟုတ်လျှင် ထိုလူငယ်လေးသည် မာဟိုဖန်းကို ဟန့်တားနိုင်ကောင်း ဟန့်တားနိုင်မည်။ လူငယ်လေးကို လိုဏ်ဂူထဲ ပြန်ဝင်လာခိုင်းခြင်းသည် ဒဏ်ရာများ ကုသပေးဖို့ ဖြစ်နိုင်ကြောင်းလည်း တွေးမိလေသည်။

"ဒီမယ် မာဟိုဖမ်း၊ ခင်ဗျားအကြောင်းတွေ ကျုပ်တို့ကြားဖူးထားသလို ကျုပ်တို့ သိုင်းတေလေငါးဖော်ဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ ခင်ဗျားလဲ သိထားမှာပေါ့၊ အခု ကျုပ်တို့က ခင်ဗျားကို ကူညီပေးခဲ့တာမဟုတ်ဘူး၊ အထင် လွဲမှားမှုကြောင့် တိုက်လားခိုက်လား ဖြစ်ခဲ့ရတာ၊ အခု အကြောင်းဖြစ်ရပ်မှန်တွေ သိရပြီဆိုတော့ ခင်ဗျား လုပ်ချင်သလိုလုပ်လို့ ရမယ်ထင်သလား၊ ကျုပ်တို့က ဝင်တားဆီးရမှာပဲ"

ရန်ကျောက်ယုက မာဟိုဖန်းကို ခပ်မာမာ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

အရိုပ်မဲ့မိစ္ဆာက အသံကြောင်ကြီးဖြင့် တဟားဟား ရယ်လိုက်သည်။

"ဟား ဟား ဟား၊ သက်ညှာတာကို သက်ညှာမှန်းမသိဘဲကိုး၊ ဒီမယ် မင်းက ကျုပ်ကို ဟန့်တားမယ်လေး ဘာလေး



နဲ့၊ မင်းကိုယ်မင်းလဲ ကြည့်ပါဦး၊ ဒဏ်ရာရထားပြီး အနိုင်နိုင်ရပ်လာရတာ မဟုတ်လား၊ ကျုပ်က သက်ညှာနေတုန်း လိမ်လိမ်မာမာ ထွက်သွားကြတာ ကောင်းလိမ့်မယ်"

ရန်ကျောက်ယုနှင့် မာဟိုဖန်းတို့နှစ်ယောက် စကား အပြန်အလှန် ပြောနေကြချိန်တွင် လူငယ်လေးသည် လိုဏ်ဂူထဲသို့ ပြန်ဝင်သွားလေလည်။

"ထွက်သွားဖို့ စိတ်မကူးဘူး၊ ခင်ဗျားကို ဟန့်တားရမှာပဲ"

ဤသို့ပြောပြီးနောက် ရန်ကျောက်ယုက မိမိလူများကို တိုက်ခိုက်ရန် အချက်ပြလိုက်လေသည်။

တိုက်ခိုက်ကြမည်ဆိုရသော်လည်း သိုင်းတေလေတို့၏အခြေအနေက သိပ်မကောင်းပါ။ သိုင်းတေလေ ငါးဖော်တို့တွင် ရန်ကျောက်ယု၊ လုကျုင်းနှင့် ထန်းမောက်စုံတို့ ဒဏ်ရာရနေကြသည်။ စွမ်းအားပြည့် တိုက်ခိုက်နိုင်စွမ်း မရှိကြ။

စွမ်းစွမ်းတမံ တိုက်ပွဲဝင်နိုင်သူဆို၍ ကာန်လိခက်စမ်းနှင့် ချန်ဖုန်းအင်းတို့နှစ်ယောက်သာ ရှိသည်။

မည်သို့ဆိုစေ၊ သိုင်းသမားဆိုးကြီး မာဟိုဖန်း၏ သောင်းကျန်းရမ်းကားမှုကို ဟန့်တား တိုက်ပွဲဝင်နိုင်ဖို့တော့ သိုင်းတေလေငါးဖော်စလုံး စိတ်ဓာတ် ခိုင်မာတက်ကြွစွာ ရှိကြပေသည်။

* * *

"ဟို ကျောက်တုံးကြီး နောက်နားမှာ သွားနေနော်၊ ဘာမှမကြောက်နဲ့ သိလား၊ ဘယ်ကိုမှလဲ ထွက်မသွားနဲ့"

လိပ်ပြာမယ်ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို ပြောသည်။ မိမိအနေဖြင့် တိုက်ပွဲ မဝင်မဖြစ်။ ပါဝင်တိုက်ခိုက်ရတော့ မည့်အခြေအနေမို့ ယခုလို မှာကြားခြင်းဖြစ်သည်။

"စိတ်ချပါဒေါ်လေး၊ ကျွန်တော် မကြောက်ဘူး၊ အဲဒီနားမှာပဲနေမယ်၊ ဒေါ်လေးတို့သာ ဟိုလူဆိုးကြီးကို နိုင်အောင် တိုက်ပါ"

အသက်ငယ်ရွယ်သော်လည်း သတ္တိမသေးသော ရန်မိန်ကျန်းက ပြန်ပြောသည်။ ချန်ဖုန်းအင်း ညွှန်ပြသောကျောက်တုံးကြီးနောက်သို့ သွား၍ရပ်နေသည်။

"ကျွန်တော်တို့ သေသေချာချာ မစုံးစမ်း မဆင်ခြင်မိဲ့တာကို တောင်းပန်ပါတယ်၊ ဒီမိစ္ဆာကောင်ကြီးကို ကျွန်တော်တို့ အစွမ်းကုန် တိုက်ခိုက်ပါ့မယ်"

ရန်ကျောက်ယုက လိုက်ရှုထဲရှိလူများကို လှမ်း၍ ပြောလိုက်သည်။

"ဒဏ်ရာရထားတဲ့ကောင် စကားကြီးစကားကျယ် ပြောနေတုန်းကိုး ဒီမှာ လာပြီဟေ့"

အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းက ပြောပြောဆိုဆို လွှားခနဲ ခုန်ဝင်လာသည်။ သူသည် ရန်ကျောက်ယုကို စကားပြောလိုက်ခြင်းဖြစ်သော်လည်း လူကတော့ ချန်ဖုန်းအင်းထံသို့ ခုန်လွှားဝင်လာသည်။



ဒဏ်ရာမရဘဲရှိနေသေးသူ လိပ်ပြာမယ် ချန်ဖုန်းအင်းကို ဈေးဦးပေါက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မိမိထံသို့ ခုန်လွှားဝင်ရောက်လာသော မာဟိုဖန်းကို ချန်ဖုန်းအင်းက ကျာပွတ်ရှည်ဖြင့် ဆီး၍ ရိုက်သည်။ အနားသို့ ရောက်လာသည်အထိ စောင့်မနေ။

မာဟိုဖန်း၏ သိုင်းပညာစွမ်းက အတော်ပင်ကောင်းသည်။ ခုန်လွှားဝင်လာရာမှ ဖုန်းအင်း ဆီးရိုက်လိုက်သော ကျာပွတ်၏ ရိုက်ချက်လမ်းကြောင်းအတိုင်း လိုက်လျောအောင် ချိန်ဆလျက် ကျာပွတ်အဖျားပိုင်းကို ဆတ်ခနဲ ဆုပ်ဖမ်းလိုက်သည်။

အချိန်အဆလွဲလျှင် ကျာပွတ်က မာဟိုဖန်း၏လက်ကောက်ဝတ်ကို ရစ်ပတ်မိသွားမည်မလွဲ။ အချိန်အဆ မှန်ကန်တိကျစွာ လှုပ်ရှားလုပ်ဆောင်နိုင်သောကြောင့် ကျာပွတ်အဖျားကို မိမိရပင် ဆုပ်ဖမ်းမိသည်။

ထိုသို့ ဆုပ်ဖမ်းမိ၍ ကျာပွတ်မှာ တင်းခနဲ ဖြစ်သွားသောအခါ ချန်ဖုန်းအင်းက ကျာပွတ်ကိုပြန်၍ ဆောင့်ဆွဲယူသည်။ မာဟိုဖန်းက လက်လွှတ်မပေး။ ချန်ဖုန်းအင်း ဆွဲယူလိုက်သောအားအရှိန်အဟုန်အတိုင်း အလိုက်သင့်မျော၍ လိုက်ပါလာသည်။

မူလခုန်လွှားဝင်လာသော အရှိန်အဟုန်နှင့် ပေါင်းမိကာ ပို၍လျင်မြန်သော အလျင်ဖြင့် ချန်ဖုန်းအင်းရှိရာသို့ တိုးဝင်ရောက်ရှိသည်။ ညာလက်ဖြင့် ကျာပွတ်အဖျားကို မလွှတ်တမ်းဆုပ်ကိုင် ဆွဲထားရင်း ချန်ဖုန်းအင်းကို ဘယ်လက်ဝါးနှင့် လှမ်းရိုက်ချသည်။

မိမိ တိုက်ကွက်မှားသွားပြီကို ရိပ်မိသော ချန်ဖုန်းအင်းလည်း ချက်ချင်းပင် ကျာပွတ်ကို လက်လွှတ်ကာ နောက်သို့ ကျွမ်းပစ်ကာ ရှောင်တိမ်းထွက်သည်။ မာဟိုဖန်း အလွတ်မခံ။ ချန်ဖုန်းအင်း၏ နောက်ကျောကို လက်ဝါးဖြင့် ဆတ်၍ရိုက်သည်။

ချန်ဖုန်းအင်းတစ်ယောက် မာဟိုဖန်း၏လက်ဝါးရိုက်ချက်အောက်မှ လွတ်အောင် မရှောင်နိုင်ဘဲ အန္တရာယ်ကြုံရချိန်တွင် ကန်လိခက်စမ်း ပစ်လွှတ်သော ကြယ်ပုံ လက်နက်ပုန်းနှစ်ခု ရှီးခနဲ ရှီးခနဲ အသံမြည်ဟိန်းကာ အဟုန်ပြင်းစွာ ဝင်လာ၏။

မာဟိုဖန်းအနေဖြင့် ချန်ဖုန်းအင်းကို အလွတ်မပေးဘဲ လက်ဝါးနှင့်ထိအောင် ဆက်ရိုက်လျှင် ကြယ်ပုံလက်နက်ပုန်း တစ်ခုမဟုတ် တစ်ခုကတော့ သူ့ကိုယ်ပေါ် စူးဝင်သွားမှာ သေချာသည်။

အရိပ်မဲ့မိစ္ဆာက ချန်ဖုန်းအင်းကို ဆက်မတိုက်ခိုက်တော့။ ကိုယ်ကို တစ်ပတ်လှည့်လိုက်ကာ အဖျားပိုင်း ဆုပ်ကိုင်မိထားသော ကျာပွတ်ဖြင့် ကြယ်ပုံလက်နက်ပုန်းနှစ်ခုကို ရိုက်ချပစ်လိုက်သည်။

"ဒုတ်....ဒုတ်"

ကျာပွတ်အရင်းဘက်ပိုင်းနှင့် ထိရိုက်မိကာ ကြယ်ပုံလက်နက်ပုန်းနှစ်ခု လွင့်စဉ်ထွက်သွားကြသည်။ ချန်ဖုန်းအင်းမှာတော့ မာဟိုဖန်း၏ လက်ဝါးရိုက်ချက်အောက်မှ သီသီလေး လွတ်မြောက်သည်။



ကြယ်ပုံလက်နက်ပုန်းများကို ရိုက်ထုတ်ပြီးနောက် မာဟိုဖန်းသည် ချန်ဖုန်းအင်း ဆုတ်ပြေးရာဘက်သို့ ခုန်လွှား၍ လိုက်ပြန်သည်။ နောက်ကျွမ်းပစ်ကာ ရှောင်တိမ်းထွက်သွားသော ချန်ဖုန်းအင်း မြေကြီးပေါ် ခြေချရပ်မိချိန်မှာပင် သူ့ရှေ့ဘက်သို့ မာဟိုဖန်း ဘွားခနဲ ရောက်လာသည်။ ချန်ဖုန်းအင်း၏ ညာဘက်ပခုံးကို ဘယ်လက်ဖြင့် လှမ်း၍ကုတ်ဆွဲသည်။

မာဟိုဖန်း၏ လက်ချောင်းများသည် သံချိတ်ကောက်များလို ကုပ်နိုင်ဆွဲနိုင်စွမ်းရှိပေရာ ချန်ဖုန်းအင်း၏ ညာဘက်ပခုံးသားတွင် ဓားမြောင်လေးများ ထိုးစိုက်ခံရသည့်နှယ် စူးနစ်နာကျင်သည်။

ရှုန်းမထွက်နိုင်တော့။

မာဟိုဖန်းက ကျာပွတ်ကို လွှင့်ပစ်လိုက်ပြီး ညာလက်ဝါးဖြင့် ချန်ဖုန်းအင်း၏ ရင်ဘတ်ကို တအားရိုက်ချသည်။

လေတိုးသံနှင့်အတူ ဓားရှည်တစ်လက်က ချန်ဖုန်းအင်း၏ ကိုယ်အရှေ့သို့ တိုးဝင်ကာကွယ်ပေးလာသည်။ မာဟိုဖန်း၏ လက်ဝါးမှာ ဓားသွားပေါ် ရိုက်ချမိတော့မလို ဖြစ်သည်။

ဖြတ်ကာလာသော ဓားရှည်က လှန်၍ ပင့်ထိုးလာပြန်ရာ မာဟိုဖန်းလည်း ချန်ဖုန်း၏ ညာပခုံးကို ဘယ်လက်ချောင်းများဖြင့် ကုတ်ဆွဲထားသည်ကို လွှတ်ကာ နောက်သို့ခုန်လွှား ဆုတ်လိုက်ရသည်။

ထိုဓားချက်မှာ ရန်ကျောက်ယုက ချန်ဖုန်းအင်းကို အတင်းဝင် ကာကွယ်ကူညီသော တိုက်ချက်ဖြစ်သည်။

နောက်ဆုတ်သွားသော မာဟိုဖန်းကို ရန်ကျောက်ယုက နောက်ထပ်ဓားချက်များ ထုတ်ကာ အတင်းဆက်ဖိတိုက်မည်ဆိုပါက အသာစီး ရနိုင်ကောင်း ရနိုင်သည်။ သို့သော် ရန်ကျောက်ယုမှာ ဒဏ်ရာရထားသည့်ကြားမှ အားအင်များ ဖျစ်ညှစ်ထုတ်သုံးကာ ကျားကုတ်ကျားခဲဆိုသလို ဝင်တိုက်ခိုက်ရသောကြောင့် ဆုတ်သွားသော မာဟိုဖန်းကို ဆက်၍ဖိတိုက်နိုင်သည့် အင်အားမရှိတော့။

ရင်ဘတ်ထဲတွင် စူးတွာ အောင့်လာသောကြောင့် လဲပြိုကျမသွားရန် မနည်းပင် ကြိုးစားကာ ထိန်းထားလိုက်ရလေသည်။

နောက်ဆုတ်သွားသော မာဟိုဖန်းကို ကြွယ်ပျံကန်လီခက်စမ်းနှင့် ရွှေမင်းသမီးလုကျင်းတို့က ဝိုင်းညှပ် တိုက်ခိုက်ကြ၏။

နှစ်ယောက်ပြိုင်တူ ဝင်တိုက်ကြခြင်းဖြစ်သော်လည်း ဒဏ်ရာရထားသော လုကျင်း၏ လှုပ်ရှားမှု တုံ့နှေးနေရာ ကန်လီခက်စမ်းက မာဟိုဖန်းနားသို့ အရင်ရောက်သည်။ ခုနစ်စင်ကြွယ်ကျာပွတ်ဖြင့် မာဟိုဖန်းကို ရိုက်ချသည်။

ခုနစ်စင်ကြွယ်ကျာပွတ်မှာ သေးငယ်ခိုင်ခံ့သော သံမဏိကြိုး ခုနစ်ချောင်းပါရှိသည့် ကျာပွတ်ဖြစ်ကာ သံမဏိကြိုးများ၏ထိပ်တွင် ခြောက်ထောင့် ကြယ်တစ်ပွင့်စီ ပါရှိသည်။ ကြယ်များ၏အနားထောင့်တို့က ဓားသွားပမာ ထက်မြသည်။ ကျာပွတ်ကြိုး ခုနစ်ချောင်းပေါ်တွင်လည်း သေးငယ်ခိုင်ခံ့သော ဆူးကောက်လေးတွေ တပ်ဆင်ထားသေးသည်။



ကျာပွတ်ကြိုးများထိပ်ရှိ ခြောက်ထောင့် ကြယ်လေးများနှင့် ထိမိလျှင်ဖြစ်စေ၊ ကျာပွတ်ကြိုးများနှင့် အရိုက်ခံရသည်ဖြစ်စေ အသားအရေများ ပေါက်ပြဲ စုတ်ပြတ်ကုန်နိုင်သည်။

အတော်ပင်ရက်စက်သော လက်နက်အမျိုးအစားဖြစ်သောကြောင့် ကန်လီခက်စမ်းသည် ခုနစ်စင်ကြွယ်ကျာပွတ်ကို သုံးခဲ့သည်။ ယခု အန္တရာယ်ကြီးပြီး ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူကြီးကို ရင်ဆိုင်ရသောကြောင့် ထုတ်သုံးခြင်းဖြစ်သည်။

ခုနစ်စင်ကြွယ်ကျာပွတ်၏သံမဏိကြိုးမျှင်များနှင့် ခြောက်ထောင့် ကြယ်လေးများသည် တလင်းလင်းတလက်လက်ဖြင့် မာဟိုဖန်းကို အုပ်မိုးခြိမ်းခြောက်လာသည်။

မာဟိုဖန်းသည်ကိုယ်ကိုအသာလှည့်စောင်းကာ ဘယ်ဘက်ယိမ်းလျက် ရှောင်တိမ်းပေးသည်။ တစ်ဆက်တည်းပင် ညာလက်ကို နောက်ပြန်ပစ်ကာ ကန်လီခက်စမ်း၏ ညာလက်ကောက်ဝတ်ကို လှမ်းဆုပ်ဖမ်းသည်။

မိမိ၏အမွမ်းအထက်ဆုံးသော ခုနစ်စင် ကြွယ် ကျာ ပွတ် အောက်မှ အလွယ်နှင့်ရှောင်ထွက်သွားနိုင်သည့်အတွက် ကန်လီခက်စမ်းမှာ ခံပြင်းသလို ထိတ်ခနဲလည်းဖြစ်သည်။ မိမိ၏ ညာလက်ကောက်ဝတ်အချုပ်ဖမ်းမခံရလေအောင် ကမန်းကတန်းပင် နောက်ဆုတ်လိုက်ရသည်။

ဆုပ်ဖမ်းခြင်းမခံရသော်လည်း မာဟိုဖန်း၏လက်ချောင်းထိပ်တစ်ခုနှင့် ထိကပ်မိကာ ကုတ်ဆွဲခံရသလို ဖြစ်သွားရာ

ကန်လီခက်စမ်း၏ ညာလက်ခုံပေါ်တွင် စုတ်ပြဲဒဏ်ရာ အစင်းကြောင်းတစ်ခု ရသွားသည်။

ထိုအချိန်မှာပင် လုကျင်းလည်း မာဟိုဖန်းနားသို့ရောက်လာကာ ဓားတို့နှစ်လက်ဖြင့် ဆင့်ပွားကြက်ခြေခတ်ခုတ်ချက်များ တရကြမ်း ထိုးခုတ်သည်။

မာဟိုဖန်းက တဟားဟားရယ်မောကာ ဓားချက်များကိုရှောင်ရင်း ခြေပုံ့တစ်ချက်ကန်သည်။ လုကျင်း၏ ညာဘက်ခါးစောင်းကို ခြေကန်ချက်ထိကာ တစ်ပတ်လည်၍သွက်သွားသည်။

ချန်ဖုန်းအင်းလည်း မြေပြင်ပေါ်ကျနေသော မိမိ၏ ကျာပွတ်ရှည်ကို အမြန်ကောက်ယူကာ ကျာပွတ်သံတရွှမ်းရွှမ်းဖြင့် တိုက်ပွဲဝင်လာသည်။ ကန်လီခက်စမ်းကလည်း ခုနစ်စင်ကြယ် ကျာပွတ်ဖြင့် မာဟိုဖန်းကို ရှိုက်နှက်တိုက်ခိုက်လာပြန်သည်။

ချန်ဖုန်းအင်းနှင့် ကန်လီခက်စမ်းတို့နှစ်ယောက် မာဟိုဖန်းကို ဝိုင်းညှပ်တိုက်ခိုက်နေဆဲမှာပင် ထန်းမောက်စူးနှင့် ရန်ကျောက်ယုတို့ကလည်း လက်နက်ကိုယ်စီဖြင့် ပါဝင်တိုက်ခိုက်အားဖြည့်လာသည်။

တစ်ပတ်လည်ထွက်သွားသူ လုကျင်းလည်း ကိုယ်ကို ပြန်ထိန်းကာ တိုက်ခိုက်လာပြန်သည်။

သိုင်းတောလေ ငါးဖော်တို့ လူစုံတက်စုံ ဝိုင်းဝန်းတိုက်ခိုက်ကြသည့် အခြေအနေဖြစ်သွားသည်။

* * *



သိုင်းတောလေ ငါးယောက်လုံး အစုံအညီ ပူးပေါင်းတိုက်ခိုက်ကြသည့်တိုင် မာဟိုဖန်းကိုတော့ အသာစီးမရပါ။ မာဟိုဖန်းသည် လက်နက်ပင်ထုတ်မသုံးဘဲ လက်ဝါးရိုက်ချက်၊ ကုတ်ဆွဲချက်၊ တွန်းထုတ်ချက်များဖြင့်သာ သိုင်းတောလေတို့၏ ဝိုင်းဝန်းတိုက်ခိုက်မှုကို ရင်ဆိုင်သည်။

အရှောင်အတိမ်း ပိရိသေသပ်ကာ လှုပ်ရှားနေရာပြောင်းပုံများ လျင်မြန်သွက်လက်သောကြောင့် သိုင်းတောလေ ငါးဖော်တို့၏ လက်နက်မျိုးစုံတို့သည် မာဟိုဖန်းကို ဘယ်လိုမှ ဒုက္ခမပေးနိုင်။ ထိအောင်မခုတ်နိုင်မတိုက်နိုင်ကြ။

မာဟိုဖန်း၏ လက်ဝါးရိုက်ချက်၊ လက်ချောင်းများနှင့် ကုတ်ဆွဲချက်တို့ကသာ သိုင်းတောလေငါးဖော်တို့ ဗျာယာခတ်ကုန်အောင် ခြိမ်းခြောက်နေသည်။ကြ

သိုင်းကွက်ဆယ်ကွက် မပြည့်မီမှာပင် လုကျင်းတစ်ယောက် မာဟိုဖန်း၏ လက်ဝါးရိုက်ချက်အထိခံရကာ လွင့်စဉ်ထွက်ပြီး မြေကြီးပေါ် ဝုန်းခနဲလဲကျသည်။ စောစောက ရထားသော ဒဏ်ရာများကလည်းရှိပေရာ လုကျင်းမှာ လဲကျနေရာမှ ပြန်ထမလာနိုင်တော့ပါ။

ထို့နောက် ထန်းမောက်စူးလည်း မာဟိုဖန်းလက်ချက်ထိကာ လဲကျသွားပြန်သည်။

ရန်ကျောက်ယု၊ ကန်လီခက်စမ်းနှင့် ချန်ဖုန်းအင်းတို့ သုံးယောက် အသေအလဲတိုက်ခိုက်ကြသည့်တိုင် မာဟိုဖန်းကိုတော့ မယှဉ်သာတော့ပါ။ သူတို့လည်း မာဟိုဖန်း၏လက်ချက် အနှေးနှင့် အမြန် အထိခံကြရဖို့က သေချာသလောက်ဖြစ်နေလေပြီ။

မိမိတို့ အနိုင်မရနိုင်တော့မှန်း သိသည့်တိုင် သိုင်းဝေလေ တို့သည် အားမလျော့။ အပြင်းအထန်တိုက်ခိုက်နေကြဆဲ။

သိုင်းကွက် (၁၅) ကွက် တိုက်ခိုက်ပြီးချိန်တွင် ရန်ကျော်ယု၏ သယ်ပခုံးမှာ မာဟိုဖန်း၏ အကုတ်အဆွဲခံရကာ အသားများ စုတ်ပြတ်ထွက်ကုန်သည်။ ရန်ကျော်ယု ပြိုကျမသွားသော်လည်း တိုက်အားကတော့ သိသိသာသာပင် လျော့ကျသည်။ အသား စုတ်ပြတ် ထွက်သွားသော ဒဏ်ရာမှ သွေးထွက်လည်း အတော်ကိုများ နေသည်။

ချန်ဖုန်းအင်းနှင့် ကန်လီခက်စမ်းတို့နှစ်ယောက်သည် မာဟိုဖန်းကို အနားကပ်မခံဘဲ ခပ်လှမ်းလှမ်းမှသာ ကျာပွတ်များကို ဝီခေါ်အောင် ဝှေ့ယမ်းကာ ရိုက်နက် တိုက်ခိုက်နေကြသည်။ လူချင်းခွာကာ တိုက်ခိုက်သောကြောင့် မာဟိုဖန်း၏ လက်ဝါးရိုက်ချက်နှင့် အကုတ်အဆွဲတို့၏ အန္တရာယ်မှလည်း လွတ်နေလိုဖြစ်နေသည်။

သို့သော် နေရာပြောင်းရွှေ့လှုပ်ရှားမှုကို သွက်လက် မြန်ဆန်စွာ မရပ်မနားဆိုသလို လုပ်နေကြပေရာ မကြာမီပင် သူတို့နှစ်ယောက် မောတိုက်စပြုလာသည်။ အလှုပ်အရှား နှေး၍ နေရာပြောင်းရွှေ့မှု မမှန်တော့လျှင် မာဟိုဖန်းက အနီးကပ်ဝင်ကာ တိုက်ခိုက်လာနိုင်ပေတော့မည်။

"ဝှစ်"

ထိုအချိန်မှာပင် လေတိုးသံခင်သဲ့သဲ့ နှင့်အတူ လိုဏ်ဂူလဲ့ လက်နက်ပုန်းတစ်ခု အဟုန်ပြင်းပြင်း လွှင့်ပျံထွက်လာသည်။ လက်နက်ပုန်းက မာဟိုဖန်းထံသို့ တန်းဝင်လာသည်။



မာဟိုဖန်းအပေါ်သို့ ဘအားခုန်လိုက်သည်။ သူ၏ ကိုယ်ကြီးသည် မျှ တက်သွားသလိုပင် အပေါ်သို့ မြောက်တက်သည်။ လိုဏ်ဂူတွဲမှလှမ်းပစ်သောလက်နက်ပုန်းက မာဟိုဖန်း၏ ခြေထောက်အောက်နားမှကပ်ကာ လွဲချော် ထွက်သွားသည်။

လေထဲသို့ ခုန်ပျံကြတက်သွားသော မာဟိုဖန်းကို ကန်လီခက်စမ်းနှင့် ချန်ဖုန်းအင်းတို့က ကျာပွတ်များနှင့်တရှမ်းရှမ်း မြည်အောင် လှမ်းရိုက်ကြသည်။ ရန်ကျော်ယုကလည်း အပ်ပျံများဖြင့် လှမ်း၍ပစ်လွှတ်သည်။

သို့သော် မည်သည့်တိုက်ချက်တို့မှ မာဟိုဖန်းကိုမထိကြပေ။

မာဟိုဖန်းသည် ရှောင်တိမ်းရင်းမှ ဓားမြှောင်သုံးချောင်းဖြင့် ရန်ကျော်ယုတို့ သုံးယောက်ရှိရာသို့ လှမ်းပစ်သည်။

"ဝှီး…ဝှီး…ဝှီး"

ဓားမြှောင်များသည် အဟုန်ပြင်းထန် မြန်ဆန်စွာ လွင့်ပျံဝင်လာကြသည်။ ရန်ကျော်ယု၊ ကန်လီခက်စမ်းနှင့် ချန်ဖုန်းအင်းတို့သည်း အလန့်တကြားပင် ရှောင်ကြ တိမ်းကြသည်။

မာဟိုဖန်းအနေဖြင့် လေထဲတွင် ခုန်လွှားနေရင်း သည်လို ထိထိမိမိ ပစ်ခတ်တိုက်ခိုက်နိုင်လိမ့်မည်ဟု သူတို့ထင်မထားကြပါ။ မာဟိုဖန်းသည် အလွန်တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်းမှာပင် ရန်ကျော်ယုတို့ ဝိုင်းတိုက်ခိုက်ကြသည့် တိုက်ချက်များကို ရှောင်တိမ်းရင်း တန်ပြန်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ရန်ကျော်ယုနှင့် ကန်လီခက်စမ်းတို့နှစ်ယောက် မာဟိုဖန်း ပစ်လွှတ်သော ဓားမြှောင်အထိခံရကာ လဲကျကုန်ကြ၏။

ချန်ဖုန်းအင်းကတော့ သူမထိတန်းဝင်လာသောဓားမြှောင်ကို လွတ်အောင် ရှောင်တိမ်းနိုင်သည်။ သို့သော် ရှောင်တိမ်းရင်း အားလွန်ကာ ဟန်ချက်ပျက်၍ လဲကျသည်။ အကျမတော်သည့်အတွက် ညာဘက်ဒူးဆစ် လည်ထွက်သွားသည်။ လဲကျရာမှ ပြန်ထရန် အခက်တွေ့နေသည်။

ရန်ကျော့က်ယုမှာတော့ ခွေယိုင်ကာ သဲကျသွားလေပြီ။

ကန်လိခက်စမ်းကတော့ ညာဘက်လက်မောင်းတွင်ထိုးစိုက်နေသော ဓားမြှောင်ကို ဆတ်ခနဲ ဆွဲနုတ်ပစ်ကာ မားမားမတ်မတ် ဆက်လက်ရပ်နေနိုင်သည်။ ဓားမြှောင်အထိခံလိုက်ရသော ညာလက်တစ်ခုလုံးမှာ အောင့်၍နာနေသောကြောင့် ခုနစ်စင်ကြယ်ကျာပွတ်ကို ဘယ်ဘက်လက်သို့ ပြောင်း၍ ကိုင်လိုက်ရသည်။

ခုန်ကြွတက်သွားသော မာဟိုဖန်းလည်း မြေပြင်ပေါ်သို့ ပေါ့ပါးညင်သာစွာ ပြန်၍ကျလာသည်။

ထိုအချိန်မှာပင် လိုဏ်ဂူထဲမှ လူငယ်လေး ထိုက်အော် လျှောက်လှမ်းထွက်၍လာလေသည်။

* * *

မာဟိုဖန်းသည် လိုဏ်ဂူထဲမှ ထွက်လာသော လူငယ်လေး ထိုက်အော်ကို ပြေးဝင်တိုက်ခိုက်မည်ပြုရာ ကန်လိခက်စမ်းက ခုနစ်စင်ကြယ်ကျာပွတ်ဖြင့် လှမ်းရိုက်၍ ကာကွယ်တားဆီး၏။



လူငယ်လေး ထိုက်အော်သည် ဘယ်လက်တွင် ရှေးဟောင်းဒိုင်းကြီးကို ကိုင်ထားသည်။ စောစောက သူလွတ်ကျကျခဲ့သော ဓားရှည်ကြီးရှိရာသို့ ခပ်သုတ်သုတ် လျှောက်လှမ်းသွားသည်။

ခြေလှမ်း သွက်သော်လည်း ဘယ်ဘက် ခြေထောက်က ထော့နင်း ထော့နင်း ဖြစ်နေပါသည်။

ကျာပွတ်ရိုက်ချက်ကို မာဟိုဖန်းက ရှောင်တိမ်းပြီး ထိုက်အော်ထံသို့ လှစ်ခနဲ ပြေးဝင်သည်။ ကန်လိခက်စမ်းလည်း ကြယ်ပျံလက်နက်ပုန်းတစ်ခုဖြင့် မာဟိုဖန်းကို လှမ်းပစ်သည်။

မာဟိုဖန်း၏ စိတ်အာရုံသည် ထိုက်အော်ထံသို့ အမြန်ရောက်ရှိတိုက်ခိုက်ရန်အတွက် စူးစိုက်နေသောအချိန်မို့ ကန်လိခက်စမ်းအတွက် အခါအခွင့်ကောင်းလို ဖြစ်နေ၏။ အကယ်၍ ကန်လိခက်စမ်းအနေဖြင့် ပုံမှန် အားအင်ဖြင့်သာ ကြယ်ပျံလက်နက်ပုန်းကို ပစ်လွှတ်လိုက်လျှင် မာဟိုဖန်း၏ နောက်ကျောကို ထိမှန်သွားနိုင်သည်။

သို့သော် ကန်လိခက်စမ်းသည် ဘယ်လက်တွင် ကျာပွတ်ကိုင်ထားပေရာ ဒဏ်ရာရထားသော ညာလက်ဖြင့်သာ ကြယ်ပျံလက်နက်ပုန်းကို ပစ်လွှတ်ခဲ့သည်။ ပစ်လွှတ်လိုက်သည့်အချိန်ကျမှ မိမိ၏ညာလက် ဒဏ်ရာရထားကြောင်း ကန်လိခက်စမ်းသတိပြုမိသည်။ အားစိုက်လိုက်ရသည့်အတွက် ညာလက်တစ်လျှောက်ထိုး၍အောင့်သည်။ စုစည်းလိုက်သော အားအင်များရုတ်ခြည်းပျက်ပြား ကစဉ့်ကလျားဖြစ်သည်။

ပစ်လွှတ်လိုက်သောကြယ်ပျံလက်နက်ပုန်းမှာလည်း လမ်းကြောင်းမမှန်၊ အားအင်မပါဘဲ ပရမ်းပတာ ဖြစ်သွားသည်။

မာဟိုဖန်းထံသို့ပင် တည့်တည့်မတ်မတ် မသွားတော့။ အကယ်၍ မာဟိုဖန်းထံသို့ တန်း၍သွားသည့်တိုင် အင်အား မရှိသော ထိုလက်နက်ပုန်းက မာဟိုဖန်းကို ဘယ်လိုမျှ အန္တရာယ်ပေးနိုင်မည် မဟုတ်ပေ။

အတွင်းအားဖျား ကစဉ့်ကလျား ဖြစ်ကုန်မှုဒဏ်ကြောင့် ကန်လီခက်စမ်း၏ ရင်ထဲသို့ ကျပ်ကာ သွေးတစ်လုတ် အန် တုတ်ပြီး ဖင်ထိုင်လျက် လဲကျသည်။

တစ်ဟုန်ထိုး ပြေးသွားသော မာဟိုဖန်းကတော့ ထိုက်အော်အနားသို့ ရောက်ရှိသွားလေပြီ။

ထိုအချိန်တွင် ထိုက်အော်မှာ ဓားရှည် လွတ်ကျခဲ့သည့် နေရာသို့ ရောက်ရှိလျက် ဓားရှည်ကို ကောက်ယူတော့မည့် ဆဲဆဲဖြစ်သည်။

မာဟိုဖန်းသည် ပြေးဝင်လာရင်း လက်ဝါးတစ်ချက် ရိုက် ထုတ်လိုက်ရာ လူမရောက်မီပင် လက်ဝါးရိုက်ချက် အားအဟုန် က ထိုက်အော်ကို လွှမ်းမိုးရိုက်ခတ်လာသည်။

ထိုက်အော်လည်း ဓားရှည်ကို မယူနိုင်သေးဘဲ ကိုယ်ကို ပြန်မတ်ကာ ဘယ်လက်ရှိ ရွှေဟောင်းဒိုင်းကြီးကို ဆတ်ခနဲ ပင့်မြှောက်ကာ မာဟိုဖန်း၏ လက်ဝါးရိုက်ချက်ကို ခံဆောင် သည်။

"ဝုန်း...."

မာဟိုဖန်း၏ လက်ဝါးက ရွှေဟောင်းဒိုင်းကြီးကို ရိုက်မိ ၏။ ဒိုင်းကြီးပေါ် ရိုက်ချမိသော လက်ဝါးရိုက်ချက်အဟုန် အင်အားက ပြင်းထန်လှပေရာ ထိုအား၏ တွန်းကန်မှု အရှိန်



ကြောင့် ထိုက်အော်မှာ ဖင်ထိုင်လျက် လဲကျ၏။ ရွှေဟောင်း ဒိုင်းကြီးမှာလည်း သူ့လက်မှ လွတ်ကာ လွင့်စဉ်၍ ထွက်သွား သည်။

မာဟိုဖန်းက ဓားရှည်ကြီးကို ကောက်ယူလိုက်သည်။

"ဝှီး...."

လေတိုးသံ ခပ်သဲ့သဲ့နှင့်အတူ လိုဏ်ဂူထဲမှ လက်နက်ပုန်း တစ်ခုက မာဟိုဖန်းထံ ဦးတည်ကာ လွင့်ပျံထွက်လာသည်။

ဒူးဆစ်လည်သွားသောကြောင့် ပြန်မတ်တတ်မထနိုင်ဘဲ ရှိနေသူ ချန်ဖုန်းအင်းကလည်း မာဟိုဖန်းထံသို့ လိပ်ပြာ ဆံထိုးတစ်ချောင်း လှမ်းပစ်လွှတ်သည်။

လိုဏ်ဂူထဲမှပစ်လွှတ်သောလက်နက်ပုန်းက မာဟိုဖန်းထံသို့ အလျင်ရောက်သည်။ မာဟိုဖန်းက ဓားရှည်ကြီးဖြင့် ဆီး၍ ရိုက်ထုတ်ပစ်သည်။

"ဒလန်"

ဓားရှည်နှင့်ထိရိုက်မိသော ထိုလက်နက်ပုန်းလမ်းကြောင်း တိမ်းစောင်းကာ အခြားတစ်ဖက်သို့ လွင့်ပျံထွက်သွားသည်။

ထိုလက်နက်ပုန်းကို ထိရိုက်မိချိန်တွင် ဓားရှည်ပင် တုန်ခါ လျက် ဓားရှည်ကိုင်ထားသော်ညာသက်၏လက်မနှင့် လက်ညှိုး အကြား ခွနေရာတွင် စစ်ခနဲ နာသွားသည်။ လက်နက်ပုန်း တွင် ပါဝင်သော အားအင် သိပ်သည်းပြင်းထန်လှကြောင်း နားလည်၍ မာဟိုဖန်းမှာ ချွေးများပြန်သွားရလေသည်။

ထိုအချိန်မှာပင် ချန်ဖုန်းအင်းပစ်လွှတ်လိုက်သော လိပ်ပြာ ဆံထိုးသည် မာဟိုဖန်းရှိရာသို့ ဝင်ရောက်လာသည်။

မာဟိုဖန်းက လိပ်ပြာဆံထိုးကို ခေါးပြားဖြင့်ဆီး၍ ဆတ်ခနဲ ရိုက်လိုက်သည်။

"ထပ်"

ခေါးပြားနှင့် ရိုက်လိုက်မှုအားကြောင့် လိပ်ပြာဆံထိုးသည် တစ်ပတ်လည်ကာ ချန်ဖုန်းအင်းရှိရာသို့ တန်း၍ ပြန်ဝင်သည်။

လိပ်ပြာဆံထိုး၏ အားအဟုန်မှာ လိုက်ရှထဲမှ ထွက်လာသောလက်နက်ပုန်းလောက် သိပ်သည်းပြင်းထန်မှု မရှိသောကြောင့် မာဟိုဖန်းက လာရာလမ်းကြောင်းအတိုင်း ပြန်သွားအောင် ရိုက်ထုတ်လိုက်နိုင်ခြင်းဖြစ်သည်။

ချန်းဖုန်းအင်းက မိမိထံသို့ ပြန်လည်ဝင်လာသော လိပ်ပြာဆံထိုးကို ဆီး၍ဖမ်းယူမည် ကြံသေးသည်။ သို့သော် အနားရောက်လာတော့မှ လိပ်ပြာဆံထိုး၏ လွင့်ပျံဝင်လာမှုတွင် ထူးခြားသော အားအရှိန်အဟုန် ကပ်ပါလာကြောင်း ရိပ်မိသည့်အတွက် ဖမ်းယူခြင်းမပြုတော့ဘဲ ကိုယ်ကို လှိမ့်၍ ရှောင်တိမ်းလိုက်ရသည်။

ဒူးဆစ်လည်ကာ ထမရနိုင်သောကြောင့် မြေပြင်တွင် လှိမ့်ရှောင်လိုက်ရခြင်းဖြစ်ပါသည်။ ထိုလှိမ့်ရှောင်လိုက်သည့် အရှိန်အဟုန် လျှပ်ရှားမှုကြောင့် လည်နေသောဒူးဆစ် ပို၍ နာကျင်သည်။

"အား"

ချန်ဖုန်းအင်း၏ပါးစပ်မှ လွှတ်ခနဲပင် အော်ဟစ်မိသည်။



ချန်ဖုန်းအင်းသည် မြေကြီးပေါ် လှိမ့်ကာရှောင်သွားရင်း မာဟိုဖန်းထံသို့ နောက်ထပ် လိပ်ပြာဆံထိုးတစ်ချောင်း ထပ်မံ ပစ်လွှတ်လိုက်ပြန်လေသည်။

မာဟိုဖန်းသည် လက်နက်ပုန်းများကို ရိုက်ထုတ်ဖယ်ရှားပြီးနောက် ထိုက်အော်ဘက်သို့ ပြန်လှည့်သည်။ ထိုက်အော်ကို အပိုင်ခုတ်သတ်ရန် ခေါးရှည်ကြီးကို ပင့်မြှောက်လိုက်သည်။

ထိုအချိန်မှာပင် နောက်ကျောဘက်ဆီမှ လေတိုးသံကို မာဟိုဖန်း ကြားရသည်။ လေတိုးသံ၏အခြေအနေမှာ အတော်ပင် ဆန်းသလိုလိုမို့ မာဟိုဖန်း စိတ်ထဲတွင် ဇဝေဇဝါပင် ဖြစ်၍သွားရလေသည်။

မာဟိုဖန်းသည် တိုက်ပွဲများစွာ ဝင်ဖူးခဲ့ပေရာ လက်နက်ပုန်းအမျိုးမျိုးတို့ကို ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံတွေ ကြွယ်ဝသည်။ လက်နက်ပုန်း လေတိုးသံများတွင် နားယဉ်၍ပင် နေသည်။ သို့သော် ယခု သူ့နောက်ကျောဘက်ဆီမှ ပေါ် ထွက်လာသော လေတိုးသံမျိုးကိုတော့ မာဟိုဖန်း မကြားဖူးခဲ့ပါ။

မည်သို့ဆိုစေ သူ့နောက်ကျောဆီသို့ လက်နက်ပုန်း တိုးဝင်လာသည်ကတော့ သေချာသည်မို့ မာဟိုဖန်းသည် နောက်သို့ ချာခနဲ လှည့်လိုက်သည်။ လင်းခနဲလက်ခနဲ အရောင်နှင့်အတူ သူ့ရင်ဘတ်ကို ထိုးစိုက်တော့လုဆဲဆဲဖြစ်သော လိပ်ပြာဆံထိုးကို မြင်ရသည်။

"ဟိုမိန်းကလေးက လူးလိမ့်သွားရင်းက ငါ့ကို ထပ်ပစ်တာကိုး၊ ဒီလိုလူးလိမ့်ရင်း နာနာကျင်ကျင်နဲ့ လှမ်းပစ်ရတာကြောင့် လေတိုးသံတစ်မျိုး ဖြစ်နေတာပေါ့"

မာဟိုဖုန်း၏ စိတ်ထဲတွင် တွေးမိသည်။

ဓားရှည်ကို အသာဝင့်ကာ လိပ်ပြာဆံထိုးကို ရိုက်ထုတ်ပစ်လိုက်သည်။ ဘာမျှမခက်၊ လွယ်လွယ်လေးပါ။

သို့သော်....

မာဟိုဖုန်း ဘယ်လိုမှ မထင်မှတ်သော ကိစ္စတစ်ခုသည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာသည်။

* * *

ရန်မိန်ကျန်းသည် ချန်ဖုန်းအင်း မှာကြားထားသည့်အတိုင်း ကျောက်တုံးကြီး၏နောက်နားတွင် ငြိမ်သက်စွာ ချောင်းနေခဲ့သည်။ လှုပ်ရှားတိုက်ခိုက်နေမှုများကိုတော့ သူ ကောင်းကောင်း မြင်တွေ့နေရသည်။

ရန်မိန်ကျန်း မြင်တွေ့ရသလောက်တော့ သူ၏ဘိုးဘိုးဦးလေး၊ ဒေါ်လေးတို့၏အခြေအနေက မကောင်း။ တစ်ဖက်ရန်သူ၏လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ထိခိုက်ဒဏ်ရာရကာ လဲကျနေကြသည်။ သည်အတိုင်းသာ ဆိုလျှင်အားလုံး ကောင်းကောင်း ဘေးဒုက္ခ ကြုံကြရတော့မည်ကို ရန်မိန်ကျန်း တွေးမိသည်။



ဝင်ရောက်ကူညီပေးချင်သည်။ သို့သော် ကလေးငယ်သာဖြစ်ပြီး ချန်ဖုန်းအင်းမှာကြားထားခဲ့သည့် စကားလည်းရှိနေသောကြောင့် ဘယ်လိုဝင်ကူညီပေးရမည်ကို မစဉ်းစားတတ်။

တိုက်ခိုက်နေကြသူများ လက်နက်ပုန်းများဖြင့် ပစ်ခတ်ကြသည်ကို မြင်ရသည်တွင် ရန်မိန်ကျန်း စိတ်ကူးတစ်ခုရလာသည်။ မိမိအနေဖြင့် တိုက်ပွဲထဲသို့ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုနိုင်သော်လည်း အဝေးမှနေ၍ တစ်ဖက်ရန်သူကြီးကို လက်နက်ပုန်းတစ်ခုခုနှင့် လှမ်းပစ်ပေါက်ကူညီပေး၍ ရနိုင်သည်ဟု အကြံရသည်။

အကြံရပေမယ့် ပစ်လွှတ်တိုက်ခိုက်ဖို့ လက်နက်ပုန်းကို ရှာရပြန်သည်။ သူ့ကိုယ်တွင် လက်နက်တစ်စုံတစ်ရာမရှိ။ အခက်တွေ့၍နေသည်။

နောက်ဆုံးတော့ ခါးတွင်စည်းထားသော မြွေရေခွံခါးပတ်ကြား၌ သိမ်းဝှက်ထားသော ရွှေစင်ဓားပျံကို သတိရသည်။ ခါးပတ်ကိုဖြုတ်ကာ ရွှေစင်ဓားပျံကို ထုတ်ယူသည်။

တိုက်ပွဲတွင်တော့ သိုင်းတလေ ငါးဖော်တို့သာမက လူငယ်လေး ထိုက်အော်ပါ အရိုင်မဲ့မိစ္ဆာ မာဟိုဖုန်း၏လက်ချက်ဖြင့် မရှုမလှခံနေကြရသည်။ မာဟိုဖုန်းက လူငယ်လေး ထိုက်အော်ကို လက်စသိမ်းပစ်ရန် ဓားရှည်ကြီးကိုပင့်မြှောက်လိုက်သည်။

ရန်မိန်ကျန်းက ရွှေစင်ဓားပျံဖြင့် မာဟိုဖုန်းကိုလှမ်း၍ ပစ်ပေါက်သည်။ ကလေးငယ်တစ်ယောက် ဖြစ်သော်လည်း သိုင်းလေ့ကျင့်သင်ကြားမှုပြုလုပ်နေပြီမို့ ဓားပျံ ပစ်လွှတ်လိုက်

မှုစနစ်ကျသည်။ အားအင်လည်း အနည်းအကျဉ်းပါသည်။ သို့သော် သိုင်းသမားများ လက်နက်ပုန်းပစ်လွှတ်သည့် အားအင် အနေအထားမျိုးကိုတော့ မမီသေးပါ။ အဆင့်နိမ့်နေသေးသည်။

ရန်မိန်ကျန်းက ရွှေစင်ဓားပျံ ပစ်လွှတ်လိုက်သည့်အချိန်မှာ ချန်ဖုန်းအင်းကလည်း လိပ်ပြာဆံထိုးတစ်ချောင်း မာဟိုဖန်းထံ ပစ်လွှတ်သည်။ ပစ်လွှတ်မှုနှစ်ခု တစ်ချိန်တည်းလိုလို ဖြစ်သည်။

ထို့ကြောင့်လည်း ထူးခြားဆန်းပြားသော လေတိုးသံ ပေါ်ပေါက်သွားခဲ့သည်။ မာဟိုဖန်းစိတ်ထဲ ဇဝေဇဝါဖြစ်ကာ ကိုယ်ကို နောက်လှည့်ကြည့်မိသည်။ ချန်ဖုန်းအင်း၏ လိပ်ပြာဆံထိုးကို ဓားရှည်ဖြင့် ရိုက်ထုတ်ပစ်ခဲ့သည်။

ရန်မိန်ကျန်းရှိရာနေရာဘက်မှဝင်လာသော ရွှေစင်ဓားပျံကိုတော့ မာဟိုဖန်းသတိမပြုမိပေ။ သည်ကလေးငယ်လေးက မိမိကို လက်နက်ပုန်းဖြင့် လှမ်းပစ်ခတ်တိုက်ခိုက်လိမ့်မည်ဟုလည်း မာဟိုဖန်းကထင်မထား။

ရန်မိန်ကျန်း ပစ်လွှတ်လိုက်သော ဓားပျံတွင် အင်အားအနည်းငယ်မျှသာပါသောကြောင့် လက်နက်ပုန်း လေခွင်းသံမျိုးလည်း ပီပီပြင်ပြင်မဖြစ်ပေါ်ခဲ့ပါ။ လင်းလင်းလက်လက် အရောင်တွေတော့ ပေါ်ထွက်လာသည်။ သို့သော် မာဟိုဖန်းက ထိုလင်းလက်မှုများသည် ချန်ဖုန်းအင်းပစ်လွှတ်သော လိပ်ပြာဆံထိုး၏အရောင်များဖြစ်မည်ဟု ထင်သည်။



ထို့ကြောင့် လိပ်ပြာဆံထိုးကို ရိုက်ထုတ်ဖယ်ရှားပစ်ပြီးနောက် မိမိအတွက် လက်နက်ပုန်းအန္တရာယ် ကင်းရှင်းသွားပြီဟု မာဟိုဖန်းစိတ်ချယုံကြည်လိုက်သည်။

ဤသို့ စိတ်ချလက်ချရှိသွားချိန်မှာပင် ရွှေစင်ဓားပျံက သူ၏ရင်မောက်ကို ထိမှန်စိုက်ဝင်သည်။

ဘယ်လိုမှ မျှော်လင့်မထားသောအဖြစ် မာဟိုဖန်းကြုံရပြီ။

ရွှေစင်ဓားပျံ ထိစိုက်မိသည့်နေရာကလည်းရင်မောက်ပေါ်ရှိ အဓိကသွေးကြောထွက်နေရာဖြစ်နေပြန်သည်။ ရန်မိန်ကျန်းမှာ သွေးကြောထိုးပိတ်သည့်ပညာ မသင်ရသေးပါ။ အခြေခံသွေးကြောကွက် သုံးလေးကွက်ကို သိနေသည်မှအပ ဘာမျှလည်း နားမလည်သေး။

ယခု ရွှေစင်ဓားပျံကို ပစ်လွှတ်ရာတွင်လည်း မာဟိုဖန်းကိုယ်ပေါ်ရှိ သွေးကြောကွက်နေရာတစ်ခုခုကို သေသေချာချာ ချိန်ရွယ်ခြင်းမရှိ။ မာဟိုဖန်းကို ထိလျှင်ပြီးရော်ဟူသည့်သဘောဖြင့်သာ လှမ်းပစ်ခြင်းဖြစ်သည်။

ကံကြမ္မာဖန်လာမှုကြောင့် မာဟိုဖန်းမှာ သိုင်းပညာ ဘာမျှ မည်မည်ရရ မတတ်မြောက်သေးသော ကလေးငယ် တစ်ယောက်၏ လက်နက်ပုန်းဒဏ်ကို ကောင်းကောင်းကြီးခံလိုက်ရသည်။

တစ်ကိုယ်လုံးတုံကျဉ်သည်။ အတွင်းအားတွေ ထိန်းချုပ်မရဘဲ ပြန့်ကျဲရှုပ်ထွေးသည်။ မျက်လုံးပြာဝေကာ ရင်ထဲအရမ်းအောင့်လာသည်။ အသက်ပင်ရှူ၍မရတော့။ ဟန်ချက်မှန်မှန်ပင် ရပ်မနေနိုင်တော့။

မာဟိုဖန်းသည် ဒယီးဒယိုင်ဖြစ်ကာ မိမိရင်မောက်တွင် ထိုးစိုက်မိနေသော လက်နက်ပုန်းကို ငုံ့၍ကြည့်သည်။

ရွှေရောင်လက်လက်တောက်နေသော လက်ကိုင်ရိုးကိုမြင်ရသောအခါ မာဟိုဖန်းမျက်နှာ အကြီးအကျယ်ပျက်သည်။

"ဟာ....ရွှေစင်ဓားပျံ"

မာဟိုဖန်း အလန့်တကြား အော်ဟစ်လိုက်သည်။

ပြီးတော့ အရုပ်ကြိုးပြတ်ပင် ဗိုင်းခနဲ လဲပြိုကျသွားလေတော့သည်။

သူ့လက်ထဲမှဓားရှည်ကြီး လွတ်ကျသည်။ ပက်လက်လန်လဲကျနေသော ထိုက်အော်၏ လည်ပင်းညာဘက်အား လက်တစ်လုံးသာသာခန့်အကွာတွင် မြေကြီးထဲစိုက်ဝင်သည်။

ထိုက်အော်မှာ သူ့လည်ပင်းနားကပ်၍ စိုက်သွားသောဓားရှည်ကို မျက်လုံးစွေ၍ကြည့်ကာ ကျောထဲအေးစိမ့်၍ပင်သွားသည်။

* * *

မာဟိုဖန်း လဲကျသွားသောအခါ အားလုံးပင် အံ့အားသင့်ကုန်ကြသည်။ ရုတ်တရက် ဘယ်လိုဖြစ်ပျက်သွားသည်ကို စဉ်းစား၍ပင်မရကြ။

ချန်ဖုန်းအင်းက အဖြစ်ကိုအရင်ဆုံး နားလည်သည်။

"တူမောင်လေး လက်ချက်ကိုး၊ တော်တယ်ကွာ၊ မိစ္ဆာကောင်ကြီးကို အပြတ်ရှင်းပစ်လိုက်တာပဲ"



ချန်ဖုန်းအင်းကပြောသည်။ ထို့နောက် လည်၍နေသော မိမိ၏ဒူးဆစ်ကို ပုံမှန်အနေအထားပြန်ဖြစ်အောင်လုပ်ယူသည်။

လူငယ်လေးထူးအော်လည်း လဲကျနေရာမှထရပ်သည်။ ဓားရှည်ကြီးကို ဆွဲနုတ်ယူသည်။ ဓားရှည်အသွားကို ရှေးဟောင်းဗိုင်းကြီးပေါ် ကန့်လန့်ဖြတ်ကပ်တင်ကာ အသာကိုင်မြှောက်ပြီး ရန်မိန်ကျန်းရှိရာဘက်သို့ ဦးညွှတ်သည်။ ထို့နောက် သိုင်းတောလေများကိုလည်း အရိုအသေပြုသည်။

"အခုလို ဆက်စွန့်ဆံဖျားတိုက်ခိုက်ပြီး အကူအညီပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ လိုဏ်ဂူထဲကို ဝင်ခဲ့ကြပါ၊ အနားလဲယူ၊ ဒဏ်ရာတွေလဲကုသနိုင်ကြတာပေါ့"

လိုဏ်ဂူထဲမှ အဘွားအို၏စကားသံ ပေါ်ထွက်လာသည်။

ချန်ဖုန်းအင်းသည် မာဟိုဖန်း လဲကျနေသော နေရာသို့သွားကာ ရင်ဘတ်တွင် စိုက်ဝင်နေသော ရွှေစင်ဓားပျံကို နုတ်ယူပြီး ရန်မိန်ကျန်းလက်သို့ ပြန်ပေးအပ်သည်။

"တူမောင်လေးက ဘာကယ် သတ္တိကောင်းတာပဲ၊ ဒေါ်လေးတို့ကို ဝင်ကူညီပြီး သိုင်းသမားလူယုတ်မာကြီးကို နှိမ်နင်းပေးတယ်၊ ဒီဓားကိုတော့ သေသေချာချာပြန်သိမ်းထားလိုက်နော်"

ချန်ဖုန်းအင်းက ချီးမွမ်းစကားလည်းဆိုသည်။

ကျန် သိုင်းတောလေများလည်း အသီးသီးလှုပ်ရှားလာကြသည်။

ရန်ကျောက်ယုမှာ ဒဏ်ရာအပြင်းထန်ဆုံးဖြစ်နေရာ ကန်သိခက်စမ်းက ဖေးမတွဲရသည်။ လုကျင်းနှင့် ထန်းမောက်စူး

ရထားကြသော ဒဏ်ရာများလည်း မသေးပေ။ သို့သော် လမ်းတော့ လျှောက်နိုင်ကြသည်။

သိုင်းတေလေငါးဖော်နှင့် ရန်မိန်ကျန်းတို့ လိုဏ်ဂူထဲသို့ ဝင်လာခဲ့ကြသည်။ သူတို့နောက်မှ ထိုက်အော် လိုက်ပါလာခဲ့သည်။

လိုဏ်ဂူထဲတွင် ခပ်မှောင်မှောင်ဖြစ်နေသည်။ ဝင်သွားစကဘာကိုမျှ သဲသဲကွဲကွဲမမြင်ကြရပေ။

ဂူထဲသို့ရောက်သွားပြီးနောက်ထိုက်အော်ကပျားဖယောင်းတိုင်ကြီးနှစ်တိုင်ကို မီးထွန်းညှိလိုက်တော့မှပင် အလင်းရောင်ကောင်းစွာရကာ မြင်မြင်ထင်ထင်ဖြစ်၍လာလေသည်။

လိုဏ်ဂူကအတော်ပင် ကျယ်ကျယ်ဝန်းဝန်းရှိသည်။ လိုဏ်ဂူထဲတွင် ကျောက်သားကိုထုထွင်းပြုလုပ်ထားသော ကျောက်ခုတင်၊ ကျောက်စားပွဲ၊ ကျောက်ထိုင်ခုံများရှိသည်။ လက်ရာကြမ်းတွေ မဟုတ်၊ ပန်းပုဆစ်သလို လှပသွယ်ပျောင်းစွာ ထုဆစ်ပြုလုပ်ထားသော ပထမတန်းစား လက်ရာသန့် ကျောက်ဆစ် ပရိဘောဂများဖြစ်ကြသည်။

ကျောက်ခုတင်ပေါ်တွင် အဘိုးအိုတစ်ယောက်လဲလျောင်းနေသည်။ ကျောက်ထိုင်ခုံတစ်ခုပေါ်တွင် အဘွားအို တစ်ယောက် ထိုင်နေသည်။

အဘိုးအိုရောအဘွားအိုပါ အတော်ကိုအိုမင်းနေကြသည်။ အသက်အရွယ် မှန်းဆဖို့တော့ ခက်သည်။ အသက်(၁၀၀) ထက်တော့ ငယ်ကြမည်မဟုတ်ဟုသာ အကြမ်းဖျင်းခန့်မှန်းနိုင်သည်။



ထူးဆန်းသည်မှာ အဘိုးအိုရော အဘွားအိုတို့ပါ မလှုပ်မယှက်နှင့် ကျောက်ရုပ်တုများလို အထူးငြိမ်သက်နေကြခြင်းဖြစ်သည်။

“နေသာသလို အေးအေးသက်သာနေကြပါ၊ ငါတို့ လူအိုနှစ်ယောက်က အသက်မသေကြသေးပေမယ့် အိုမင်းမစွမ်းနဲ့ မထနိုင်မသွားနိုင်ကြတော့လို့ အခုအတိုင်းနှုတ်ဆက်ရတာကို ဘယ်လိုမှ မအောက်မေ့ကြပါနဲ့”

အဘွားအိုက ပြောသည်။ ညာဘက်လက်က အသာကြွကာ မသိမသာလှုပ်ရှားပြသည်။ အဘိုးအိုကတော့ခေါင်းသာ ခပ်ဖြည်းဖြည်းလှည့်၍ အသာအယာလှုပ်သည်။ လက်ပင်မကြွနိုင်။

သည်တော့မှ အဘိုးအိုနှင့်အဘွားအိုသည် အသက်အရွယ်အလွန်ပင် ကြီးရင့်အိုမင်းကြလျက် မီးစာကုန် ဆီခန်း အခြေအနေသို့ ရောက်လုလုရှိနေကြောင်းကို အကဲခတ်နားလည်ကြရလေသည်။

“ရပါတယ်၊ အားနာမနေပါနဲ့၊ သိုင်းတေလေငါးဖော်နဲ့ မေ့စားကလေးရန်မိန်ကျန်းတို့က ဘိုးတော်ဘွားတော် တို့ကို အရိုအသေပေးပါတယ်”

ရှေမင်းသမီးလုကျင်းက အားလုံးကိုယ်စား ပြောသည်။ ထို့နောက် အားလုံးပင် အဘိုးအိုနှင့် အဘွားအိုကို ဦးချကန်တော့လိုက်ကြသည်။ ဒဏ်ရာပြင်းထန်သော ရန်ကျောက်ယုကမူ လဲလျောင်းနေရာမှ လက်အုပ်သာချီ၍ အရိုအသေပေး

သည်။ ထို့နောက် လုကျုင်းက တစ်ဦးချင်းစီ၏ အမည်များကို ပြောပြမိတ်ဆက်ပေးသည်။

"ဘိုးတော်ဘွားတော်တို့ ဘယ်သူဘယ်ဝါဆိုတာ သိခွင့်ရနိုင်မယ်ဆိုရင် သိပါရစေ"

တစ်ဦးချင်း အမည်များပြောဆို မိတ်ဆက်ပေးပြီးနောက် လုကျုင်းကပြောသည်။

"အင်း....မိတ်ဆွေတွေဖြစ်ကြပြီဆိုတော့ ငါတို့ နာမည်တွေကို သိခွင့်ရပါတယ်လေ၊ ငါ့နာမည်က ကောက်လိရှန်း၊ မင်းတို့ဘိုးတော်နာမည်က ဟူယောက်ကုန်း"

"ဟူမျိုးနွယ်နဲ့ ကောက်မျိုးနွယ် သိုင်းမှော်မောင်နှံတို့များ ဖြစ်နေမလားခင်ဗျာ"

ဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားသော ရန်ကျောက်ယုက အားခဲကာမေးသည်။

"အေး....ဟုတ်တယ် ငါတို့ပဲ၊ ငါတို့ဇနီးမောင်နှံ သိုင်းလောကနဲ့ အဆက်ဖြတ်ထားတာ နှစ်ပေါင်း ငါးဆယ် မကတော့ဘူး၊ ငါတို့ကိုသိနေကြတဲ့လူတွေ ရှိသေးတာကိုး"

အဘိုးအိုနှင့် အဘွားအိုတို့သည် သိုင်းမှော်မောင်နှံတို့ဖြစ်ကြကြောင်း သိရသောအခါ သိုင်းတေလေများမှာ ကြက်သီးမွေးညင်းများပင် ထမိကြသည်။

ဟူမျိုးနွယ်နှင့် ကောက်မျိုးနွယ် 'သိုင်းမှော်မောင်နှံ' တို့သည် သိုင်းပညာစွမ်းရည် အထူးထက်မြက် အဆင့်မြင့်ကြကာ ပြိုင်ဘက်ပင်မရှိနိုင်တော့အောင် လျှမ်းလျှမ်းတောက် နာမည်



ကျော်ကြားခဲ့သည့် အကြောင်းများကို သိုင်းတေလေတို့ ကောင်းစွာ ကြားဖူးသိဖူးထားကြပါသည်။

လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ယှဉ်နိုင်သူ မရှိလောက်အောင် သိုင်းပညာစွမ်းထက်မြက်ခဲ့ကြလေသော ထိပ်တန်းသိုင်းပညာရှင်ကြီးနှစ်ယောက်နှင့် ဆုံတွေ့ခွင့်ရကြသည့်အတွက် စိတ်လှုပ်ရှား ဝမ်းမြောက်မိကြလေသည်။

* * *

ကောက်လိရှန်းက ဒဏ်ရာရထားသူများအား သူမအနီးသို့အလာခိုင်းကာ ဒဏ်ရာများကို စစ်ဆေးကြည့်ရှုသည်၊ လှုပ်ရှားနိုင်သေးသောညာလက်ဖြင့် အကြောများ ထိုးနှိပ်လျက်အားဖြည့် ကုသမှု လုပ်ပေးသည်။

မိမိတို့ သိုင်းမှော်ဇနီးမောင်နှံ စုဆောင်း သိမ်းဆည်းထားခဲ့သော အဖိုးတန် ဆေးစွမ်းကောင်းများထဲမှ ဒဏ်ကြေဆေးနှင့် အားတိုးဆေးများကို ထိုက်အောင်အား အယူခိုင်းကာ တိုက်ကျွေးသည်။

ထိရောက်သော အကြောထိုးနှိပ်အားဖြည့် ပြုစုကုသမှုများနှင့် အစွမ်းထက်မြက်သည့် "အဖိုးတန်ဆေးများ၏ အာနိသင်ကြောင့် သိုင်းတေလေတို့ ရရှိထားသော ဒဏ်ရာများမှာ သိသိသာသာပင် သက်သာလာကြသည်။

ဆေးကုသတိုက်ကျွေးမှုများ လုပ်ပေးပြီးနောက် ကောက်လိုရှန်းက မိမိတို့ဇနီးမောင်နှံ အကြောင်းကို အကျဉ်းမျှ ပြောပြသည်။

သိုင်းဇနီးမောင်နှံတို့သည် သိုင်းပညာအစွမ်း ထူးချွန်ထက်မြက်လွန်းလှသည့်အလျောက် သိုင်းလောကတစ်ခွင် ယှဉ်နိုင်သူမရှိတော့သောအခါ သိုင်းလောကမှ အနားယူခဲ့ကြသည်။ လူသူ အရောက်အပေါက်နည်းလှသည့် ကောက်ဆန်းတောင်တန်းတစ်နေရာရှိ လိုဏ်ဂူကြီးတစ်ခုထဲတွင် ဇနီးမောင်နှံနှစ်ယောက်တည်း လာရောက် ဇာတ်မြှုပ်နေထိုင်ခဲ့ကြသည်။

မိမိတို့ဘာသာ သိုင်းပညာလေ့ကျင့်ခြင်း၊ သိုင်းကွက်ဆန်းများ၊ တိုက်နည်းဗျူဟာအသစ်များကို ကြံဆတီထွင်လျက် ပျော်ရွှင်အေးချမ်းစွာ ဘဝနေ့ရက်များကို ကုန်လွန်စေခဲ့လေသည်။

လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က တောစပ်တစ်ခုတွင် တစ်နှ သားအရွယ် ကလေးငယ်လေးတစ်ယောက် စွန့်ပစ်ထားခံ သည်ကို တွေ့ခဲ့ကြကာ ကောက်ယူ၍မွေးစားခဲ့ကြသည်။ ထို ကလေးငယ်ကို ထိုက်အော်ဟု အမည်ပေးခဲ့သည်။ ထိုက်အော သည် မွေးကတည်းကပင် စကားမပြောတတ်ပေ။ မည်သို့ဆို ထိုက်အော်သည် သိုင်းမော်ဇနီးမောင်နှံ အတွက်မူ များစွ အဖော်ရခဲ့သည်။ အသက်အရွယ် တစ်ရာကျော်ကာ အိုမင်း ကြောင့် ထသွားထလာပင် ကောင်းကောင်းမလုပ်နိုင်တော သည့်အချိန်တွင် ထိုက်အော်မှာ သိုင်းမော်မောင်နှံ တို့အတွ လက်ကတုံးတောင်ဝှေးသဖွယ် များစွာ အားကိုးခဲ့ရသ



ထိုက်အော်သည် စကားမပြောတတ်သလို ဉာဏ်လည်း သိပ်မထက်မြက်။ ထုံထိုင်းသည်ဟုပင် ပြောနိုင်သည်။ သင်ကြားပေးသမျှကိုတော့ နားလည်တတ်သိသည်။ သို့သော် ထိုးထွင်းကြံဆ တီထွင်လုပ်ကိုင်မှုမျိုးတော့ မလုပ်တတ်ပါ။

သိုင်းမော်မောင်နှံတို့က ထိုက်အော်ကို သိုင်းပညာများလည်း သင်ကြားပေးခဲ့သည်။ ထိုက်အော်သည် သိုင်းကွက်သိုင်းဟန် လှုပ်ရှားပြောင်းလဲပုံများကို နားလည်မှတ်မိသော်လည်း မွေးရာပါ သွေးကြောကွက် နေရာအချို့ အားနည်းလျက် အာရုံကြောချား ထုံထိုင်းမှုတို့ကြောင့် အတွင်းအားလေ့ကျင့်မှုကိုတော့ ကောင်းစွာ မလုပ်နိုင်ခဲ့။

ထို့ကြောင့် ထိုက်အော်နှင့် သင့်တင့်အသုံးတည့်မည့် တစ်ကွက်သိုင်းကို သိုင်းမော် မောင်နှံတို့က တီထွင်ပေးထားခဲ့သည်။ ထိုသိုင်းပညာတွင် သိုင်းကွက်တစ်ကွက်တည်းသာရှိကာ တိုက်ခိုက်မှု၊ ခုခံမှု၊ ရှောင်တိမ်းမှုစသည့် နည်းလမ်း အမျိုးမျိုးတို့တွင် အသုံးချနိုင်သည်။

မိမိတို့ထံတွင် ရှိနေသော အဖိုးတန် အစွမ်းထက် လက်နက်ကောင်းများထဲမှ ထိုက်အော်နှင့် သင့်လျော်မည့် ရှေးဟောင်း ဒိုင်းလွှားကြီးနှင့် ရှေးဟောင်း သွေးသောက်ဓားတို့ကိုလည်း အသုံးပြုရန် ထုတ်ပေးထားခဲ့သည်။

မကြာသေးသောအချိန်ကာလက အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းသည် သိုင်းမော်မောင်နှံတို့ နေထိုင်ရာလိုဏ်ဂူကို စုံစမ်း၍ရှာဖွေ

သိရှိသွားခဲ့သည်။ လိုက်ထူထဲတွင် အဆင့်မြင့်သိုင်းပညာကျမ်းများ ရှိမည်အထင်ဖြင့် ဝင်ရောက်ရန် ကြံခဲ့သည်။

လိုဏ်ဂူထဲတွင် အဆင့်မြင့်သိုင်းပညာကျမ်းများ မရှိသော်လည်း အဆင့်မြင့်သိုင်းပညာများ လေ့ကျင့်ရာတွင် များစွာအထောက်အကူ ပေးနိုင်သော- ဆေးစွမ်းကောင်းများနှင့် အစွမ်းထက် လက်နက်ကောင်းများ ရှိနေပေရာ အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းလို သိုင်းသမားဆိုး လူရမ်းကားကြီးလက်သို့ ပါမသွားစေလိုသောကြောင့် သိုင်းမှော်မောင်နှံတို့က ကာကွယ်နိုင်ရေးအတွက် အထူး လုံးပန်း ပြင်ဆင်ခဲ့ရသည်။

ထိုအချိန်တွင် သိုင်းမှော်မောင်နှံတို့မှာ အသက်အရွယ်ကြီးရင့်အိုမင်းလွန်းလှသည့်အတွက် အိုမင်းမစွမ်း ဖြစ်ကာ မထနိုင်မသွားနိုင်တော့ဘဲ အိပ်ရာပေါ်၊ ထိုင်ခုံပေါ်တွင်သာ လဲလျောင်း နေထိုင်နေရသည့်အခြေအနေတွင် ရှိနေသည်။

ထိပ်တန်းသိုင်းပညာရှင်ကြီးများ ဖြစ်ခဲ့သည့်တိုင် မာဟိုဖန်းနှင့် ကိုယ်တိုင် ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်း မရှိတော့။

ထို့ကြောင့် ထိုက်အော်ကိုသာ အားကိုးကြရတော့သည်။ ထိုက်အော်အတွက် တီထွင်ပေးထားခဲ့သောတစ်ကွက်သိုင်းကိုပို၍ ထိရောက်ထက်မြက်အောင်မြင်အောင် မွမ်းမံ ပြင်ဆင်ပေးသည်။ မာဟိုဖန်းကို အထိုက်အလျောက် ဟန့်တားနိုင်မည့် လျှို့ဝှက် ထောင်ချောက်များကိုလည်း ထိုက်အော်၏ အကူအညီဖြင့် ဆင်ထားခဲ့ကြသည်။



မာဟိုဖန်းသည်ဝက်ပေါ်အတတ်နှင့် လျှို့ဝှက်ထောင်ချောက်ဆင်မှုတို့ကို လုံးလုံး နားလည်တတ်သိခြင်း မရှိသည့်အတွက် လျှို့ဝှက်ထောင်ချောက်များသည် ထိရောက်လှသော အတားအဆီးတွေ ဖြစ်နေခဲ့သည်။

လျှို့ဝှက် ထောင်ချောက်များကို ကြောက်သောကြောင့် မာဟိုဖန်းမှာ သိုင်းမှော်မောင်နှံတို့ နေထိုင်ရာလိုဏ်ဂူအနီးသို့ မကပ်နိုင်ဘဲ ရှိနေခဲ့သည်။

ဤအတွင်း သိုင်းတောလေတို့ ရောက်လာကြကာ ဝက်ပေါ်အတတ်ပညာ ကျမ်းကျင်ပြီး လျှို့ဝှက် ထောင်ချောက်များအကြောင်း နားလည်တတ်သိသော လုကျင်းကြောင့် သိုင်းမှော်မောင်နှံတို့၏ လျှို့ဝှက် ထောင်ချောက်များ ပျက်စီးကုန်ကာ မာဟိုဖန်းကို လမ်းကြောင်းဖွင့်ပေးသလို ဖြစ်သွားခဲ့ရလေသည်။

* * *

"စောစောက ရွှေစင်ဓားပျံဆိုလား ပြောသံကြားလိုက်ရတယ်၊ အဲဒါ ငါ့ကို ပြစမ်းပါ၊ ငါကြည့်ချင်တယ်"

ကောက်လီရှန်းက ပြောသည်။

"တူမောင်လေး.... ဘွားဘွားကြီးကို သွားပြလိုက်လေ"

ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို တီးတိုးပြောသည်။

ရန်မိန့်ကျန်းလည်း မြွေရေခွံ ခါးပတ်ထဲ သိမ်းဝှက်ထားသော ရွှေစင်ဓားပျံကို ထုတ်၍ ကောက်လိရှန်း အနားသို့ ယူသွားကာ မြင်နိုင်အောင် ပြသသည်။

ကောက်လိရှန်းက လှုပ်ရှားနိုင်သေးသော ညာလက်ဖြင့် ဓားပျံကိုယူကာ သေသေချာချာ အနီးကပ် ကြည့်ရှုသည်။

"ဟုတ်တယ်၊ ရွှေစင်ဓားပျံအစစ်ပဲ၊ ဒါကြောင့် ဒီဓားပျံ အထိခံရတာနဲ့ အရိပ်မဲ့မိစ္ဆာကောင်ကြီး တစ်ခါတည်း ကိစ္စချောသွားတာ၊ ရွှေစင်ဓားပျံဟာ လမ်းလွဲအတွင်းအားတွေကို ဖျက်ဆီးပစ်တဲ့နေရာမှာ အစွမ်းအထက်ဆုံး လက်နက်ပဲ"

သိုင်းဓာလေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ရွှေစင်ဓားပျံတွင် ဤသို့သော အစွမ်းထက်မြက်မှုမျိုး ရှိသည်ကို သူတို့မသိကြပါ။ နဂါးဓားဂေဟာ၏ အဖိုးတန် ရတနာပစ္စည်းတစ်ခုအဖြစ်သာ သိထား ကြပေသည်။

"မင်းတို့အထဲမှာ နဂါးဓားဂေဟာနဲ့ ပတ်သက်တာ ဘယ်သူရှိလဲ"

ကောက်လိရှန်းက မေးပြန်သည်။

"ကျွန်မက နဂါးဓားဂေဟာရဲ့ မိသားစုဝင် ဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် အခုတော့ နဂါးဓားဂေဟာနဲ့ ဘယ်လိုမှ မသက်ဆိုင်တော့ပါဘူး၊ နဂါးဓားဂေဟာက ကျွန်မ ထွက်ခွာလာတာကလဲ ကြာလှပါပြီ၊ ဒီက တူမလေးကတော့ နဂါးဓားဂေဟာရဲ့ သမက်လောင်းပါ၊ ရွှေစင်ဓားပျံကိုလဲ သမက်လောင်းအဖြစ် နှစ်ဖက်ဆွေမျိုးမိဘတွေ စကားပြောဆိုခဲ့ကြတဲ့ အထိမ်းအမှတ်အနေနဲ့ သူ့ကို ပေးထားတာပါ"



ချန်ဖုန်းအင်းက ပြောသည်။

"သမက်လောင်း ဟုတ်လား၊ နဂါးဓားဂေဟာက ဘယ်သူ့ရဲ့ သမက်လောင်းလဲ"

"ချန်ထိုက်ကုန်းရဲ့ သမက်လောင်းပါ"

ဤသို့ပြောလိုက်ပြီးမှ အသက်အရွယ်ကြီးရင့် အိုမင်းလှပြီဖြစ်သော သိုင်းမှော်မောင်နှံတို့အနေဖြင့် ချန်ထိုက်ကုန်းကို သိမည်မဟုတ်ကြောင်း တွေးမိသောကြောင့် အမြန်ပင်ဆက်၍ ပြောသည်။

"ဟို....အဲ....ချန်လိဖြောင်ရဲ့ မြေးသမက်လောင်းပါ"

"သိပြီ....သိပြီ၊ လက်စသတ်တော့ ချန်လိန်စန်းရဲ့ မြစ်သမက်လောင်းကိုး၊ ချန်လိန်စန်းက ငါတို့ရဲ့ မိတ်ဆွေဟောင်းကြီးပဲ၊ ဒီရွှေစင်ဓားပျံကိုလဲ ငါတို့ကပဲ ချန်လိန်စန်းကို မင်္ဂလာလက်ဖွဲ့ ပေးခဲ့တာပဲ၊ ဒီရွှေစင်ဓားပျံ ယူဆောင်လာတဲ့ သူ့သားမြေးမြစ်တစ်ယောက်ကို သိုင်းပညာသင်ကြား ကူညီပေးဖို့လဲ ကတိပေးထားခဲ့တာရှိတယ်၊ ချန်လိန်စန်းကော ကျန်းမာရဲ့လား"

"ဘိုးဘိုးကြီး ချန်လိန်စန်း ကွယ်လွန်သွားတာ နှစ်ပေါင်းသုံးဆယ်ကျော်သွားပါပြီ"

ချန်ဖုန်းအင်းက ပြောသည်။

"ဪ...ဪ....ချန်မိတ်ဆွေကြီး ကွယ်လွန်သွားရှာပြီကိုး၊ အင်း....အင်း....ဒီကလေး ရန်မိန့်ကျန်းက ချန်လိန်စန်းရဲ့ မြစ်သမက်လဲဖြစ်တယ်၊ ရွှေစင်ဓားပျံလဲ ယူလာတယ်၊ ဒါ

ကြောင့် ချန်လိန်စန်းကို ကတိပေးထားတဲ့အတိုင်း ငါတို့က သူ့ကို သိုင်းပညာ ကူညီပေးမယ်၊ ဘယ်လိုသိုင်းပညာမျိုး သင်ချင်လဲ"

ချန်ဖုန်းအင်းက ရန်မိန်ကျန်းကို လက်တို့ သတိပေးကာ မျက်ရိပ်ပြသည်။ ရန်မိန်ကျန်းလည်း အဘွားအို ကောက်လိရှန်း ထိုင်နေသော ကျောက်သားထိုင်ခုံကြီးရှေ့သို့ အမြန်သွား ဒူးထောက်ချကာ ဦးချကန်တော့သည်။

"ကျွန်တော် ရန်မိန်ကျန်း ဘွားဘွားကြီးကို ကန်တော့ပါတယ်၊ ဘွားဘွားကြီးက သင့်လျော်မယ်ထင်တဲ့ သိုင်းပညာ သင်ပေးပါ ခင်ဗျာ"

ကန်တော့ရင်း ရန်မိန်ကျန်းက ပြောသည်။

သိုင်းတေလေငါးဖော်တို့ ကျေနပ်စွာ ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။

သိုင်းမှော်မောင်နှံလို အဓိပတိ သိုင်းပညာရှင်ကြီးများထံမှ မည်သည့် သိုင်းပညာမျိုး သင်ယူရသည်ဖြစ်စေ သိုင်းကွက် တစ်ကွက်လျှင်တစ်ကွက်ဆိုသလောက် များစွာအကျိုးကျေးဇူး ရရှိနိုင်ပေသည်။

"ဒီကလေး သိုင်းပညာ သင်နေပြီလား"

ကောက်လိရှန်းက သိုင်းတေလေတို့ကို မေးသည်။

"ကျွန်တော်တို့က မဖြစ်စလောက် သိုင်းပညာလေးတွေကို နည်းနည်းပါးပါး သင်ပေးထားတာပဲ ရှိပါသေးတယ်၊ ဘာမှ မဖြစ်လောက်ပါဘူး"



ရန်ကျောက်ယုက ပြောလိုက်သည်။

ကောက်လိရှန်းက ရန်မိန်ကျန်းကို သူမအနားသို့ တိုးကပ်ခိုင်းကာ ရန်မိန်ကျန်း၏ အရိုးအဆစ် သွေးကြောနှင့် အာရုံကြော အနေအထား အခြေအနေများကို စူးစမ်းကြည့်ရှု စစ်ဆေးသည်။

ရန်မိန်ကျန်းကို သင်ကြား တတ်သိထားသမျှသော သိုင်းကွက်များကို လှုပ်ရှားကစားပြခိုင်းသည်။ သိုင်းတေလေတို့က လည်း သိုင်းကွက်လှုပ်ရှားကစားပြရန် ရန်မိန်ကျန်းကို ပြောဆို တိုက်တွန်းကြသည်။

ရန်မိန်ကျန်းလည်း မိမိတတ်ထားသမျှ သိုင်းကွက်များကို လှုပ်ရှားကစားပြရလေသည်။

"ကောင်းပါတယ် ကောင်းပါတယ်၊ သူ့အသက် အရွယ်လေးနဲ့ ဒီလောက်ဖြစ်မြောက်နေတာ ချီးမွမ်းစရာပါပဲ၊ ဟုတ်ပြီ၊ ငါက ဒီကလေးကို မှော်စကြာအတွင်းအားကျင့်စဥ်သင်ပြပေးလိုက်မယ်"

သိုင်းတေလေ ငါးဖော်တို့ အတူးပင် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်ကြရသည်။

မှော်စကြာအတွင်းအားကျင့်စဥ်သည် လက်ရှိ သိုင်းလောကတွင် ထိပ်တန်းဟု သတ်မှတ်ထားသော 'ရှောင်လင်စကြာအတွင်းအားကျင့်စဥ်' ထက်ပင် ပိုမိုထိရောက် အစွမ်းထက်ကာ သိုင်းမှော် မောင်နှံ တို့နှင့်အတူ တိမ်မြုပ်ပျောက်ကွယ် နေခဲ့

သော ကျင့်စဉ်နည်းလမ်းကောင်းတစ်ခုဟု သူတို့ ကြားဖူးထားကြပေသည်။

* * *

သိုင်းတေလေဝါးဖော်တို့သည် လိုဏ်ဂူတွင် သုံးရက်ကြာမျှ နေထိုင်ခဲ့ကြလေသည်။ ထိုသို့နေထိုင်နေကြစဉ်အတွင်းကောက်လိရှန်းက အကြောထိုးနှိပ်အားဖြည့် ကုသပေးခြင်း၊ ဆေးများတိုက်ကျွေးခြင်းတို့ ပြုလုပ်ပေးခဲ့သည်။

ရွှေမင်းသမီးလုကျင်းက လိုဏ်ဂူ၏အနီးဝန်းကျင်တွင် လျှို ဝှက် ထောင်ချောက်အချို့နှင့် ဝက်ပါအသေးစားလေး တစ်ခု ဖန်တီးပြုလုပ်ပေးခဲ့သည်။

ရန်မိန်ကျန်းကိုလည်း လိုဏ်ဂူနှင့် အနီးဝန်းကျင် နေရာတို့တွင် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ထိုက်အော်နှင့်အတူ လှည့်လည်သွားစေသည်။ ချန်ဖုန်းအင်းကလည်း အတူလိုက်ပါ စောင့်ရှောက်ပေးသည်။

သုံးရက်ကြာသောအခါ သိုင်းတေလေတို့၏ ဒဏ်ရာများမှာလည်း များစွာပင် သက်သာလာကြသည်။ ထို့ကြောင့် သိုင်းမှော်မောင်နှံ တို့ကို နှုတ်ဆက်ခွင့်ပန်ကြကာ လိုဏ်ဂူမှထွက်လာခဲ့ကြသည်။

ရန်မိန်ကျန်းမှာမူ လိုဏ်ဂူတွင်နေရစ်ခဲ့သည်။ သိုင်းတေလေတို့သည် ကောက်ဆန်းတောင်တန်းကြီးအနှံ့ ဆက်လက် ခရီး



ဆန့် သွားလာလှည့်လည်ကြမည်ဖြစ်ပြီး အချိန်ရလမ်းသင့်လျှင် ရန်မိန်ကျန်းကို လာရောက်တွေ့ဆုံမည်ဟု ပြောသွားခဲ့ကြသည်။

သိုင်းတေလေဝါးဖော်တို့ ကောက်ဆန်းတောင်တန်း အနှံ့ ခရီးဆန့်လှည့်လည်ရန် ထွက်ခွာသွားကြပြီး နောက်တစ်နေ့ နံနက်မှာပင် ကောက်လိရှန်းက ရန်မိန်ကျန်းအား....

'မှော်စကြာ အတွင်းအားကျင့်စဉ်'ကို စတင်ပြသပေးလေသည်။

အရင်ဆုံး မှော်စကြာ အတွင်းအားကျင့်စဉ် အကြောင်း အကျဉ်းချုပ် ရှင်းလင်းပြောပြသည်။

"မှော်စကြာအတွင်းအားကျင့်စဉ်ဆိုတာ အခြေခံကတော့ ရှောင်လင်ဂိုဏ်းရဲ့ ရှောင်လင်စကြာအတွင်းအားကျင့်စဉ်ပါပဲ၊ ရှောင်လင်စကြာ အတွင်းအားကျင့်စဉ်မှာ ရှိနေတဲ့ လေ့ကျင့်မှုအဆင့် တစ်ရာ့နှစ်ဆယ့်ငါးဆင့်ထဲက အရေးအပါဆုံး အဓိကအဆင့်တွေကိုပဲထုတ်နုတ်ပြီး လေ့ကျင့်မှုအဆင့် နှစ်ဆယ့်ငါးဆင့်ပဲ ရှိတော့အောင် ပြောင်းလဲခဲ့တာပဲ ကွာခြင်းတယ်၊ ဒီလို လေ့ကျင့်မှုအဆင့် အများကြီး နည်းပါးသွားတာကြောင့် လေ့ကျင့်ရတဲ့ အချိန်လဲ တိုတောင်းသွားတယ်၊ ဒါပေမယ့် ရှောင်လင်စကြာသိုင်းကျင့်စဉ်လို စိတ်ရှည်ရှည် ထားနိုင်မယ်ဆိုရင် လူတိုင်းလိုလိုလေ့ကျင့်နိုင်တာတော့ မဟုတ်တော့ဘူး၊ သွေးကြောကွက်နေရာတွေမှန်ပြီး အရိုးအဆစ်တွေလဲ သန်မာ၊ သွေးလည်ပတ်မှု ပင်ကိုအင်အားလဲ ကောင်းတဲ့လူမှ လေ့ကျင့်လို့ရနိုင်တယ်၊ ပြီးတော့ လေ့ကျင့်တဲ့အခါမှာ စိတ်ကို အထူးတည်ငြိမ်အောင် လုပ်ထားဖို့လဲလိုအပ်တယ်၊ စိတ်နည်း

နည်းလေး လှုပ်ရှားအာရုံများမိတာနဲ့ ကျင့်စဉ်ကျိုးပေါက်ပြီး ဒုက္ခရောက်သွားနိုင်တယ်၊ မင်းရဲ့အရိုးအဆစ်တွေက သန်မာကြံ့ခိုင်ပြီး သွေးကြောကွက်တွေကလဲ နေရာ မှန်ကန်တယ်၊ သွေးလည်ပတ်မှု စွမ်းအားကလဲ သိပ်ကောင်းတယ်၊ ဒါကြောင့် မှော်စကြာအတွင်းအားကျင့်စဉ်လေ့ကျင့်ဖို့သင့်လျော်တယ်လို့ ထင်တာကြောင့် မင်းကိုသင်ပေးတာပဲ၊ အေး...မင်းစိတ်ကိုတည်ငြိမ်အောင်ထားပြီး လေ့ကျင့်နိုင်ရင်တော့ အောင်မြင်လိမ့်မယ်၊ စိတ်အာရုံ ထွေပြားမိရင်တော့ လေ့ကျင့်မှုမအောင်မြင်တဲ့အပြင် ဒုက္ခတောင်တွေ့နိုင်တယ်၊ ကဲ...မင်းစိတ်တည်တည်ငြိမ်ငြိမ် လေ့ကျင့်နိုင်ပါ့မလား”

ရှင်းပြပြီးနောက် ရန်မိန့်ကျန်းကို မေးခွန်းထုတ်သည်။

“ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားပါ့မယ် ဘွားဘွား”

“ကြိုးစားမယ်ဆိုလို့ မရဘူးကွယ့်၊ ဖြစ်ကိုဖြစ်အောင်လုပ်နိုင်ဖို့လိုတယ်”

“ကောင်းပါပြီ၊ ကျွန်တော် စိတ်တည်တည်ငြိမ်ငြိမ် လေ့ကျင့်ပါ့မယ်”

“ဒီလိုလုပ်စမ်းပါ၊ မင်းကို မှော်စကြာအတွင်းအား ကျင့်စဉ် စသင်ပေးတော့မယ်၊ ခြော်...မေ့တော့မလို့ သင်ရမှာက တစ်ခါတည်းဆိုတော့ ကြားမှာ နားဖို့အချိန်ရချင်မှရမယ်၊ မင်း ဗိုက်မဆာရအောင် ကြိုတင် စားသောက်ထားလိုက်ဦး”

ကောက်လိရှန်းက ရန်မိန့်ကျန်းအတွက် အစားအသောက်များ ယူခဲ့ရန် ထိုက်အော်ကို ပြောလိုက်သည်။



ထိုက်အော်က လက်ဖက်ရည်ကြမ်း ပန်းကန်လုံးတွင် ထည့်ထားသော ဖျော်ရည်တစ်ခွက် (ဖျော်ရည်သည် ပန်းကန်လုံး၏ တစ်ဝက်သာသာခန့်သာ ပါရှိသည်) လက်သီးဆုပ်ခန့်ရှိ အညိုရင့်ရောင် သစ်သီးတစ်လုံး (ဘာအသီးမှန်းတော့ ရန်မိန့်ကျန်း မသိပါ။ မေးလည်း မမေးမိပေ။) လက်တစ်ဝါးသာသာခန့် ရှိသော သဘော်သီး တစ်စိတ်၊ တစ်ထွာသာသာခန့် ရှိသော ငှက်ပျောသီးမှည့်ကြီးတစ်လုံးတို့ကို ယူလာပေးသည်။

“ဖျော်ရည်နဲ့ သစ်သီးသုံးမျိုးလုံးကို ကုန်အောင် စားပစ်လိုက်နော်၊ နည်းနည်းလေးတောင် ချန်မထားနဲ့၊ ဒါမှ ဗိုက်ပြည့်ပြီး တင်းတိမ်နေမှာ”

ရန်မိန့်ကျန်းကလည်း အကုန်ပင် စားပစ်လိုက်လေသည်။ ဖျော်ရည်သည် မွှေးတေးမတေး အနံ့ရှိကာ အရသာကတော့ ချို၍ဆိမ့်ကာ သက်တက်တက်လည်း ဖြစ်သည်။ သောက်ရတာ ခံတွင်းရှင်းပြီး တစ်ကိုယ်လုံးလည်း ပူနွေးဖိန်းရှိန်းသွားသည်။ ရန်မိန့်ကျန်း အမည်မသိသော အနီရင့်ရောင် သစ်သီးကလည်း အတော်ပင် စား၍ကောင်းသည်။ သဘော်သီးလို အရည်ရွှမ်း ချိုမြိန်ကာ ငှက်ပျောသီးရနံ့လို သင်းပျံ့မွှေးသည်။ သရက်သီး၏ ချဉ်တင်တင် အရသာလေးမျိုးလည်း ရောစွက်နေ၏။

စားသောက်ပြီးသောအခါ ကောက်လိရှန်းက မှော်စကြာအတွင်းအားကျင့်စဉ်၏ ပထမ လေ့ကျင့်မှုအဆင့်ကို ပြောဆိုရှင်းပြသည်။ အာရုံစူးနှစ်ထားရမည့် သွေးကြောကွက်နေရာများနှင့် သွေးလေလည်ပတ်မှုလမ်းကြောင်းအနေအထားတို့ကို သင်ပြပေးသည်။

"မှော်စကြာအတွင်းအားလေ့ကျင့်စဉ်မှာ ပုံသေကိုယ်နေဟန်ထားမရှိဘူး၊ မင်းအနေနဲ့ အဆင်အပြေဆုံးဖြစ်မယ့် ကိုယ်နေဟန်ထားအတိုင်း သက်သောင့်သက်သာ အဖြစ်နိုင်ဆုံး နေလို့ရတယ်၊ အရေးကြီးတာကတော့ အာရုံစူးစိုက်ထားရမယ့် သွေးကြောကွက်နေရာကိုသာ အလေးအနက် အာရုံစိုက်ထားဖို့ပဲ၊ တခြား ဘာစိတ်ကူးမှ မရှိရဘူး၊ စိတ်အာရုံဟာလဲ ဘယ်ကိုမှ မပျံ့လွင့်ရဘူး၊ အာရုံစူးစိုက်ထားတဲ့ သွေးကြောကွက်နေရာမှာ အတွင်းအား စုစည်းမိလာတဲ့အထိ စိတ်တည်တည်ငြိမ်ငြိမ်ထား လေ့ကျင့်ရမယ်၊ အတွင်းအား စုစည်းမိသွားမှ သတ်မှတ်ထားတဲ့ သွေးကြော လမ်းကြောင်းတွေအတိုင်း စီးဆင်းလည်ပတ်သွားအောင် စိတ်အာရုံစွမ်းအားနဲ့ ထိန်းသိမ်းလမ်းကြောင်းပေးရမယ်၊ အတွင်းအား တစ်ပတ်လည်သွားအောင် လုပ်နိုင်ရင် လေ့ကျင့်မှုတစ်ဆင့် အောင်မြင်ပြီ၊ ကိုင်း.... စ လေ့ကျင့်ပေတော့"

သိုင်းတေလေငါးဖော်တို့ အတွင်းအား လေ့ကျင့်သောအခါ တင်ပျဉ်ခွေထိုင်ကြသည်ကို ရန်မိန်ကျန်း မြင်ဖူးထားသည်။ သူကိုယ်တိုင်လည်း တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လေ့ကျင့်မှု အနည်းအကျဉ်း လုပ်ခဲ့ဖူးသည်။

ထို့ကြောင့် ပထမတွင် တင်ပျဉ်ခွေထိုင်ချမည် ပြုမိသေးသည်။ သို့သော် တင်ပျဉ်ခွေထိုင်ခြင်းသည် ရန်မိန်ကျန်းအတွက် အဆင်အပြေဆုံးသော စိတ်ကြိုက်အနေအထားမဟုတ်ပါ။ သူ သဘောအကျဆုံးက ထိုင်ခုံတစ်ခုပေါ်တွင် ခပ်လျောလျော



နောက်မှီကာ ထိုင်သည့်အနေအထား ဖြစ်သည်။ ထိုင်ခုံပေါ်တွင် နောက်မှီကာ ခပ်လျောလျောထိုင်၍ အတွင်းအား လေ့ကျင့်လို့ ရနိုင်ပါမည်လားဟု သံသယဖြစ်မိပါသည်။ သည်လို အနေအထားဖြင့် အတွင်းအား လေ့ကျင့်မှုကိုလည်း ရန်မိန်ကျန်း မမြင်ဖူးပါ။

"ဘွားဘွားကြီးကို တစ်ခုမေးပါရစေ"

"မေးလေ"

"ကျွန်တော့်အတွက် သက်သောင့်သက်သာ အဖြစ်ဆုံး အနေအထားက ထိုင်ခုံပေါ် နောက်မှီပြီး ခပ်လျောလျော ထိုင်တာပဲ၊ အဲဒီအနေအထားမျိုးနဲ့ လေ့ကျင့်လို့ရပါ့မလား"

"ငါ အခုထိုင်နေတဲ့ အနေအထားမျိုးလား"

ရန်မိန်ကျန်းလည်း ယခုမှပင် သေသေချာချာ ကြည့်မိရာ ကျောက်သားထိုင်ခုံပေါ်တွင် ကောက်လီရှန်း ထိုင်နေသည့် ပုံဟန်မှာ မိမိသဘောအကျဆုံးနှင့် မိမိအတွက် သက်သောင့်သက်သာအဖြစ်ဆုံး ကိုယ်နေဟန်ထားမျိုး ဖြစ်နေကြောင်း အံ့ဩဖွယ်ရာ မြင်တွေ့ရလေသည်။

"ဟုတ်ပါတယ်၊ ဘွားဘွားကြီးလိုမျိုးပါပဲ"

"မှော်စကြာ အတွင်းအားကျင့်စဉ် လေ့ကျင့်တဲ့အခါမှာ ကိုယ်နေဟန်ထားက အဓိကမဟုတ်ဘူး၊ အာရုံစူးစိုက်အားကောင်းဖို့နဲ့ စိတ်တည်ငြိမ်ဖို့က အဓိက အရေးအကြီးဆုံးလို့ ပြောခဲ့ပြီးပြီပဲ၊ မင်းအတွက် သက်သောင့်သက်သာအဖြစ်ဆုံး

အနေအထားဆိုရင် ဘယ်လိုမျိုးပဲဖြစ်ဖြစ် ရပါတယ်၊ မင်း ကြိုက်တဲ့ ထိုင်ခုံမေါ်မှာ သွားထိုင်ပေတော့"

ကောက်လီရှုန်း ထိုင်နေသော ထိုင်ခုံနှင့် အရွယ်အစား ပုံပန်းသဏ္ဌာန်ချင်း တူညီသော ကျောက်သား ထိုင်ခုံနှစ်ခုက လည်း ရှိနေလေရာ ရန်မိန်ကျန်းသည် ထိုင်ခုံတစ်ခုပေါ်သို့ သွားကာ နောက်မှီ၍ ခပ်လျော့လျော့ ထိုင်လိုက်သည်။

"ကိုင်း.... စ ပေတော့၊ ရင်ဝတည့်တည့်က သွေးကြော ကွက်နေရာကို အာရုံအားလုံး စူးစိုက်ပို့ထားလိုက်၊ စိတ်ကို တည်ငြိမ်အောင်လုပ်၊ ဘယ်မှ မပျံ့စေနဲ့"

ကောက်လီရှုန်းက ပထမလေ့ကျင့်မှု အဆင့်အတွက် လုပ် ရမည့်တို့ကို ထပ်မံပြောဆို သတိပေးလိုက်လေသည်။

ရန်မိန်ကျန်းလည်း မျက်စိနှစ်လုံးကို အသာမှိတ်လျက် ရင်ဝ တည့်တည့်ရှိ သွေးကြောကွက်နေရာတွင် စိတ်အာရုံကို စူးစိုက် ထားရှိလိုက်သည်။ ရန်မိန်ကျန်းမှာ မူလပင်ကိုကပင် စိတ်ကူး စိတ်သန်း သိပ်မများတတ်။ တွေးရာလေးပါးကိုလည်း စိတ် မကစားတတ်။ ခပ်အေးအေးသာ နေတတ်သည်။

ထို့ကြောင့် စိတ်ထဲတွင် အခြားသောအကြောင်းအရာများ မစဉ်းစား မတွေးတောမိရအောင် အထွေအထူး အားထုတ် ထိန်းချုပ်ရန်ပင်မလို။ စိတ်တည်ငြိမ်မှုကို အလွယ်နှင့်ပင် တည် ဆောက်ရယူနိုင်သည်။

သို့သော်....

ရင်ဝတည့်တည့်ရှိ သွေးကြောကွက်နေရာတွင်သာ စိတ် အာရုံ စူးနစ်ရောက်ရှိနေအောင် လုပ်ရသည်ကတော့ အတော်



ပင် ခက်ခဲ၍နေသည်။ ရန်မိန်ကျန်းသည် အသက်အရွယ်က လည်း ငယ်သေးပေရာ သည်လို တစ်နေရာတည်းတွင် စိတ်အာရုံ စူးနစ်ထားရှိမှုမျိုးကို လုပ်ဖူးသည့်အတွေ့အကြုံလည်း မရှိခဲ့။

စိတ်ကို ရင်ဝတည့်တည့်ရှိ သွေးကြောကွက်ပေါ် စူးစိုက် နေရန် အပက်တကုတ်ပင် ကြိုးပမ်းအားထုတ်သည်။ ဤသို့ ကြိုးပမ်းအားထုတ်မှုကို စိတ်စောနေသောကြောင့် အာရုံကို စုစည်း၍မရ။ သူ၏စိတ်သည် အာရုံစူးစိုက်ရမည် ဟူသော အချက်ပေါ်တွင်သာ အများဆုံး ရောက်နေသည်။ အာရုံ စူးစိုက်ရမည့်နေရာဆီသို့မူ ရောက်သင့်သလောက် မရောက်။ လွဲချော်သလို ဖြစ်၍နေသည်။

စိတ်အာရုံ တည်ငြိမ်နေအောင် လုပ်နိုင်သည့်တိုင် အာရုံ စူးစိုက်လို့ မရနိုင်။ ကြိုးစားလေ ခက်ခဲလေ ဖြစ်လာသည်။

တစ်ကိုယ်လုံး ချွေးဖြိုင်ဖြိုင်ထွက်လာသည်။ နဖူးကြော မေး ကြောများ တင်းမာ၍ မျက်နှာအမူအရာသည်လည်း ခက်ထန် ကြမ်းကြုတ်သလိုပင် ဖြစ်လာသည်။

အခြေအနေကို အသာစောင့်ကြည့်နေသော ကောက်လီ ရှုန်းကလည်း တစ်စုံတစ်ရာဖြစ်နေသည်ကို အကဲခတ်မိသည်။ ဘာဖြစ်နေသည်ကိုတော့ တိတိကျကျ မဝေခွဲတတ်။

ရန်မိန်ကျန်း၏ စိတ်အာရုံ မတည်ငြိမ်ဘဲ ပျံ့လွင့်နေသည် ဆိုလျှင်မူ ကောက်လီရှုန်းက စိတ်တည်တည်ငြိမ်ငြိမ် ထား ရန် ပြောဆိုသတိပေး ထိန်းသိမ်းနိုင်သည်။ ယခုမူ ရန်မိန် ကျန်း၏ စိတ်အာရုံ တည်ငြိမ်မှုရှိနေတာကို ကောက်လီရှုန်း သိသည်။

သည်တော့ ဘာကိုပြောဆိုသတိပေးရမည်မှန်း ကောက်လိရှန်း မသိတော့ပါ။ ထို့ပြင် မိမိက တစ်စုံတစ်ရာ ပြောဆိုသတိပေးလိုက်လျှင် ရန်မိန်ကျန်း၏စိတ်အာရုံ တည်ငြိမ်နေမှု ပျက်ပြားကာ အတွင်းအားလေ့ကျင့်မှုကို အနှောင့်အယှက်ဖြစ်မှာလည်း စိုးရိမ်ရသေးသည်။

ရန်မိန်ကျန်းကို ကြည့်ရသည်ကတော့ အတွင်းအားလေ့ကျင့်မှုတွင် အထစ်အငေါ့ အခက်အခဲ တွေ့နေကြောင်းတော့ သိသာနိုင်ပြန်ရာ သည်အတိုင်းဘေးမှ ကြည့်နေလို့ကလည်း မဖြစ်။

တစ်ခုခုတော့ လုပ်ပေးရပေလိမ့်မည်။

* * *

ရန်မိန်ကျန်း၏ မျက်နှာအမူအရာ အနေအထား ပိုတင်းမာလာသည်။ ချွေးတွေလည်း ပိုအထွက်များလာသည်။ ချွေးသီးချွေးပေါက်တို့ပင် ပြိုက်ပြိုက်ကျသည်။ မျက်နှာမှာ တစ်ချက်တစ်ချက်တွင် ဖြူဖပ်ဖြူရော်ပင် ဖြစ်သွားပြန်သေးသည်။

ဘာဖြစ်မှန်းမသိသော်လည်း အခြေ ပိုမဟန်ကြောင်းတော့ ကောက်လိရှန်း နားလည်သည်။ ကောက်လိရှန်းမှာ တစ်ချိန်သောအခါက ပြိုင်ဘက်ကင်းလောက်အောင်ပင် သိုင်းပညာ ထက်မြက်ခဲ့သော အာဂသိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်သည်။ သိုင်းလောက အတွေ့အကြုံများစွာ ရှိသည်။ ဗဟုသုတလည်း ကြွယ်ဝသည်။



အတွင်းအား လေ့ကျင့်မှုပြုရာတွင် စိတ်တည်ငြိမ်အောင် လုပ်နိုင်ပါလျက် အာရုံစူးစိုက်မှုပြုရန် ကြိုးစားရမှု အဆင်မပြေဖြစ်ရခြင်းမှာ အလွန်ပင် ဖြစ်တောင့်ဖြစ်ခဲလှပေရာ အတွေ့အကြုံ များပြားလှသော ကောက်လိရှန်းပင်လျှင် သည်အဖြစ်မျိုးကို မမြင်ဖူးသေးပါ။ ထို့ကြောင့် ရန်မိန်ကျန်းကို ဘယ်လိုကူညီဖြေရှင်းပေးရမည်ကို ရုတ်တရက် မစဉ်းစားတတ်ဘဲ အခက်တွေ့နေရလေသည်။

သည်အတိုင်း ကြည့်နေလျှင်လည်း အချိန်လင့်သွားလျှင် ရန်မိန်ကျန်းကို ထိခိုက်နိုင်သည့်အန္တရာယ်ကလည်း ရှိနေသောကြောင့် တစ်ခုခုတော့ အချိန်မီလုပ်ပေးရန် အကြံထုတ် စဉ်းစားရလေတော့သည်။

နောက်ဆုံးတွင် အကြံတစ်ခုရသောကြောင့် လူငယ်လေး ထိုက်အော်ကို လက်ရိပ်ပြကာ အနားသို့လာရန် ခေါ်သည်။

"သူ့ကို အိပ်မွေ့ချဆေးငွေ့ ရှူမိအောင် လုပ်ပေးလိုက်၊ သိပ်တော့မများစေနဲ့၊ ခဏလောက် အိပ်ပျော်သွားဖို့ပဲ ချိန်ပြီးလုပ်"

ကောက်လိရှန်းက ထိုက်အော်ကို တီးတိုးပြောသည်။

ထိုက်အော်လည်း ကောက်လိရှန်း စေခိုင်းသည့်အတိုင်း လိုက်နာလုပ်ဆောင်ရာ မကြာမီပင် ရန်မိန်ကျန်းမှာ အိပ်ငွေ့ချဆေးငွေ့ အစွမ်းဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

* * *

မကြာမီပင် ရန်မိန်ကျန်း နှစ်ခြိုက်စွာ အိပ်ပျော်ရာမှ ပြန်နိုးလာသည်။

"ဘယ်လိုလဲ၊ အတွင်းအားလေ့ကျင့်ရတာ ဘာအခက်တွေ့သေးလဲ၊ အဆင်ပြေရဲ့လား"

ရန်မိန်ကျန်း၏အခြေအနေကို အသာစောင့်ကြည့်နေသော ကောက်လီရှန်းက အိပ်ရာမှ နိုးလာသည်ကို မြင်သည်နှင့် ချက်ချင်းပင် လေအေးအေးဖြင့် မေးလိုက်သည်။

"ဟို....အဆင်တော့ ပြေသလိုပါပဲ၊ ဒါပေမယ့် နည်းနည်းတော့ အခက်အခဲ တွေ့နေတယ် ဘွားဘွားကြီး"

"ဘယ်လိုအခက်အခဲတွေ့တာလဲကွယ့်၊ ပြောစမ်းပါဦး"

ရန်မိန်ကျန်းက မိမိတွေ့ကြုံရသော အခက်အခဲကို ပြောပြသည်။

"ဖြစ်မှဖြစ်ရလေကွယ်၊ ဘာမဟုတ်တာလေးမှာ သွားပြီး အကျပ်တွေ့နေတာကိုး၊ စိတ်ကို ဘယ်မှ မပျံ့လွင့်စေဘဲ တည်ငြိမ်အောင် လုပ်နိုင်ရင် အာရုံစူးစိုက်ဖို့က ဘာမှမခက်တော့ပါဘူး၊ သူ့အလိုအလျောက်တောင် ဖြစ်လာတာ၊ အဲဒါအတွက်သာ စိတ်ထဲမှာ သိပ်အရေးတကြီး လုပ်မထားနဲ့၊ အာရုံစူးစိုက်ရမယ့် သွေးကြောကွက်နေရာကို သာမန်သဘော စဉ်းစားသလိုသာ လုပ်ပေးလိုက်၊ အလိုအလျောက် အသက်ရှူတာလိုမျိုး သူ့ဘာသာသူ ဖြစ်သွားလိမ့်မယ်၊ ကဲ....လုပ်ကြည့်ပါ၊ အာရုံကို တင်းကျပ်မနေစေနဲ့ ဖြေလျော့ထား၊ ရင်ဝတည့်တည့်က သွေးကြောကွက်နေရာကို စဉ်းစားလိုက်မယ်၊ လေးလေးနက်နက်ကြီး စဉ်းစားတာမဟုတ်ဘူး၊ သာမန်ရိုးရိုး



ပေါ့ပေါ့လေး စဉ်းစားတာ၊ ရပြီ၊ ရင်ဝတည့်တည့်က သွေးကြောကွက်နေရာကို စဉ်းစားမိပြီ၊ ရသွားပြီ"

ကောက်လီရှန်းက အေးမှအသာစကားသံအေးအေး ညင်ညင်သာသာလေးဖြင့် ပြောဆိုကူညီကာထိန်းပေးသည်။ ရန်မိန်ကျန်းလည်း ကောက်လီရှန်းပြောပြသည့်အတိုင်း အလိုက်သင့်လိုက်နာလုပ်ဆောင်ကြည့်ရာ အထွေအထူး ကြိုးစားရခြင်းမရှိတော့ဘဲ သူ၏ စိတ်အာရုံများသည် အလိုအလျောက်ပင် ရင်ဝတည့်တည့်ရှိ သွေးကြောကွက်နေရာဆီသို့ စူးစိုက်မိသွားလေသည်။

ထိုအခါ ထိုသွေးကြောကွက် နေရာတစ်ဝိုက်တွင် ခပ်နွေးနွေးလေး ဖြစ်လာသည်။ ထို့နောက် အင်အားတစ်ခုလိုလို လေပူလုံးလိုလိုဖြစ်လာသည်။ စိတ်ကို တတ်နိုင်သမျှ လျော့ချပြီး အသက်မှန်မှန်ရှူ၍ တည်တည်ငြိမ်ငြိမ် နေလိုက်သည်။ လေပူလုံးလိုလို အားအင်လိုလိုအရာသည် ရင်ဝတည့်တည့် သွေးကြောကွက်နေရာမှနေ၍ ဘယ်ဘက်ဆီသို့ ရွေ့လာသည်။ ထိုမှ တစ်ဖန် သွေးလေလည်ပတ်မှုလမ်းကြောင်းအတိုင်း တစ်ကိုယ်လုံး အနှံ့သို့ ပျံ့နှံ့ ရောက်ရှိသွားသည်။

မိမိတစ်ကိုယ်လုံး နွေးထွေးသွားသည်ကိုခံစားရသည်။ စိတ်အာရုံများ လန်းဆန်း၍လာသည်။ နေရထိုင်ရသည်မှာလည်း သက်သောင့်သက်သာ ရှိလာသည်။ တစ်ပတ် လည်မိပြီးသောအခါ ရင်ဝတည့်တည့်သွေးကြောနေရာတစ်ဝိုက်တွင် ပို၍အားကောင်းသော လေပူလုံးတစ်ခုဖြစ်လာသည်။ ထိုလေပူလုံးသည်လည်း အလိုအလျောက်ပင် သွေးလည်ပတ်မှု လမ်း

ကြောင်းအတိုင်း လှုပ်ရှားလည်ပတ်သွားသည်။ ဘယ်လိုမျှ အာရုံစိုက်လုပ်ဆောင်နေစရာမလိုတော့။

ဤသို့ဖြင့် ရန်မိန်ကျန်း၏ကိုယ်အတွင်း အတွင်းအားသည် ရင်ဝတည့်တည့် သွေးကြောကွက်နေရာကို အခြေပြုကာ တိကျမှန်ကန်စွာ အဆက်မပြတ် လည်ပတ်နေလေတော့သည်။ တစ်ပတ် လည်ပြီးတိုင်း ပို၍အားကောင်းလာသည်။ ပို၍ အဆင်ပြေလာသည်။

မိမိသည် မှော်စကြာ အတွင်းအားကျင့်စဉ် အဆင့်(၁) အတိုင်း ရင်ဝတည့်တည့်မှ သွေးကြောကွက်နေရာကို အောင်မြင်စွာထိုးဖောက်ကာ အတွင်းအား လည်ပတ်နိုင်ကြောင်းကိုတော့ ရန်မိန်ကျန်းမသိသေးပါ။ နေရထိုင်ရတာအထူးပင် သက်သာ၍ စိတ်လည်း ကြည်လင်သောကြောင့် ထိုအတွင်းအားလည်ပတ်မှုကို အရှိန်မှန်မှန်ဆက်လက်ပြုလုပ်၍နေသည်။

ထို့ကြောင့် ရရှိထားသောအောင်မြင်မှုမှာ ပိုအခြေခိုင်လာသည်။ သွေးလေများ ကြည်လင်သန့်စင်လာသည်။ အားအင်လည်း ပို၍ပို၍ ကျစ်လျစ်ပြည့်ဝလာသည်။

ကောက်လိရှန်းကလည်းရန်မိန်ကျန်းကို သေသေချာချာပင် စူးစိုက်ကြည့်ရှု အကဲခတ်နေသည်။ ရန်မိန်ကျန်း၏ မျက်နှာ ကြည်လင်ကာ အရောင်လင်းလက် တောက်ပ လာသလိုလိုပင် ထင်လာသည်။ ထိုင်ခုံပေါ်တွင်မှီကာ လှဲလျောင်းနေမှုကလည်း အလွန်ပင် သက်သောင့်သက်သာနှင့် အဆင်ပြေ၍ နေသည်။ အသက်ရှူကာမှန်၏။



"ဒီကောင်လေးက ထုံထိုင်းညှံ့ဖျင်းသလိုလိုနဲ့ တကယ်တမ်းကျတော့ အစွမ်းသားပဲ၊ ကျင့်စဉ်အဆင့်တစ်ကိုတောင် တစ်ခါတည်း အောင်မြင်သွားပြီကိုး"

ရန်မိန်ကျန်း၏အတွင်းအားလေ့ကျင့်မှု အဆင့်တစ် အောင်မြင်သွားကြောင်း အကဲခတ် သိရှိသည့်အတွက် ကောက်လိရှန်း၏စိတ်ထဲတွင် ချီးမွမ်းမိသည်။ ကောက်လိရှန်းသည် ရန်မိန်ကျန်း၏ ကိုယ်ကာယထဲတွင် လည်ပတ်နေမည် ဖြစ်သောအတွင်းအား လှိုင်း၏ လှုပ်ရှားမှုကို အာရုံခံကြည့်သည်။

သူမ၏ မျက်စိထဲတွင် ထိုအတွင်းအား လှိုင်း မှန်ကန်ချောမွေ့စွာ လည်ပတ် လှုပ်ရှားနေပုံကိုပင် မြင်ယောင်လာသလိုလို ရှိသည်။

ဤသို့ဖြင့် နေ့စဉ်ရက်ဆက်ပင် သင်ကြားပေးခဲ့ရာ ရန်မိန်ကျန်း၏ အတွင်းအားလေ့ကျင့်မှုမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်၍လာနေခဲ့သည်။ ကောက်လိရှန်းအဖို့ ထူးချွန်သည့် တပည့်ကောင်းတစ်ယောက် ရရှိသည့်အတွက် အထူးပင် ဝမ်းမြောက် ဝမ်းသာဖြစ်ကာ စိတ်အားထက်သန်စွာပင် သင်ကြားပေးလေသည်။ သူမကိုယ်တိုင်လည်း ရန်မိန်ကျန်း အတွင်းအား လေ့ကျင့်သည်ကို ထိုင်၍ကြည့်ကာ ရန်မိန်ကျန်း၏ကိုယ်ထဲတွင် သွေးလေတို့ မည်သို့မည်ပုံ လှုပ်ရှားလည်ပတ်နေသည်ဟု စိတ်အာရုံထဲ၌ထင်မြင်ခံစားရင်း ကျေနပ်ပီတိ အဖြစ်ကြီးဖြစ်နေလေသည်။

ရန်မိန်ကျန်းသည် ကွက်ကျော်မမြင်တတ်၊ အကင်းလည်းမပါးသည့်အတွက် ဉာဏ်ထုံထိုင်းသည်ဟု ထင်ရသော်လည်း

မှတ်ဉာဏ်ကတော့ မဆိုးပါ။ ရန်မိန်ကျန်း နားလည်သတော့ ပေါက်အောင်တော့ စိတ်ရှည်လက်ရှည်ထား၍ အသေးစိတ် သေသေချာချာ ပြောပြရသည်။ တစ်ခေါက်ပြောရုံနှင့်တော့ သတော့မပေါက်။ နားမလည်။ သုံးလေးခေါက်လောက်တော့ ပြောဆိုရှင်းလင်းပြရသည်။

နားလည် သဘောပေါက်သွားသောအခါတွင်တော့ စွဲစွဲမြဲမြဲပင် မှတ်မိသွားသည်။ မေ့ပျောက်ခြင်း မရှိတော့။

အစပိုင်းတွင်သာ ရန်မိန်ကျန်း၏ မှတ်ဉာဏ်အခြေအနေနှင့် နားလည်တတ်သိမှု နှေးကွေးတတ်ပုံကို မသိသေးသည့်အတွက် သင်ကြားရာ၌ အထစ်အငေါ့လေးများ ရှိခဲ့သည်။ သို့သော် ရန်မိန်ကျန်းအကြောင်းကို သိသွားပြီးသော အခါတွင်တော့ ဘယ်လိုရှင်းပြ ဘယ်ပုံဘယ်နည်း နားလည်အောင် ပြောပြရမည်ကို ကောက်လိရှန်း သိလာသည်။ သင်ကြားလေ့ကျင့်ပေးရသည်မှာ ပို၍အဆင်ပြေ လွယ်ကူလာသည်။ နေ့စဉ်လည်း ဖျော်ရည်နှင့် သစ်သီးသုံးမျိုးကို မှန်မှန် စားသောက်ရသည်။

မှော်စကြာအတွင်းအားကျင့်စဉ်၏ အဆင့် (၁၀)ဆင့်အထိ လေ့ကျင့်သိရှိခဲ့ပြီးသည့်နောက်တွင်မူ ကျန်သေးသည့် အဆင့်များက ပို၍ခက်ခဲရှုပ်ထွေးသည့်အတွက် ရန်မိန်ကျန်းနားလည်အောင် သည်အတိုင်း အလွတ်ပြောဆို ရှင်းလင်းပြရုံနှင့် မဖြစ်တော့ပါ။

ရုပ်ပုံများ ရေးဆွဲကာ ပြောဆိုရှင်းလင်းပြပေးရသည်။

လေ့ကျင့်သောအခါ၌လည်း အာရုံစူးစိုက်ရမည့် သွေးကြောကွက်နေရာများ၊ အတွင်းအား စုစည်း ပို့လွှတ်ရမည့် သွေးလေလည်ပတ်မှု လမ်းကြောင်းနေရာများကို ကောက်လိရှန်းက လက်ဖြင့် ထိုးနှိပ် ပွတ်သပ် လမ်းကြောင်းပြပေးရမှုများပင် လုပ်ပေးရသည်။

မည်သို့ပင်ဆိုစေ ကောက်လိရှန်း၏ စိတ်ရှည်လက်ရှည် ပြောဆိုရှင်းလင်း သင်ပြပေးမှု လိုအပ်သလို ကူညီအားဖြည့် ထောက်ကူပေးမှုတို့ကြောင့် ရန်မိန်ကျန်း၏ မှော်စကြာအတွင်းအားကျင့်စဉ် လေ့ကျင့်မှုသည် အတော်ပင် အောင်မြင် ခရီးရောက်ခဲ့လေသည်။

★

# အခန်း ( ၅ )

ငါးလကျော်ကျော်လောက်အကြာတွင် သိုင်းတေလေ ငါးဖော်တို့ လိုဏ်ဂူသို့ တစ်ခေါက် ပြန်ရောက်လာကြသည်။

ထိုအချိန်တွင် ရန်မိန်ကျန်းသည် မော်စကြာအတွင်းအား ကျင့်စဉ် အဆင့် (၂၅) ဆင့် ရှိသည်မှ အဆင့် (၁၂) အထိ နားလည်တတ်သိနေပြီဖြစ်သည်။

ထို့ပြင် ကောက်လီရှန်း၏ ကိုယ်ခန္ဓာမှာလည်း ထူးခြားစွာပင် ပြန်လည် သန်စွမ်းလာခဲ့သည်။ လက်နှစ်ဖက်သည် ပိုမို၍ လှုပ်ရှားလာနိုင်သည်။ ထိုက်အော်က ကူပေးစရာမလိုဘဲ ကိုယ်တိုင် ထနိုင် ထိုင်နိုင်လာသည်။ ကျောက်သားထိုင်ခုံကြီးပေါ်တွင် ဟိုရွှေ့သည်ရွှေ့ပင် လုပ်နိုင်လာသည်။

ကောက်လီရှန်း၏ သဘောတူ ခွင့်ပြု တိုက်တွန်းချက်ဖြင့် ရန်မိန်ကျန်းက မိမိ ယခင်က သင်ကြားတတ်မြောက်ထားခဲ့သော 'ကြယ်စင်ရောင်ဖြန့်ဓားသိုင်း'၏ သိုင်းကွက်အချို့နှင့် 'သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာ'၏ လှုပ်ရှားဟန်အချို့ကို လုပ်ဆောင်ပြသည်။



ဓားချက်တို့ ပိုမိုအားပြည့်ကာ ထိမိလာသည်။

လှုပ်ရှားသည့် ကိုယ်ဟန်များ ပို၍ ပေါ့ပါးသွက်လက်လာကြသည်။

ရန်မိန်ကျန်းတွင် သန့်စင် မှန်ကန်သော အတွင်းအား အခြေခံ အတန်အသင့်ရှိလာသောကြောင့် သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုတို့ ပို၍ အဆင့်မြင့်လာကြခြင်းဖြစ်၏။ ထို့အတွက် သိုင်းတေလေတို့ ဝမ်းမြောက်သွားကြလေသည်။

"သူ့အတွင်းအား လေ့ကျင့်မှုက အများကြီး တိုးတက်နေတယ်၊ မင်းတို့ကလဲ သူ့ကို သိုင်းကွက်အသစ်တွေ ထပ်သင်ပေးလိုက်ကြဦး"

ကောက်လီရှန်းက သိုင်းတေလေများကို ပြောသည်။

"ဘုရားတော်ကြီးသင်ပြပေးတဲ့ ကျေးဇူးကြောင့် ဒီကလေး အတွင်းအားအခြေခံ ပိုကောင်းလာတာပါ၊ သူ့ကို သိုင်းကွက်သိုင်းဟန်တွေလဲ သင်ပြပေးမယ်ဆိုရင်တော့ ပိုပြီးတိုးတက်လာပါလိမ့်မယ်"

ရန်ကျောက်ယုက မော်စကြာ အတွင်းအားကျင့်စဉ်အပြင် အခြားသောသိုင်းပညာများလည်း ရန်မိန်ကျန်းကို သင်ကြားပေးရန် စကားလမ်းကြောင်းပေးသည်။

ကောက်လီရှန်းက အသာပြုံး၍နေသည်၊ ဘာမျှမပြော။

ထို့ကြောင့် ရန်ကျောက်ယုက ရန်မိန်ကျန်းကို ကြယ်စင်ရောင်ဖြန့်ဓားသိုင်း၏ သိုင်းကွက်အသစ်များ ထပ်မံ သင်ပြပေးသည်။ ချန်ဖုန်းအင်းကလည်း သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာ၏လှုပ်ရှားဟန်အသစ်များထပ်မံ ပြောပြပေးသည်။

ယခုတစ်ခေါက် သင်ကြားလေ့ကျင့်သောအခါ ယခင်က ကဲ့သို့ မဟုတ်တော့။ ရန်မိန်ကျန်းသည် ပို၍ အားအင်ပြည့်ဝစွာ စိုက်ထုတ်နိုင်သလို သိုင်းကွက်သိုင်းဟန် လှုပ်ရှားရာတွင်လည်း ပို၍ အခြေခိုင် ပီရိသေသပ်လာခဲ့သည်။

သိုင်းတေလေငါးဖော်တို့သည် လိုဏ်ဂူတွင် တစ်ရက်မှ သာ နေထိုင်ပြီးနောက် ထွက်သွားကြပြန်သည်။ ရန်မိန်ကျန်းလည်း လိုဏ်ဂူတွင် ကျန်နေခဲ့ကာ ကောက်လိရှန်းထံမှ မှော်စကြာ အတွင်းအားကျင့်စဉ် နည်းလမ်းများ ဆက်လက်သင်ယူသည်။

ဤသို့ဖြင့် ရက်တွေလတွေ တရွေ့ရွေ့ ကျော်လွန်ခဲ့သည်။

သိုင်းတေလေ ငါးဖော်တို့သည် လေးငါးလ တစ်ကြိမ် လောက်ဆိုသလို လိုဏ်ဂူသို့ရောက်ရှိလာကာ ရန်မိန်ကျန်းကို သိုင်းပညာများ သင်ကြားပေးကြသည်။

ကောက်လိရှန်း၏ အားလျော့နေသော အရိုးအကြောတို့မှာလည်း ပြန်လည်သန်စွမ်း ကြံ့ခိုင်လာကြသည်။ ထိုင်ခုံပေါ်တွင် လဲလျောင်း၍သာ မနေရတော့ဘဲ ထနိုင်သွားနိုင် အတန်အသင့် လှုပ်ရှားလာနိုင်သည်။

သည့်လို မိမိ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာခြင်းမှာ ဘာကြောင့်ဖြစ်သည်ကို အစပိုင်းတွင်တော့ ကောက်လိရှန်း မသိခဲ့ပေ။ သို့သော် ရန်မိန်ကျန်းကို အတွင်းအားကျင့်စဉ် သင်ပြပေးရင်း မိမိကလည်း စိတ်အာရုံပြုမိရာမှ မိမိကိုယ်တိုင် ထိုအတွင်းအားကျင့်စဉ်ကို ပြန်လည် လေ့ကျင့်သလို သဘောမျိုးရှိခဲ့ပြီး မိမိကိုယ်ကာယအတွင်း သွေးလေ လည်ပတ်မှုတို့ ချောမွတ်ကောင်းမွန် သန့်စင်လာသည့်အတွက် ဖြစ်ကြောင်း နားလည် သိရှိလာသည်။

ကောက်လိရှန်းသည် ထိုအကြောင်းကို ခင်ပွန်းသည် ဟူယောက်ကုန်းကို ပြောပြသည်။ ဟူယောက်ကုန်းကိုလည်း မှော်စကြာအတွင်းအားကျင့်စဉ် အဆင့်များအတိုင်း အာရုံပြုကာ သွေးလည်ပတ်မှု ချောမွတ်ကောင်းမွန်အောင် လုပ်စေသည်။

ဟူယောက်ကုန်း၏ အခြေအနေမှာလည်း သိသာစွာပင် တိုးတက်လာသည်။ ခေါင်းပိုင်းမျှလောက်သာ လှုပ်ရှားနိုင်ခဲ့ရာမှ လက်များ၊ ခြေထောက်များပါ လှုပ်ရှားလာနိုင်သည်။

မိမိတို့တီထွင်ထားခဲ့သော အတွင်းအားကျင့်စဉ်ကို ပြန်လည်လေ့ကျင့်မှု၏အကျိုးများ ခံစားရခြင်း ဖြစ်သော်လည်း ရန်မိန်ကျန်းကိုတော့ သိုင်းမှော်မောင်နှံတို့က များစွာကျေးဇူးတင်နေလေသည်။

ရန်မိန်ကျန်းကို ကျေးဇူး တုံ့ပြန်ချီးမြှင့်သည့် အနေဖြင့် မိမိတို့၏ အစွမ်းထက်မြက်သော သိုင်းပညာရပ်တစ်ခုဖြစ်သည့် လျှပ်ပြက်မိုးကြိုးခါးသိုင်းကို သင်ကြားပေးရန် လင်မယားနှစ်ယောက် စိတ်ကူးရခဲ့ကြသည်။

သေသေချာချာ အံ့ဩသေးစိတ် ရှင်းလင်းသင်ပြပေးမှသာ နားလည်တတ်သိနိုင်သော ရန်မိန်ကျန်း၏အကြောင်းကို သိထားသောကြောင့် သိုင်းမှော်မောင်နှံတို့က လျှပ်ပြက်မိုးကြိုး၊ ခါးသိုင်း၏ သိုင်းကွက်သိုင်းဟန် လှုပ်ရှားမှုများနှင့်ပတ်သက်

သည့် ရုပ်ပုံကားချပ်များကို စိတ်ရှည်လက်ရှည် အရောင်ရေးဆွဲကြသည်။

ပြီးမှ ရန်မိန်ကျန်းကို သိုင်းကွက်သဘောတရားများ၊ ပရိယာယ်များကို ပြောဆိုရှင်းပြကာ ရုပ်ပုံကားချပ်များ၏အကူအညီဖြင့် သင်ကြားလေ့ကျင့်ပေးသည်။ လျှပ်ပြက်မိုးကြိုးဓားသိုင်းသည် လျင်မြန်မှုတွင် အားအင်ပြင်းထန်မှုကို ဖြည့်စွက်ထားသော သိုင်းပညာဖြစ်သည်။ လျင်မြန်သွက်လက်စွာ လှုပ်ရှားနိုင်ရန် လိုသလို ပြင်းထန်သော ဓားချက်အားကိုလည်း လိုအပ်သည့်အချိန်တွင် ရုတ်ခြည်း ထည့်သွင်းပေးရန် အလွန်အရေးကြီးသည်။ မှော်စကြာအတွင်းအားကို အပြောင်းအလဲမျိုးစုံနှင့် အတိုးအလျှော့များလုပ်ကာ ထည့်သွင်းသုံးရသည်။

အဆင့်မြင့်မားကာ အစွမ်းထက်မြက်သည့် သိုင်းပညာဖြစ်သလို သိုင်းကွက်သိုင်းဟန် အပြောင်းအလဲများ၊ အတွင်းအား စုစည်းမှု၊ ဖြေလျှော့မှု၊ တိုးမြှင့်မှု၊ လျှော့ချမှုပရိယာယ်တို့ကလည်း ဆန်းပြားသည်။

ရန်မိန်ကျန်းမှာ လျှပ်ပြက်မိုးကြိုးသိုင်းပညာ၏ ရှုပ်ထွေးလှသော အပြောင်းအလဲများကို ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်နေသည်။ သိုင်းမှော်မောင်နှံတို့ကလည်း စိတ်ရှည်စွာပင် ရုပ်ပုံများကို ပို၍ပြည့်စုံအောင် ထပ်မံရေးဆွဲကာ သင်ကြားပေးကြသည်။

လျှပ်ပြက်မိုးကြိုး ဓားသိုင်းသည် သိုင်းမှော်မောင်နှံတို့ အစွမ်းအထက်မြက်ဆုံးသော ဓားသိုင်းပညာဖြစ်သည်။ ထို



ဓားသိုင်းကို ရန်မိန်ကျန်း သင်ကြားအောင်မြင်လျှင် မိမိ အမြဲကိုင်ဆောင်ခဲ့သော မိုးကြိုးဓားကိုပါ ရန်မိန်ကျန်းအား ပေးအပ်လိုက်ဖို့အထိ ဟူယောက်ရာနန်းက စိတ်ကူးရှိသည်။ မိမိတို့၏ သိုင်းပညာမျိုးဆက် အမွေခံအဖြစ် သတ်မှတ်လိုက်သည့် သဘောပင်။

ထို့ကြောင့်လည်း ရန်မိန်ကျန်း နားလည် တတ်သိနိုင်အောင် အထူးပင်ကြိုးစားကာ စိတ်ရှည်လက်ရှည်ဖြင့် ရုပ်ပုံများ ဖြည့်စွက်ရေးဆွဲကာ သေသေချာချာ သင်ကြားပေးကြလေသည်။

သို့သော် လျှပ်ပြက်မိုးကြိုးဓားသိုင်းနှင့် ကံမစပ်သောကြောင့်လားတော့မသိ။ သိုင်းမှော်မောင်နှံတို့က ရုပ်ပုံကားချပ် အများအပြားကို ရေးဆွဲကာ အထူးကြိုးစား၍ ရှင်းလင်းသင်ပြပေးကြသည့်တိုင် ရန်မိန်ကျန်းမှာ လျှပ်ပြက်မိုးကြိုးဓားသိုင်းပညာကို နားလည်သဘောပေါက်ခြင်း မရှိခဲ့ပါ။

နောက်ဆုံးတွင်တော့ သိုင်းမှော်မောင်နှံတို့ လက်လျှော့လိုက်ကြရသည်။

လျှပ်ပြက်မိုးကြိုး ဓားသိုင်း သင်ကြားပေးမှုကို ရပ်တန့်သည်။

'တောင်ဖြိုလက်ဝါးသိုင်း'ကိုပြောင်းလဲသင်ကြားပေးသည်။ တောင်ဖြိုလက်ဝါးသိုင်း မှာလည်း သိုင်းမှော်မောင်နှံတို့၏ အစွမ်းအထက်ဆုံးသော လက်ဝါးသိုင်းပညာ ဖြစ်သည်။ စိတ်တည်ငြိမ်မှုကို အဓိကအခြေခံကာ အားအင်ကြီးမား ပြင်းထန်သော လက်ဝါးရိုက်ချက်များ ဖြစ်ပေါ်လာစေသည်။ စိတ်

တည်ငြိမ်မှု အားကောင်းလေလေ လက်ဝါးရိုက်ချက် အရှိန်အဟုန်က ပြင်းထန်လေလေ ဖြစ်သည်။

တောင်ဖြူလက်ဝါးသိုင်းသည် လျှပ်ပြက်မိုးကြိုးဓားသိုင်းကဲ့သို့ သိုင်းကွက်သိုင်းဟန်အပြောင်းအလဲတွေလည်း မများပြားပေ။ သိုင်းတစ်ကွက်ချင်းစီကို ရိုးရိုးစင်းစင်းထုတ်သုံးရသည်။ စိတ်တည်ငြိမ်စွာနှင့် အတွင်းအားကို စုစည်းအသုံးချနိုင်မှုကသာ အဓိကအခြေခံဖြစ်သည်။

ရန်မိန်ကျန်းသည် အသက်ငယ်ရွယ်သေးပြီး အတွင်းအားလေ့ကျင့်မှုအချိန်ကာလကလည်း နုနယ်တိုတောင်းသေးသည့်အတွက် အတွင်းအားအဓိကအသုံးချရသော တောင်ဖြူ လက်ဝါးသိုင်းကို လေ့ကျင့်နိုင်ပါမည်လားဟုတော့ အစပိုင်းတွင် သိုင်းမှော် မောင်နှံတို့က စိတ်ထင့်နေခဲ့ကြသေးသည်။

စမ်းသပ်သည့်အနေဖြင့် တောင်ဖြူလက်ဝါးသိုင်းကွက် တစ်ကွက် နှစ်ကွက်လောက်ကိုသာ အရင်သင်ကြားလေ့ကျင့်စေခဲ့သည်။ ရန်မိန်ကျန်းအနေဖြင့် သင်ယူလေ့ကျင့်နိုင်စွမ်း မရှိလျှင် အခြားသင့်လျော်မည့်သိုင်းပညာတစ်ခုခုပြောင်းလဲသင်ပေးရန်လည်း စိတ်ကူးထားကြသည်။

သို့သော် ရန်မိန်ကျန်းသည် သိုင်းမှော်မောင်နှံတို့ အံ့သြရလောက်အောင်ပင် စမ်းသပ် သင်ပေးသော တောင်ဖြူလက်ဝါးသိုင်းကွက်တို့ကို ကောင်းစွာနားလည်လေ့ကျင့်နိုင်ခဲ့သည်။



သိုင်းမှော် မောင်နှံတို့လည်း ကျေနပ်သဘောကျကြကာ တောင်ဖြူလက်ဝါးသိုင်းကွက် ၄၀ လုံးကို အပြည့်အစုံပင် စိတ်အားထက်သန်စွာ သင်ကြားပေးကြလေသည်။

တစ်နှစ်တာအချိန်ကြာပြီးသော် တောင်ဖြူလက်ဝါးသိုင်းကို ရန်မိန်ကျန်း အပြည့်အဝ နားလည်တတ်မြောက်သွားခဲ့သည်။ လက်ဝါးရိုက်ချက်များ ပိုမိုအားအင်ပြည့်ဝ ခိုင်မာဖို့တော့ ဆက်လက်လေ့ကျင့်သွားရပေလိမ့်မည်။

မိမိတို့၏အစွမ်းအထက်ဆုံးသော လက်ဝါးသိုင်းပညာကို လူငယ်မျိုးဆက်သစ်လေးတစ်ယောက်အားလက်ဆင့်ကမ်းတာ အောင်မြင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့မှုကြောင့် သိုင်းမှော် မောင်နှံတို့ ဝမ်းမြောက်ပီတိဖြစ်ကြရသည်။ လက်ဝါးသိုင်းပညာသာဖြစ်သည့်အတွက် မိမိတို့ကိုင်ဆောင်သုံးစွဲခဲ့သော ဓားရှည်ကို အမွေသဘောပေးအပ်ခြင်းတော့မလုပ်နိုင်ကြပါ။

ထိုအချိန်အတောအတွင်း ရန်မိန်ကျန်းသည် မှော်စကြာအတွင်းအားကျင့်စဉ်၏ အဆင့်အားလုံးကိုလည်း နားလည်သဘောပေါက်ခဲ့သည်။ အဓိကသွေးကြောကွက်နေရာများကို အတွင်းအားထိုးဖောက်လည်ပတ်မှုပြုနိုင်လာသည်။ သန့်စင်မှန်ကန်သော အတွင်းအားကိုလည်း အခြေတည်မိသည်။

ထိုအတွင်းအားပိုမိုရင့်ကျက်အားပြည့်ဖို့တော့ မှော်စကြာအတွင်းအားကျင့်စဉ်နည်းလမ်းများဖြင့် ဆက်လက်လေ့ကျင့်ပျိုးထောင်သွားရပေလိမ့်မည်။

ကြယ်စင်ရောင်ပြန်ဓားသိုင်းနှင့် သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာတို့ကိုမူ သိုင်းကွက်နှင့် လှုပ်ရှားဟန် အကုန်အစင်

ပြည့်ဝစုံလင်စွာ မတတ်မြောက်သေးပေ။ တစ်ဝက်တစ်ပျက်မျှသာ လေ့ကျင့်နိုင်သေးသည်။

သိုင်းတေလေငါးဖော်တို့ ခရီးတစ်ထောက် လာရောက်သောအခါများတွင်မှ အချိန်အခါရသလို သင်ကြားပေးနေသည့်အတွက် ထိုသိုင်းပညာနှစ်မျိုး လေ့ကျင့်ရေးတွင် တိုးတက်မှု နှောင့်နှေးခဲ့ခြင်း ဖြစ်ပေသည်။

နွေဦးရာသီ ရက်တစ်ရက်တွင် ရန်မိန်ကျန်းသည် သိုင်းမှော်မောင်နှ နှင့် ထိုက်အော်တို့ကိုနှုတ်ဆက်ကာ သိုင်းတေလေငါးဖော်တို့နှင့်အတူ လိုဏ်ဂူမှ ထွက်ခွာ ခရီးဆက်ခဲ့လေတော့သည်။

* * *

ရန်မိန်ကျန်းကို ပြန်ခေါ်လာခဲ့ကြပြီးနောက် သိုင်းတေလေငါးဖော်တို့သည် ကောက်ဆန်းတောင်တန်းကြီး၏အတွင်းဘက်ပိုင်းဆီသို့ ခရီးဆန်ခဲ့ကြပြန်သည်။ လူသူ အရောက်အပေါက်မရှိသေးသည့်နေရာသို့ စွန့်စားထိုးဖောက်ခဲ့ကြခြင်းဟုလည်း ဆိုနိုင်ပေသည်။

တောရိုင်းသဘာဝ အခြေအနေတို့က ရင်သပ်ရှုမောအောင်ပင် ထူးထွေဆန်းပြားသည်။ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းလှသည်။ ခရီးလမ်းကတော့ အလွန်ပင် ကြမ်းတမ်းခက်ခဲသည်။ လမ်းဟူ၍ပင် မရှိပါ။ မိမိတို့ဘာသာ ကိုယ့်လမ်းကိုယ်ထွင်၍ သွားကြရသည်။



ကိုယ်စီ သိုင်းပညာ ထူးချွန်ကြပြီး ဇွဲလုံ့လဝီရိယလည်း ပြည့်စုံကြသည်မို့ သိုင်းတေလေတို့သည် ရင်ဆိုင်ရသမျှသော သဘာဝအတားအဆီး အခက်အခဲ အဝဝတို့ကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။ အတွင်းအား အခြေခံကောင်းစွာ ရရှိနေပြီး ကိုယ်ဖော့နိုင်စွမ်းလည်း အတန်အသင့်တတ်နေပြီမို့ ရန်မိန်ကျန်းကလည်း သိုင်းတေလေများနည်းတူ ခရီးကြမ်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သည်။

အသက်ငယ်ရွယ်သေးပါလျက် မိမိတို့နှင့် တန်းတူနည်းပါး ခရီးသွားနိုင်သော ရန်မိန်ကျန်းကို သိုင်းတေလေတို့က အထူးပင် ချီးမွမ်းထောမနာ ပြုကြသည်။

ခရီးကြမ်းသွားရင်း ရန်မိန်ကျန်းကိုလည်း နေ့စဉ် သိုင်းလေ့ကျင့်သင်ကြားပေးမှုများ လုပ်ခဲ့ကြလေရာ ခြောက်လခန့်အကြာတွင် 'ကြယ်စင်ရောင်ပြန်ဓားသိုင်း'နှင့် 'သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာ'တို့ကို ရန်မိန်ကျန်း ပြည့်စုံကောင်းမွန်စွာ နားလည်တတ်မြောက်သွားခဲ့သည်။

ရန်ကျောက်ယုက 'ကြယ်ကြွေတေးသံ လက်နက်ပုန်းအတတ်ပညာ'ကို ထပ်မံသင်ကြားပေးသည်။ ကြယ်ကြွေတေးသံ လက်နက်ပုန်းသည် အခေါင်းပါသော ဝါးဆူးချွန်လေးများဖြစ်သည်။ နည်းလမ်းမှန်မှန်ပစ်လွှတ်သောအခါ တေးသီချင်းသံလိုလို သာယာနာပျော်ဖွယ်ကောင်းသော အသံစူးစူးလေးများ ပေါ်ထွက်သည်။

ချန်ဖုန်းအင်းက 'မိုးပျံနဂါးကျားပွတ်သိုင်း' ကို ထပ်မံ သင်ကြားပေးသည်။ ကျားပွတ်သိုင်းပညာဟု ဆိုသော်လည်း

ကျောပွတ်ရိုက်ချက်များအကြားတွင် လက်ဝါးရိုက်ချက်များ၊ ခြေပျံ ကန်ချက်များက ဝက်ရဲပါဝင်ပြီး သွက်လက်ပေါ့ပါးသောကိုယ်ဟန်နှင့် လျင်မြန်စွာ လှုပ်ရှားရသော ခြေလှမ်းကွက် အပြောင်းအလဲတွေ ပါရှိသည်။

လုံကျင်းက ဝက်ပါအတတ်နှင့် လျှို့ဝှက်ထောင်ချောက်ဆင်နည်းများကို သင်ပေးသည်။ ထန်းရဲမောက်ဖူးက ငှက်အမျိုးမျိုးတို့၏ သဘောသဘာဝနှင့် ငှက်ဖမ်းနည်းတို့ကို ပြောပြသည်။ ကန်လီခက်စမ်းက ကဗျာအလင်္ကာရေးဖွဲ့မှုနှင့် တေးဂီတပညာတို့ကို သင်ပေးသည်။

ကောက်ဆန်းတောင်တန်းကြီး၏ တောင်စဉ်တောင်တွက် တောင်စွယ်တောင်ကြားများအနှံ့ ခရီးဆန့် သွားလာမှုကတော့ ရန်မိန်ကျန်းအတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံတို့ ရရှိစေခဲ့လေသည်။

ကောက်ဆန်း တောင်တန်းကြီးတွင် စိတ်ကြိုက် ခရီးရှည်လှည့်လည်သွားလာခဲ့ကြပြီး နောက်ဆုံး တောင်အောက်သို့ ပြန်ဆင်းလာကြသည့်အခါတွင်တော့ ရန်မိန်ကျန်းမှာ ၁၆) နှစ်အရွယ်သို့ပင် ရောက်လာလေပြီ။

ကြယ်ကြွေတေးသံ လက်နက်ပုန်း အတတ်ပညာနှင့် မိုးပျံနဂါး ကျောပွတ်သိုင်းတို့ကိုလည်း ကောင်းစွာတတ်မြောက်ခဲ့သည်၊ ငှက်ဖမ်းနည်းနှင့်ငှက်ထောင်နည်းတို့ကို အတန်အသင့်နားလည်ခဲ့သည်။ သို့သော် သာမန် ရိုးရိုးရှင်းရှင်းသာ တွေ့တောလုပ်ဆောင်တတ်သူမို့ ပရိယာယ်ဝေဝုစ်များပြားလှသော ဝက်ပါအတတ်ပညာနှင့် လျှို့ဝှက်ထောင်ချောက်ဆင်နည်းတွေ



ကိုတော့ မတတ်ခဲ့ပါ။ စိတ်ကူးအမျိုးမျိုး ကွန့်မြူးရသော ကဗျာအလင်္ကာနှင့် တေးဂီတတို့အကြောင်းလည်း နားမလည်ခဲ့ပေ။

"အခု မင်းအသက် ဆယ့်ခြောက်နှစ်ရှိပြီ၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်ဖို့အတွက် ကိုယ့်ဘာသာ အတွေ့အကြုံရှာဖို့ပဲ လိုလာပြီ၊ ငါတို့နဲ့အတူတူ ခရီးလှည့်လည်သွားခဲ့တဲ့အတွက် ပင်းအနေနဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့တာတော့ မှန်ပါရဲ့၊ ဒါပေမယ့် ငါတို့က ဝိုင်းဝန်းဖေးမ ကူညီစောင့်ရှောက်ပေးနေတဲ့အတွက် မင်းဟာ ကိုယ်ပိုင်ဆုံးဖြတ် လုပ်ကိုင်မှုသက်မှာ အားနည်းနေတယ်၊ အခုအချိန်ကစပြီး မင်း တစ်ကိုယ်တော်ခရီး နှင်ပေတော့၊ တစ်နှစ်တိတိ ပြည့်တဲ့နေ့ကျရင်သာ 'ကျောက်မိကျောင်းကမ်းခြေ'က 'ဓားတစ်ရာလိုက်ဂူ'ကို လာခဲ့၊ အဲဒီမှာ ငါတို့ ပြန်ဆုံကြမယ်"

ကောက်ဆန်းတောင်ပေါ်မှ ဆင်းလာခဲ့ပြီး တောင်ခြေတောအုပ်ထဲတွင် ခရီးတစ်ထောက်နား စခန်းချခိုက် ရန်ကျောက်ယုက ရန်မိန်ကျန်းကို ပြောသည်။

လူလောက၏ ဘဝအတွေ့အကြုံများကို ထိတွေ့သိရှိစေရန် ရည်ရွယ်ချက်ဖြင့် ဤသို့ စီစဉ်ပြောဆိုခြင်းဖြစ်သည်။

"ကျောက်မိခွကျောင်းကမ်းခြေ ဆိုတာက ဘယ်နေရာလဲဟင်၊ ဓားတစ်ရာလိုက်ဂူ ဆိုတာကိုကော ဘယ်လိုလုပ် ရှာရမှာလဲ"

ရန်မိန်ကျန်းက မေးသည်။

ရန်ကျောက်ယုက အသာပြုံးလိုက်ကာ....

"ဒါကတော့ မင်းကိုယ်မင်းပဲ အားကိုးလေကွာ၊ မင်း အစွမ်းအစနဲ့ မင်းဘာသာမင်း စုံစမ်းရှာဖွေပြီး ချိန်းထားတဲ့ နေရာကို ရောက်အောင်လာခဲ့ပေါ့၊ ဘယ်လိုရှာရမယ်၊ ဘယ်လို လာရမယ်ဆိုတာတွေ ပြောပြလိုက်ရင် မင်းကို တစ်ယောက်တည်း ဘဝအတွေ့အကြုံ ရှာဖို့လွှတ်တာ အလကားဖြစ်သွားမှာပေါ့"

"ဟာ....ဟုတ်သားပဲ၊ ကောင်းပါပြီ၊ ကျွန်တော် အဲဒီ နေရာကို ရောက်အောင် လာခဲ့ပါ့မယ်"

"ဒီလိုလုပ်စမ်းပါကွ"

ရန်ကျောက်ယုက ငွေအသပြာများ ထည့်ထားသော အိတ်တစ်ခုပေးသည်။ လုကျုင်းကလည်း ရွှေဒင်္ဂါးသုံးဆယ် ပေး၏။ လိုအပ်လျှင် သုံးရန်ဖြစ်ပြီး မိမိ၏ စားသောက်နေရေးအတွက် မိမိဘာသာ ကြံဖန်ရှာဖွေ ဖြည့်တင်းနိုင်အောင် ကြိုးစားရန် မှာကြားကြသည်။

ချန်ဖုန်းအင်းက ခါးပတ်ကျာပွတ်တစ်ခုပေးသည်၊ သုံးပေ ကျော်ကျော်ခန့် ရှည်သည်။ ခါးတွင်ပတ်ထား၍ ရနိုင်သလို ကျာပွတ်အဖြစ်လည်း ကောင်းကောင်း အသုံးချနိုင်သည်၊ ခါးပတ်ကျာပွတ်၏ လက်ကိုင်နေရာတွင် နဂါးတစ်ကောင်ပုံ နှင့် (၂၈) ဟူသောဂဏန်း ရေးထွင်းထားသည်။ ဤခါးပတ်



ကျာပွတ်ကို တတ်နိုင်သမျှ သိမ်းဝှက်ထားရန်နှင့် လက်နက် အဖြစ်သုံးရန် မဖြစ်မနေ လိုအပ်မှသာ ထုတ်သုံးရန်လည်း အလေးအနက် ပြောဆိုသည်။

ရန်မိန်ကျန်းသည် သိုင်းတောလေ ငါးမောင်တို့ကို ဦးချ ကန်တော့ပြီးနောက် တစ်ကိုယ်တော် ခရီးရှည်ကြီးကို စတင် လေတော့သည်။

★

## အခန်း ( ၆ )

ကောက်ဆန်းတောင်တန်းမှ တစ်ကိုယ်တော် ခရီးထွက်လာခဲ့သော ရန်မိန်ကျန် သည် သုံးရက်အကြာတွင် ရွာလေးတစ်ရွာနှင့် မလှမ်းမကမ်းသို့ ရောက်လာခဲ့သည်။

လူသူမနီးသည့် ကောက်ဆန်း တောင်တန်းကြီးပေါ်တွင် သာ နှစ်ပေါင်း အတော်များများ နေတိုင်ခဲ့ရသည့် ရန်မိန်ကျန်းအဖို့ လူနေရပ်ရွာတစ်ခုကို လှမ်းမြင်ရသည့် အတွက် အတော်ပင် ဝမ်းသာ ရွှင်မြူးသွားလေသည်။

ရန်မိန်ကျန်းသည် ရွာရှိရာသို့ ဦးတည်ကာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလာခဲ့သည်။ ရွာနှင့်မလှမ်းမကမ်းသို့ အရောက်တွင် စားသောက်ဆိုင်လေးတစ်ခုကို မြင်ရလေသည်။ အတန်လည်းဆာလောင်နေသောကြောင့် စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့သည်။

စားသောက်ဆိုင်ထဲတွင် လူရွယ်နှစ်ယောက်သာထိုင်၍ စားသောက်နေကြသည်။ အခြားစားသောက်သူများမရှိ။ ထို လူ



ရွယ်နှစ်ယောက်သည် အညိုရောင်ဝတ်စုံ ဆင်တူဝတ်ကာ ခါးတွင် ဓားရှည်ကိုယ်စီချိတ်ထားကြသည်။ ဂိုဏ်းတူသိုင်းသမားတွေဖြစ်ကြကြောင်း သိနိုင်သည်။

ရန်မိန်းကျန်းက စားပွဲလွတ်တစ်ခုတွင်ဝင်ထိုင်ကာ ခေါက်ဆွဲပြုတ်တစ်ပွဲ မှာလိုက်သည်။ ရန်မိန်ကျန်းသည် မည်သည့် လက်နက်ကိုမျှ ထင်ထင်ပေါ်ပေါ်ကိုင်ထားခြင်းမရှိပါ။ ဝတ်ထားသော အဝတ်အစားတွေကလည်း ခပ်နွမ်းနွမ်း၊ ခပ်ညစ်ညစ်၊ လူပုံကလည်း ရိုးရိုးကုပ်ကုပ်။

သူ့ကိုသိုင်းပညာတတ်မြောက်ထားသူတစ်ယောက်ဟု ထင်ကြမည်မဟုတ်။ ကျေးတောသား လူဆင်းရဲတစ်ယောက်ဟုသာ ထင်မိကြပေလိမ့်မည်။ သူတောင်းစားတစ်ယောက်ဟုပင် ထင်မိသူတွေပင် ရှိနိုင်သည်။

လူရွယ်နှစ်ယောက်က ဆိုင်ထဲဝင်လာသော ရန်မိန်ကျန်းကို အကဲခတ်သလို တစ်ချက် လှမ်းကြည့်လိုက်ကြသေးသည်။ ရန်မိန်ကျန်း၏ ဘာမျှအရေးမထားလောက်သော အသွင်အပြင်ကြောင့် သူတို့ပြောစရာရှိသည့်စကားများကို ဆက်ပြောကြလေသည်။

လူရွယ်နှစ်ယောက်သည် တီးတိုးပြောဆို နေကြခြင်းသာဖြစ်သည်။ စကားသံတွေ သိပ်မကျယ်ပါ။ ရန်မိန်ကျန်းသည် သန့်စင်မှန်ကန်သော အတွင်းအားအခြေခံ ရှိနေလျက် နားလည်း ပါးလှသောကြောင့် လူရွယ်နှစ်ယောက် တီးတိုးပြောဆိုနေကြသည့်စကားများကို အတိုင်းသားပင် ကြားနေရသည်။

မိမိနှင့် အသိအကျွမ်းလည်းမဟုတ်၊ သူတို့၏ကိစ္စများသည် မိမိနှင့် သက်ဆိုင်ခြင်းလည်းမဟုတ်သောကြောင့် အစပိုင်းတွင် လူရွယ်နှစ်ယောက်ပြောဆိုနေကြသည်တို့ကို ရန်မိန်ကျန်း စိတ်မဝင်စားပါ။ နားထဲတွင် ကြားနေရသောကြောင့်သာ အမှတ်မထင် နားထောင်နေမိခဲ့သည်။

ဤသို့နားထောင်မိရာမှ လူရွယ်တို့၏စကားကို စိတ်ဝင်စားလာလျှက် သိုင်းလောက၏ အရှုပ်အရှင်းပြဿနာတစ်ခုထဲသို့ ရန်မိန်ကျန်းပါဝင်ပတ်သက်မိခဲ့ရလေသည်။

"လူချည်ကြီးယုန်လေ့နဲ့ မြေခွေးကိုက်မင်တို့ ရောက်လာကြမှာ သေချာလား"

"သေချာပါတယ်ကွ၊ ဒီညနေ နေမဝင်ခင် ရွာတောင်ဘက်က ဇရပ်ပျက်ကြီးရှေ့မှာဆုံကြဖို့ ငါကိုယ်တိုင် သေသေချာချာ အကြောင်းကြားလိုက်တာပဲ၊ ငါတို့စားသောက်ပြီးရင် သူတို့နဲ့ ဆုံဖို့ သွားကြတာပေါ့"

"အင်း အသက်ငယ်ငယ်ရွယ်ရွယ်မိန်းကလေးတစ်ယောက်နဲ့ ရင်ဆိုင်ဖို့အတွက် ဟိုလူ့စစ်ကူတောင်းရ၊ ဒီလူ့အကူအညီခေါ်ရနဲ့ ရှက်စရာများကောင်းနေမလား"

"ကောင်မလေးက ရုပ်လေးလှပတာမို့ မင်းက ကြင်နာချင်နေတာလား"

"ဟာ....မဟုတ်တာ၊ ကျွန်တော်က အဖြစ်ကို ပြောတာပါ"

"ကောင်မလေးကရုပ်လေးချောသလောက် ဘယ်လောက် ကလိန်ညာဏ်များပြီး ရမ်းကား ရက်စက်တယ်ဆိုတာ မင်း



သေသေချာချာ မသိဘဲကိုးကွ၊ ငါတို့ဘက်က ပေါ့လျော့လို့ မဖြစ်ဘူး၊ ပြီးတော့ အဲဒီကောင်မလေးက အရိုင်မဲ့မိစ္ဆာ မာဟိုဖန်းနဲ့တောင် ဆက်စပ်ပတ်သက်မှု ရှိချင်ရှိနေမယ်လို့ ငါတော့ သံသယဖြစ်မိတယ်"

အရိုင်မဲ့မိစ္ဆာ မာဟိုဖန်းဟူသော အမည်ကို ကြားရ၍ ရန်မိန်ကျန်း စတင်စိတ်ဝင်စားလာမိသည်။

"ဒီလိုဆိုရင်ဇတော့ ကျွန်တော်တို့ဘက်က စစ်ကူခေါ်တာ မမှားပါဘူး"

"ကောင်မလေးဘက်ကလဲ ဝိုင်းကူပေးမယ့်လူ ပါလာမှာပါကွာ၊ ကိုင်း....သွားကြစို့ဟေ့"

လူရွယ်နှစ်ယောက် စားသောက်ဆိုင်ထဲမှထွက်သွားသောအခါ ရန်မိန်ကျန်းလည်း မယောင်မလည်နှင့် နောက်မှ အသာလိုက်ပါသွားလေသည်။

ဇရပ်ပျက်ကြီးသို့ ရောက်သောအခါ လူရွယ်နှစ်ယောက်က တစ်ပိုင်းတစ်စ ပြိုပျက်နေသော ဇရပ်လှေကားရင်းတွင် ထိုင်ကြသည်။ ရန်မိန်ကျန်းကတော့ ဇရပ်ပျက်ကြီးဘေးနားရှိ ချုံပုတ်ကြီးတစ်ခုထဲ ဝင်ရောက်ပုန်းအောင်းကာ အသာစောင့်ကြည့်နေသည်။

တောထဲကောင်ထဲတွင် သွားလာလှုပ်ရှားခဲ့မှု အတွေ့အကြုံများက သည်နေရာတွင် ကောင်းကောင်း အသုံးတည့်နေ၏။ လူရွယ်နှစ်ယောက်မှာ ရန်မိန်ကျန်း ပုန်းအောင်းစောင့်ကြည့်နေသည်ကို လုံးဝ မရိပ်မိခဲ့ပေ။

ခဏအကြာတွင် လူနှစ်ယောက် ဇရပ်ပျက်ကြီး ရှိရာသို့ ရောက်လာသည်။ တစ်ယောက်က အရပ်ပုပု၊ ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက်ဖြစ်၏။ ပုသောအရပ်နှင့် မလိုက်အောင် ပင် ရှည်လျားသောခါးရှည်ကြီးတစ်ချောင်းကို နောက်ကျော တွင် လွယ်ထားသည်။ ကျန်တစ်ယောက်ကတော့ သက်လတ် ပိုင်းအရွယ် ယောကျ်ားကြီးတစ်ယောက် ဖြစ်၏။ လက်ကိုင်ရိုး ရှည်သော ပုဆိန်တစ်လက် ကိုင်စွဲထားသည်။

ဇရပ်လှေကားရင်းတွင်ထိုင်နေကြသော လူရွယ်နှစ်ယောက် က ချက်ချင်းပင် ထရပ်ကာ ပျာပျာသလဲ အရိုအသေပေးကြ သည်။

"ဘယ်လိုအကြောင်းကိစ္စပေါ်နေလို့ ငါ့ကို လှမ်းအကူ အညီတောင်းရတာလဲ"

ပုပုပိန်ပိန် အဘိုးအိုက မေးသည်။ အသံသည် စူးရှကာ အားပြည့်သည်။

"ပြောရမှာတော့ ရှက်ပါတယ် ဦးရီးတော်နဲ့ နောင်တော် တို့ခင်ဗျာ၊ ကျွန်တော်တို့ ဂိုဏ်းတူညီနောင် ဒီဒေသတက် ခရီး ထွက်လာကြရင်း ကျွန်တော့်ဂိုဏ်းတူ ညီလေးက ဆရာခိုင်း လိုက်တဲ့ကိစ္စ လုပ်ဆောင်နေတုန်း ကျွန်တော်က အမဲရှာဖွေ ပစ်ခတ်ဖို့ တောထဲဝင်ခဲ့ပါတယ်၊ တောထဲမှာ မိန်းကလေး တစ်ယောက်နဲ့ ဆုံမိတယ်၊ အဲဒီမိန်းကလေးက ကျွန်တော် ပစ်ခတ်လို့ရလာတဲ့ အမဲကောင်ကို သူ့ပေးရမယ်လို့ တောင်း တယ်၊ ကျွန်တော်က ငြင်းတော့ အတင်း တိုက်ခိုက်ပြီး လုယူ သွားတယ်၊ ဒီအတွက် မကျေနပ်ရင် ဒီနေ့ည သန်းခေါင်အချိန်



ကျွားသရဲတောင်ကြားမှာ လာရှင်းလို့ စိန်ခေါ်သွားတယ်၊ ကြိုက်သလောက် စစ်ကူ ခေါ်လာနိုင်တယ်လို့လဲ ပြောသွား တယ်"

လူရွယ်နှစ်ယောက်အနက် အနည်းငယ် အသက်ကြီးဟန် တူသူက ပြန်ပြောသည်။

"အဲဒီကောင်မလေးက ဘယ်ဂိုဏ်းကလဲ၊ ဘယ်လို သိုင်း ပညာမျိုး သုံးသလဲ"

အရိုးရှည် ရဲတင်းကြီး ကိုင်ထားသူက ဝင်မေးသည်။

"ဘယ်ဂိုဏ်းကလဲဆိုတာတော့ ကျွန်တော်လဲ အတိအကျ မသိဘူး၊ သူသုံးတဲ့ သိုင်းပညာတွေကတော့ ထူးဆန်းပြီး တိုက်ချက်တွေ အရမ်း ရက်စက်တယ်၊ အရိပ်မဲ့မိစ္ဆာ မာဟို ဖန်းနဲ့ ပတ်သက်မှု ရှိနိုင်တယ်လို့တောင် ကျွန်တော် သံသယ ဖြစ်မိတယ်"

"သေချာရဲ့လားကွ၊ မာဟိုဖန်းနဲ့ ပတ်သက်မှုရှိမယ်ဆိုရင် တော့ သိပ်ကို သတိထားဖို့လိုတယ်"

"ရမ်းရမ်းကားကားနဲ့ ဘာမှ အရေးမစိုက်ဘဲ လုပ်ကိုင် တိုက်ခိုက်တာကြောင့် ဒီလို သံသယဖြစ်မိတာပါ၊ မာဟိုဖန်းရဲ့ အဆက်အနွယ် ဖြစ်မဖြစ်တော့ မသေချာပါဘူး၊ သူနဲ့ ဆုံရတဲ့ အခါ ဦးရီးတော်နဲ့ နောင်တော်တို့ကိုယ်တိုင် အကဲခတ်ကြည့် ကြပါ"

"မင်းတို့ကို စိန်ခေါ်ခဲ့တယ်ဆိုတော့ ငါတို့ တူဝရီးကိုလဲ ထိပါးရန်စတာနဲ့ အတူတူပဲ၊ အဲဒီကောင်မလေး ဘယ်သူ့ အဆက်အနွယ်ပဲဖြစ်ဖြစ် ထောက်ထားနေစရာမလိုဘူး၊ကောင်း

ပြီ၊ ကောင်မလေးနဲ့ ချိန်းထားတဲ့နေရာကို ငါတို့အရောက်လာခဲ့မယ်၊ ဘာမှ ပူမနေကြနဲ့”

ပိန်ပိန်ပုပု အတိုးအိုက မာန်တင်းတင်းနှင့် ပြောသည်။

“ဦးရိုးတော်နဲ့ နောင်တော်ကြီးတို့ကို အားကိုးပါတယ် ခင်ဗျာ”

လူရွယ်နှစ်ယောက် ပြုံးတူ အရိုအသေပေးလိုက်ကြသည်၊ အတိုးအိုနှင့် ယောကျ်ားကြီးတို့ ထွက်ခွာသွားကြသည်။

“ငါတို့ ဒီဇရပ်ပျက်မှာပဲ နားလိုက်ကြရအောင်၊ ချိန်းထားတဲ့အချိန်နီးမှပဲ ကျွဲသရဲတောင်ကြားကို သွားကြတာပေါ့”

လူရွယ်တစ်ယောက်က ပြောသည်။

'ထို့နောက် လူရွယ်နှစ်ယောက် ဇရပ်ပျက်ကြီးထဲသို့ ဝင်ရောက်သွားကြလေသည်။

စိန်ခေါ်သူ မိန်းကလေးသည် အရိပ်မဲ့မိစ္ဆာ မာဟိုဖန်းနှင့် ပတ်သက်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သိုင်းပညာ စိန်ခေါ်ပွဲတစ်ခုကိုတော့ သွားရောက် ချောင်းမြောင်းကြည့်ရှုရန် ရန်မိန်ကျန်း အတော်ပင် စိတ်ပါဝင်စားသွားလေသည်။ သည်လို စိန်ခေါ်တိုက်ခိုက်မှုကို သွားရောက်ကြည့်ရှုခြင်းဖြင့် မိမိအတွက် အတွေ့အကြုံသစ်များ ရနိုင်လိမ့်မည်ဟုလည်း ထင် သည်။

ရန်မိန်ကျန်းသည် ဇရပ်ပျက်ကြီးနားတွင် ဆက်လက် ပုန်းအောင်းကြည့်ခြင်း မလုပ်တော့။ ချိန်းဆိုထားသည့် အချိန်နှင့် နေရာတို့ကို သိခဲ့ရပြီးဖြစ်၍ အချိန်မီ ထိုနေရာသို့ ရောက်အောင်



မိမိဘာသာ စုံစမ်း၍သွားမည်ဟု စိတ်ကူးလျက် အသာပင် ထွက်လာခဲ့လေသည်။

ရွာလေးထဲသို့ဝင်၍ ကျွဲသရဲတောင်ကြားတည်ရှိရာနေရာကို စုံစမ်းသည်။ ကျွဲသရဲတောင်ကြားမှာ လူသိများထင်ရှားသည့် နေရာဖြစ်ဟန်တူသည်။ အလွယ်တကူပင် မေးမြန်းစုံစမ်း၍ ရခဲ့သည်။

* * *

ကျွဲသရဲတောင်ကြားသို့ ရန်မိန်ကျန်း ရောက်သွားတော့ သန်းခေါင်ယံအချိန်ရောက်ရန် အတော်ပင်လိုသေးသည်။ ထိုနေရာ၏ အခြေအနေကို ကြိုတင်ကြည့်ရှုလိုသောကြောင့် တမင်ပင် စော၍လာခဲ့ခြင်းဖြစ်ပါသည်။

လသာသောညမို့ ပတ်ဝန်းကျင်တစ်ခွင်လုံး အတော်ပင် လင်းလင်းချင်းချင်း ရှိနေသည်။ တောင်ကြား နေရာသည် ကျယ်ပြောကာ သစ်ပင်ပန်းပင်များ ပေါက်ရောက်နေသည်။ စမ်းချောင်းငယ်လေးတစ်ခုပင်စီးဆင်းလျက်ရှိသည်။ တောအုပ် တောင်စွယ်များ ဝန်းရံထားမြန်ရာ လှပရှုမောဖွယ်ရာကောင်း သော နေရာတစ်ခုဖြစ်သည်။

'ကျွဲသရဲတောင်ကြား' ဟူသော အမည်နှင့်ပင် မလိုက်ဖက်ပေ။

ရန်မိန်ကျန်းသည် တောင်ကြား ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုသည်။ 'ပုန်းအောင်းကြည့်ရှုရန် ကောင်းမည့် နေရာကို

လိုက်ရှေးချယ်သည်။ ထို့နောက် ချုံပုတ်ကြီးတစ်ခုထဲသို့ ဝင်ရောက်ကာ ပုန်းအောင်းသည်။ မျက်စိကိုဖွင့် နားကိုစွင့်ကာ ရောက်လာမည့်လူများကို စောင့်ဆိုင်းနေလေသည်။

ညသန်းခေါင် ရောက်လုလုအချိန်တွင် လေချွန်သံတစ်ခုကို မြောက်ဘက်စူးစူးအရပ်ဆီမှ ကြားရသည်။ ရှေ့ဆင့် နောက်ဆင့် ဆိုသလိုပင် အလားတူ လေချွန်သံရှည်တစ်ခု တောင်ဘက်အရပ်ဆီမှ ပေါ်ထွက်လာသည်။

ခဏအကြာတွင်မြောက်ဘက်မှလူနှစ်ယောက်ခပ်သုတ်သုတ်လျှောက်လှမ်းလာကြသည်ကို ရန်မိန်ကျုန်း တွေ့ရသည်။ စားသောက်ဆိုင်ထဲတွင် တွေ့ခဲ့ရသည့် လူရွယ်နှစ်ယောက်ပင် ဖြစ်သည်။

လူရွယ်နှစ်ယောက်သည် ရန်မိန်ကျုန်းပုန်းအောင်းနေသော ချုံပုတ်ကြီးနှင့် ပေငါးဆယ်သာသာခန့်အကွာတွင် ရပ်လိုက်ကြသည်။ ထိုအချိန်တွင် တောင်ဘက်ဆီမှ လူနှစ်ယောက် ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းရောက်လာကြသည်။ ဇရပ်ပျက်ကြီးတွင် တွေ့ခဲ့ရသော ပုပုပိန်ပိန်အဘိုးအိုနှင့် အရိုးရှည်ပုဆိန်ကိုင်ထားသော ယောကျ်ားကြီးတို့ပင်ဖြစ်သည်။

"ဟိုကောင်မလေးကော"

လူရွယ်နှစ်ယောက်အနားသို့ရောက်သောအခါ အဘိုးအိုကမေးသည်။ အဘိုးအို၏ အမေးစကားအဆုံးမှာပင် ရိုးခနဲ ရိုပ်ခနဲ လှုပ်ရှားမှုနှင့်အတူ အဖြူရောင်ဝတ်စုံဝတ် မိန်းကလေးတစ်ယောက် သူတို့ရှေ့မှောက်သို့ ရောက်လာသည်။

"ဟောဟိုမှာ ရောက်လာပြီ"



လူရွယ်တစ်ယောက်က မိန်းမပျိုကို ညွှန်ပြပြီးပြောသည်။

အဘိုးအို၊ လူရွယ်နှစ်ယောက်နှင့် ယောကျ်ားကြီးတို့ ရင်ပေါင်တမ်းကာ ရပ်လိုက်ကြသည်။ မိန်းမပျိုကတော့ အမျိုးသား လေးယောက်နှင့် မျက်နှာချင်းဆိုင်လျက် ဆယ်ပေသာသာခန့်အကွာတွင် ကိုယ်ဟန်ကြော့ကြော့လေးနှင့်ရပ်နေသည်။

ရန်မိန်ကျုန်းက မိန်းမပျိုကို အကဲခတ်ကြည့်လိုက်သည်။

အသက်အရွယ်က သူနှင့် မတိမ်းမယိမ်း။ ငယ်ပင်ငယ်နိုင်သည်။ အသားဖြူဝင်းသည်။ ကိုယ်နေဟန်ထား ကြော့ရှင်းသည်။ ရုပ်ရည်ကလည်း အတော်ပင် ချောမောလှပသည်။ မျက်နှာ အမူအရာကတော့ မထီတရီနှင့် ခပ်လှောင်လှောင်အသွင်။

"ရှင်တို့က သတ္တိကောင်းသားပဲကိုး၊ စိန်ခေါ်ထားတာကို လာရင်ဆိုင်ရဲတယ်၊ ကောင်းပါလေရဲ့ရှင် ကောင်းပါလေရဲ့ ခစ် ခစ် ခစ်"

မိန်းမပျိုက သူ့ရှေ့ရှိ လူလေးယောက်ကို အရေးမစိုက်ဟန်ဖြင့်ကြည့်ရင်း အသံလွင်လွင်လေးနှင့် ရယ်မောပြောဆိုသည်။

"ငါတို့ဘက်မှာ အားလုံးပေါင်း လူလေးယောက်ရှိတယ်၊ မင်းဘက်က အပေါင်း အသင်းတွေကိုလဲ ခေါ်လိုက်ပေတော့"

လူရွယ်တစ်ယောက်က ခပ်တည်တည်ပြောသည်။

မိန်းမပျိုက တခစ်ခစ်ရယ်မောကာ....

“အလိုလေးလေး....ရှင်တို့လောတ်ကိုရင်ဆိုင်ဖို့ ကျွန်မက အပေါင်းအသင်းတွေ ခေါ်လာရမှာလား၊ ဟောဒါ ကျွန်မရဲ့ အပေါင်းအသင်းပဲ”

ပြောပြောဆိုဆို မိန်းမပျိုလေးက လက်နက်တစ်ခုကို ဆွဲထုတ်လိုက်သည်။ ထိုလက်နက်ကို မြင်ရတော့ ရန်မိန်ကျွန်း မျက်မှောင်ကြုတ်သွားသည်။

မိန်းမပျိုလေး ထုတ်ယူလိုက်သည်မှာ ဓားတော့ဓားပင် ဖြစ်သည်။ သို့သော် သည်လိုဓားမျိုးကို ရန်မိန်ကျွန်းမမြင်ဖူးပါ။ ပုံပန်းသဏ္ဍာန်က အခြားဓားတွေနှင့် လုံးဝ ကွဲပြား ခြားနား သည်။ ဓားများသည် အရွယ်အစားအမျိုးမျိုး၊ ပုံပန်းသွင်ပြင် အဖုံဖုံရှိကြသော်လည်း လက်ကိုင်ဓားရိုးကို အနောင့်ဘက်တွင် တပ်ကာ ဓားသွားပါရှိကြသာချည်းဖြစ်သည်။

မိန်းမပျိုလေး ထုတ်ယူလိုက်သောဓားကတော့ ဓားနှောင့် နေရာတွင် လက်ကိုင်မရှိ။ ဓားရှက်အလယ်ပိုင်းလောက်ဆီတွင်သာ လက်ကိုင်ပါရှိသည်။ ထိုလက်ကိုင်၏ တစ်ဖက် တစ်ချက် တွင် ဓားရှက်များ ရှိနေသည်။ ဓားသွားနှစ်ခု ပါရှိသည့် သဘောပင်။ ဓားရှက်များကလည်း လခြမ်းအသွင် ခပ်ကွေး ကွေးများ ဖြစ်ကြသည်။ လက်ကိုင်၏ တစ်ဖက် တစ်ချက်တွင် ရှိနေကြသော ဓားသွားနှစ်ခုသည် ဆန့်ကျင်ဘက်ကွေးနေကြ သည်။ တစ်ခုက ညာဘက်သို့ကွေး၍ ကျန်တစ်ခုက ဘယ် ဘက်သို့ ကွေးသည်။

ထူးဆန်းသော ထိုဓားလက်နက်ကြောင့် ရန်မိန်ကျွန်းမှာ မိန်းမပျိုကို ပို၍ စိတ်ဝင်စားသွားခဲ့သည်။



“နဂါးမာန်စွယ်ဓားပါလား၊ မင်းက တစ်ကိုယ်မယ် မုယောင်ဝါးနဲ့ဘယ်လိုပတ်သက်လဲ”

အဘိုးအိုက အံ့သြဟန်နှင့်မေးသည်။

“ဘယ်လိုပတ်သက်ပတ်သက် ရှင်နဲ့မဆိုင်ဘူး”

မိန်းမပျိုက ပြောပြောဆိုဆို ရှေ့သို့ခုန်လွှားတက်ကာ နဂါးမာန်စွယ်ဓားဖြင့် အဘိုးအိုကို စတင်တိုက်ခိုက်လေသည်။

ဓားလက်နက်ကဆန်းသလို မိန်းမပျို၏ ဓားရေးဓားကွက် များကလည်း ထူးခြားသည်။ ကိုယ်ကို ယိမ်းကာနွဲ့ကာ လှုပ်ရှား၍ ဓားသွားနှစ်ခုကိုအပြန်အလှန်ဝေ့ဝိုက်တိုက်ခိုက်သည်။ ဓားသွားရောင်တို့ လင်းခနဲလက်ခနဲဖြစ်သည်။ ဝေ့ဝိုက် ထိုး နှက်ချက်တိုင်းသည် သေကွင်း သေကွက် နေရာတွေကိုချည်း ဦးတည်နေသည်။

မိန်းမပျို၏ ကိုယ်ဟန်နွဲ့နွဲ့နှင့် ယိမ်းခါလှုပ်ရှားဟန်က ပြေ ပြစ်လှပသလောက် တိုက်ကွက်တွေကတော့ ထကယ်ပင် ကြမ်း တမ်း ရက်စက်သည်။

အဘိုးအိုလည်း ကမန်းကတန်းပင် ခုန်လွှားရှောင်တိမ်း သည်။ အဘိုးအို၏လှုပ်ရှားမှုတို့ကသွက်သော်လည်း ဓားချက် တစ်ချက်ကတော့ အဘိုးအို၏ ဘယ်လက်မောင်းကို ထိရမိ သည်။ ပြတ်ရှဒဏ်ရာတစ်ချက်ရသည်။

အရှောင်မြန်သောကြောင့် သေကွင်း သေကွက်နေရာကို တော့ မထိမိခဲ့ပါ။ သို့သော် ထိုသို့ပွဲစသည်နှင့် ဓားချက်အထိ ခံလိုက်ရသည့်အတွက် အဘိုးအိုဒေါသထွက်ကာ ရှူးရှူးရှား ကြီး ရှားဖြစ်သည်။ နောက်ကျောတွင် သိုင်းလွယ်ထားသော ကြိုး

မားသည့် ဓားရှည်ကြီးကို ရှမ်းခနဲမြည်အောင်ပင် ဆွဲထုတ်လိုက်သည်။

လူရွယ်နှစ်ယောက်ကလည်း ဓားရှည်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်၊ ယောကျ်ားကြီးကတော့ အရိုးရှည် ပုဆိန်ကြီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ မိန်းကလေးကို ဝင်ရောက်တိုက်ခိုက်သည်။ အားပါသော ပုဆိန်ချက်များသည် တဝီဝီ အသံမြည်ဟိန်းနေသည်။

ဓားရှည် ကိုယ်စီကိုင်ထားကြသော လူရွယ်နှစ်ယောက်ကလည်းမိန်းကလေးကိုဝင်ရောက်တိုက်ခိုက်ကြသည်။အဘိုးအိုကလည်း ဓားရှည်ကြီးတဝင့်ဝင့်ဖြင့် တိုက်ပွဲဝင်လာပြန်သည်၊

ယောကျ်ား(၄)ယောက်က မိန်းကလေးတစ်ယောက်ကို ဝိုင်းဝန်းတိုက်ခိုက်နေသည့်အတွက် ရန်မိန်ကျန်း မှာကြည့်မနေနိုင်ဘဲ မိန်းကလေးဘက်မှ ဝင်ရောက်ကူညီရကောင်းနိုးနိုး စိတ်ကူးပေါ်မိသည်။

သို့သော် မည်သူမည်ဝါတွေမှန်းမသိ။ ဘာအကြောင်းကိစ္စကြောင့် စိန်ခေါ်တိုက်ခိုက်နေကြကြောင်းကိုလည်း မသိဘဲ ဝင်ရောက်ကူညီလိုက်ပါက အမှားအယွင်း ချွတ်ချော်မှုများ ဖြစ်ကုန်လျှင်အခက်ဟု တွေးမိပြန်ကာ ချီတုံချတုံဖြစ်၍နေလေသည်။

မိန်းမပျိုလေးသည် တစ်ဖက်လူများ၏ လက်နက်များ အကြားတွင် ပေါ့ပါးသွက်လက်သောကိုယ်ဟန်ဖြင့် လိပ်ပြာလေးတစ်ကောင် ပန်းပွင့်များအကြားတွင် ဝဲပျံနေသလို လှုပ်



ရှားခုန်လွှားကာ နဂါးမာန်စွယ်ဓားကိုလည်း ဘယ်ပြန်ညာဝိုက် ဝှေ့ယမ်းကာ တိုက်ခိုက်နေသည်။

ယောကျ်ားလေးယောက်တို့၏ တိုက်ချက်များသည် မိန်းမပျိုလေးကို မထိနိုင်ကြ။ လွဲနေ၊ ချော်နေသည်။ မိန်းမပျိုလေး၏ နဂါးမာန်စွယ်ဓားကသာ ထိုသူများကို ကောင်းကောင်းကြီး ခြိမ်းခြောက်နေသည်။

အသေအလဲ ရှောင်တိမ်းနေနိုင်မှုနှင့် ကျန်လူများကလည်း ရှောင်ကွက်ရအောင် ဝိုင်းဝန်းတာကွယ် တိုက်ခိုက်ပေးထားနိုင်မှုတို့ကြောင့်သာ နဂါးမာန်စွယ်ဓားဖြင့် ထိုးစိုက်ခုတ်ဖြတ်ခံရလုလုဖြစ်ပြီးမှ သီသီလေး ကပ်၍ လွတ်နေသည်။

"အင်း....ငါကသာ လေးယောက်နဲ့တစ်ယောက် တိုက်နေရတဲ့ သူ့အတွက် ကြားကနေ မခံချင်ဖြစ်နေတာ၊ သူကတော့ ဟိုလူလေးယောက်ကို ကောင်းကောင်း လွှမ်းမိုးနေနိုင်တာပဲ၊ သူ နိုင်မှာသေချာတယ်"

တိုက်ပွဲကိုကြည့်ရင်း ရန်မိန်ကျန်းစိတ်ထဲတွင် တွေးနေမိသည်။ ထိုအချိန်မှာပင် လူရွယ်တစ်ယောက်မှာ နဂါးမာန်စွယ်ဓားဖြင့် ထိုးစိုက်ချက်ခံရကာ နောက်သို့ ယိုင်လဲသွားသည်။

လူလေးယောက် တစ်ယောက်ကိုတစ်ယောက် ကူညီ ကာကွယ်ပေးထားသည့် အစုအစည်းလည်း ရုတ်တရက် ပျက်ပြားသွားသည်။ ယင်းကို အခွင့်ကောင်းယူကာ မိန်းမပျိုလေးက လေပြင်းမုန်တိုင်းတိုက်သလို တရကြမ်း တိုက်စစ်ဆင်သည်။

ကျန်နေသောလူရှယ်၊ ယောကျ်ားကြီးနှင့် အဘိုးအိုတို့မှာ ဖရိုဖရဲနှင့် အကွဲကွဲအပြားပြား ဖြစ်ကုန်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ကူညီကာကွယ်ပေးနိုင်အောင် စုစုစည်းစည်း ရှိမနေကြတော့။

မိန်းမပျိုက ပုဆိန်ကိုင်ယောကျ်ားကြီးထံသို့ ခုန်လွှားဝင်သည်။ လူမရောက်ခင် နဂါးမာန်စွယ်ဓားခုတ် ဝေ့ဝိုက် ထိုးစိုက်မှုက အရင်ဝင်လာသည်။ ယောကျ်ားကြီးမှာ အလန့်တကြားပင် မြေကြီးပေါ် လှဲချကာ လူးလှိမ့်ရှောင်တိမ်းလိုက်ရသည်။ မိန်းမပျိုက ရှောင်ထွက်သွားသည့်နောက်သို့ အတင်းဖိလိုက်ကာ ခြေထောက်ဖြင့် ဖြတ်ကန်သည်။

ခြေကန်ချက်ကို ရှောင်လိုက်ခိုက် နဂါးမာန်စွယ်ဓားဖြင့် အုပ်မိုး ထိုးစိုက်ချသည်။

အဘိုးအို၏ဘယ်လက် ဆတ်ခနဲ လှုပ်ရှားသည်။ လက်နက်ပုန်းသုံးခု အဟုန်ပြင်းစွာ လွင့်ပျံထွက်လာသည်။

မိန်းမပျိုလည်း ပုဆိန်ကိုင်ယောကျ်ားကြီးကို မတိုက်ခိုက်တော့ဘဲ ချက်ချင်းပင် ဘေးကိုစောင်းကာ ရှောင်သည်၊ လက်နက်ပုန်းနှစ်ခုကိုသာ လွတ်အောင် ရှောင်နိုင်သည်။ လက်နက်ပုန်းတစ်ခုက မိန်းမပျိုလေး၏ ဘယ်ဘက်လက်ပြင်ကို စိုက်မိလေသည်။

“အဆိပ်အပ် ထိသွားပြီ၊ ဝိုင်းတိုက်ကြ”

အဘိုးအိုက အော်ဟစ်ပြောဆိုသည်။

ပထမတွင်တော့ ဘယ်လိုတွေ ဖြစ်ပျက်ကုန်ကြသည်ကို ရှိန်မိန်ကျန်း မသိပေ။ အဘိုးအို အော်ပြောလိုက်သံကိုကြားမှ



မိန်းမပျိုလေး အဆိပ်အပ် အထိခံရကြောင်း သိနားလည်လေတော့သည်။

“တောက်... အရှက်မရှိတဲ့ လူယုတ်မာတွေ၊ အဆိပ်လက်နက်သုံးတယ်”

မိန်းကလေးက မကျေမနပ် ရေရွတ်ပြောဆိုသည်။ အဆိပ်အပ် အထိခံရနေပြီမို့ ဆက်လက်တိုက်ခိုက်လျှင် မိမိအတွက် အကျိုးယုတ်ဖို့သာရှိမည်ကိုနားလည်သည့်အတွက်မိန်းကလေးသည် ပြေးထွက်သွားလေတော့သည်။

အဆိပ်က တက်စပြုလာလေရာ မိန်းကလေးမှာ လျင်မြန်စွာ မပြေးနိုင်ရှာ။ ပြေးရင်း ယိမ်းယိမ်းယိုင်ယိုင် ဖြစ်သည်။

အဘိုးအိုနှင့် လူရှယ်တို့ မိန်းကလေးရှိရာနောက်သို့ ပြေးလိုက်လာကြသည်၊ လဲကျနေသော ယောကျ်ားကြီးကလည်း ခုန်ထကာ ပြေးလိုက်သည်။ မိန်းကလေးက အပြေးရပ်ကာ နဂါးမာန်စွယ်ဓားဖြင့် လှမ်းပစ်သည်။

“ဝီဝီဝီ....ဝီဝီ....ဝီဝီဝီ”

နဂါးမာန်စွယ်ဓားသည် နားအူလောက်သောအသံ မြည်ဟိန်းကာ လည်ပတ်၍ လွင့်ပျံလာသည်။ တန်းတန်းမတ်မတ် သွားခြင်းမဟုတ်။ ဟိုသည်ဝေ့ကာဝိုက်ကာနှင့် စွန်ဝဲသလိုမျိုး လွင့်ပျံ လှုပ်ရှားနေလေရာ ပြေးလိုက်လာကြသူတို့မှာ နဂါးမာန်စွယ်ဓားကို ရှောင်နေ တိမ်းနေရသောကြောင့် အရှိန်ပျက်ခြေလှမ်းတုံ့ ကုန်ကြသည်။

မိန်းကလေးလည်း သူမနောက် လိုက်လာကြသူများကို နဂါးမာန်စွယ်ဓားဖြင့် လှမ်းပစ်ပေါက် ဟန့်တားပြီးနောက်

ဆက်လက်ပြေးထွက်သည်။ သို့သော် ဓားပစ်ပေါက်လိုက်ချိန်တွင် အတွင်းအားများစွာဖြည့်ထည့်စိုက်ထုတ်သုံးလိုက်ရသောကြောင့် ပိုမို အားအင်ယုတ်လျော့ကာ ခြေလှမ်းတွေ မသွက်တော့။ ယိုင်တိယိုင်တိုင် ဖြစ်နေသည်။

ရန်မိန်ကျန်း ကြည့်မနေနိုင်တော့။ ချုံပုတ်ကြီးနောက်မှ လှစ်ခနဲ ပြေးထွက်ကာ မိန်းကလေးကို ဖေးမတွဲခေါ်ကာ ကျားသရဲတောင်ကြားမှ အမြန်ပြေးထွက်လာခဲ့လေသည်။

* * *

စောစောက အချိန်ရခိုက် လှည့်လည်ကြည့်ရှုခဲ့ရာ တောင်ကြားတစ်နေရာတွင် တွန်းလှည်းဟောင်းတစ်ခုကို ရန်မိန်ကျန်း တွေ့မြင်ထားခဲ့သည်။

ရန်မိန်ကျန်းသည် မိန်းကလေးကို ထိုတွန်းလှည်းဟောင်းပေါ် တင်ကာ အပြေးအလွှားပင် တွန်းကာ ထွက်လာခဲ့သည်။ တွန်းလှည်း၏ ဘီးများ ယိုင်နဲ့နေကြသော်လည်း သုံး၍ကားဖြစ်သေး၏။ ကိုယ်ဖော့ပညာကို သုံးကာ အားကုန်ပြေးလွှားတွန်းလာရာ အတော်ပင် ခရီးတွင်သည်။ တစ်ဖက်လူများ နောက်မှ ထက်ကြပ် လိုက်လာနိုင်သောကြောင့် ရန်မိန်ကျန်းသည် အပြေးကိုတော့ မလျှော့။

ထိုသို့ တွန်းလှည်းကို အပြေးအလွှား တွန်း၍လာခဲ့ရာ အချိန်အနည်းငယ်အကြာတွင် လယ်တဲတစ်ခုကို လှမ်းမြင်ရ



သည်။ တွန်းလှည်းပေါ်ရှိ မိန်းကလေးကို ကြည့်လိုက်ရာ မလှုပ်မယှက်ဖြစ်နေသည်ကို တွေ့ရသည်။

"မိန်းကလေး....မိန်းကလေး"

ရန်မိန်ကျန်း စိုးရိမ်သွားကာ ခေါ်လိုက်မိသည်။

"အင်...."

မိန်းကလေးထံမှ ထူးသံ ပေါ်လာသည်။ အသက်ရှင်နေသေးသည်။ သို့သော် အသံကတော့ အားပျော့လှသည်။

"ဘယ်လိုနေလဲ၊ သတိရတယ်မဟုတ်လား"

"အင်း....သတိ....တော့ ရပါတယ်၊အဆိပ်....က အရမ်း....ပြင်းတယ်"

"ဘယ်လိုလုပ်မလဲဟင်"

အဆိပ်ဒဏ် အပြင်းအထန် ခံစားနေရသည်ကို ဘယ်လိုလုပ်ပေးရမည်မှန်း တကယ်ပင် မသိသောကြောင့် မေးလိုက်မိသည်။

"ရွာထဲရောက်အောင် သွားပါ၊ အိမ်တစ်....အိမ်....ရှာ"

"ရွာတော့ မတွေ့ဘူး၊ ဟိုရှေ့နားမှာ လယ်တဲတစ်ခု မြင်ရတယ်၊ အဲဒီကို သွားမလား"

"အင်း...."

ရန်ဇိန်ကျန်းလည်း တွန်းလှည်းကို အမြန် တွန်းသွားရာ တစ်ခဏအတွင်းမှာပင် လယ်တဲရှေ့သို့ ရောက်သည်။ တွန်းလှည်းကို ရပ်လိုက်သည်။

"လယ်တဲရှေ့ရောက်ပြီ၊ ဆင်းတော့လေ"

"အို....ကျွန်မ ဘယ်လိုလုပ် ဆင်းနိုင်မှာလဲ၊ ပွေ့....ပွေ့ချ ပေးပါလား"

"ဪ. .ဟုတ်သားပဲ"

အဆိပ်ဒဏ် အပြင်းအထန် ခံနေရသောကြောင့် မလှုပ်နိုင်အောင် ဖြစ်နေပြီကို ယခုမှ တွေးမိကာ ရန်မိန်ကျန်းက မိန်းကလေးကို ပွေ့ချီကာ ချလိုက်သည်။

လယ်တဲကတော့ မှောင်မည်းတိတ်ဆိတ်နေသည်။

"ဒီမှာ လူရှိပါ့မလား"

"အ....အသံ ပြုလိုက်ပါလား"

မိန်းကလေးက အားခဲကာပြောတောမှပင် ယခုလို သန်းခေါင်ကျော်ချိန်တွင် အိမ်ရှင်များ အိပ်မောကျနေကြမည် ဖြစ်ကြောင်း စဉ်းစားမိကာ ရန်မိန်ကျန်းက အသံပြုလိုက်လေသည်။

"အိမ်ရှင်တို့....အိမ်ရှင်တို့"

မီးလင်းလာပြီးနောက် လယ်တဲထဲမှ လင်မယားဖြစ်ဟန်တူသော အသက်နှစ်ဆယ်ဝန်းကျင်အရွယ် ကျေးတောသားနှင့် ကျေးတောသူတို့ ထွက်လာကြသည်။

"ဟို....ဟို....ဟိုသင်း....ခရီးသွားရင်း သူ....သူ ဖျားလာလို့ ခဏလောက် နားပါရစေ"

ရန်မိန်ကျန်းက ပြောလိုက်သည်။

"ဟာ....ရပါတယ်၊ အားနာစရာမရှိပါဘူး၊ လာ....လာဝင်ပါ"



ကျေးတောသားက ပျူပျူငှာငှာပင် ဖိတ်ခေါ်သည်။ ရန်မိန်ကျန်းလည်း မိန်းကလေးကို ပွေ့ချီလျက် လယ်တဲအတွင်းသို့ ဝင်လာခဲ့သည်။ ကျေးတောသားက မီးအိမ်ကို မြှောက်၍ လိုက်ပါလာသည်။

လယ်တဲက ခြေတံရှည်အိမ်လေးဖြစ်သည်။ အောက်ဘက်ကို ဝါးကပ်များကာရံ၍ထားရာ နှစ်ထပ်လိုဖြစ်နေသည်။အောက်ထပ်တွင် ကောက်ရိုးများ၊ လယ်လုပ်ကိရိယာများနှင့် အခြားပစ္စည်းအချို့ ရှိသည်။ ဝါးကွပ်ပျစ်တစ်ခုလည်း ရိုက်ထားသည်။

အိမ်ပေါ် သို့တက်သောလှေကားကတော့ ဘေးဘက်နားတွင် ရှိ၏။

ရန်မိန်ကျန်းက မိန်းကလေးကို ဝါးကွပ်ပျစ်လေးပေါ်တွင် အသာချထားလိုက်၏။

"အခန်းရှိရင် ခေါ်သွားပို့ပေးပါ၊ ပြီးတော့ ရေတစ်ပုံးလိုချင်တယ်၊ ဟောဒါလေးကို လက်ဆောင် ယူလိုက်ပါ"

မိန်းကလေးက ကျေးတောသူလေးကိုပြောပြီး ဝတ်ထားသော လက်ကောက်တစ်ကွင်း ထုတ်ပေးသည်။

"ဟာ....ရပါတယ်၊ အပေါ်ထပ်မှာ အိပ်ခန်းရှိတယ်၊အဲဒီကို ပို့ပေးမယ်၊ ရေလဲ လိုသလောက်ရမယ်၊ ဒါ ပေးစရာမလိုပါဘူးရှင်"

ကျေးတောသူလေးက လက်ကောက်ကိုမယူ။ ငြင်းသည်။ သို့သော် မိန်းကလေးက အတင်းပေး၍ ယူလိုက်ရသည်။ ထို့နောက် မိန်းကလေးကို ကျေးတောသူလေးက တွဲကာ

အပေါ်ထပ်သို့ ခေါ်သွားသည်။ ကျေးတောသားက ရေ တစ်ပုံးကို အပေါ်ထပ်သို့ သယ်ပို့ပေးလိုက်သည်။

ဘာကြောင့် သည်လိုမျိုးတွေ လုပ်ခိုင်းသည်ကို ရန်မိန် ကျန်း မသိပါ။ သို့သော် မေးလည်း မမေးလိုက်။ ရေပုံး တင် ပို့ပေးပြီးနောက် ကျေးတောသား အောက်သို့ ပြန်ဆင်းလာ သည်။

"အေးအေးဆေးဆေးနေပေါ့ဗျာ၊ ကျွန်တော် လက်ဖက် ရည်ကြမ်း သွားလုပ်လိုက်ဦးမယ်"

ကျေးတောသားက ပြောသည်။

"ဟာ....ရပါတယ်၊ ကိစ္စမရှိပါဘူး"

ရန်မိန်ကျန်းက အားနာစကား ပြောဆို ထားမြစ်သော် လည်း ကျေးတောသားကတော့ လယ်တဲအပြင်သို့ ထွက်သွား သည်။ လယ်တဲဘေးနားရှိ မီးဖိုတွင် မီးထည့်ကာ ရေနွေး အိုး တည်နေလေသည်။

ရန်မိန်ကျန်းလည်း ကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်း ထိုင်လျက်သား ကျန်နေခဲ့သည်။ ခဏအကြာတွင် ခြေသံများ ကြားရ၍ လှမ်းကြည့်လိုက်ရာ လယ်တဲရှိရာသို့ ခြေလှမ်း သွက်သွက်ဖြင့် လာနေကြသော လူလေးယောက်ကို လှမ်းမြင် ရသည်။

ကျွဲသရဲတောင်ကြားတွင် မိန်းကလေးနှင့် တိုက်ခိုက်ခဲ့ ကြသူတွေပင်တည်း။



ထိုလူများကို မြင်ရသောအခါ ရန်မိန်ကျန်းမှာ မိန်း ကလေးအတွက် စိုးရိမ်စိတ်များပေါ်ပေါက်ကာ အိမ်ပေါ်သို့ အပြေးအလွှား တက်သွားခဲ့လေသည်။

* * *

အိမ်ပေါ်သို့ ရန်မိန်ကျန်း အပြေးအလွှား တက်လာခဲ့ သည်။ အိပ်ခန်းထဲသို့လည်း တစ်ခါတည်း တန်း၍ဝင်သွား သည်။

"အို...."

အိပ်ခန်းထဲသို့ ရန်မိန်ကျန်း ရုတ်တရက် ရောက်လာသည် တွင် မိန်းကလေး ရုက်စနိုးဖြင့် လန့်၍ ရေရွတ်မိသည်။ ကျေး တောသူလေးက မိန်းကလေး၏အပေါ်သို့ စောင်ဖြင့် ကမန်း ကတန်း လွှမ်းခြုံပေးလိုက်သည်။

ရန်မိန်ကျန်းမှာလည်း ရုတ်ခြည်းပင် ခြေလှမ်းတုံ့ရပ်သွား သည်။ မျက်နှာ ထူထူပူပူ ဖြစ်သည်။

ထိုအချိန်မှာပင် လယ်တဲဘေးနားမှ ဆူပူငေါက်ငမ်းသံ များ၊ ရိုက်နှက်သံများနှင့် ကျေးတောသား၏ အလန့်တကြား အော်သံများ ပေါ်လာသည်။ ကျေးတောသူလေးမှာ မိမိလင် ယောကျ်ားအတွက် စိုးရိမ်တကြီးဖြစ်လျက် တစ်ခါတည်း အိမ်အောက်သို့ ပြေးဆင်းသွားသည်။

"နင်တို့နှစ်ယောက် ဝေးဝေးသွားကြ၊ မဆိုင်တာတို ဝင်မရှုပ်နဲ့၊ ဝင်ရှုပ်ရင် ခေါင်းပြုတ်ပြီသာမှတ်"

ကြိမ်းမောင်းခြိမ်းခြောက်သံကို ကြားရသည်။ ပုပုပိန်ပိန်အဘိုးအို၏အသံ ဖြစ်သည်။ ထို့နောက် လယ်တဲပိုင်ရှင် လင်မယား ထွက်ပြေးသွားသည့်ခြေသံများကို ကြားရသည်။

ရန်မိန်ကျန်းမှာ ဘာလုပ်ရမည်မသိ။ အိပ်ခန်း အဝင်တံခါးဝတွင် ကျောက်ရုပ်ကြီးလို ရပ်နေမိသည်။ မိန်းကလေးကိုတော့ မကြည့်။ မျက်နှာကို တစ်ဖက်သို့ လှည့်ထားသည်။

မိန်းကလေးက သူမကိုယ်ပေါ် လွှမ်းလျက်ရှိသော စောင်ဖြင့် သေသေသပ်သပ်ရှိအောင် ပြုပြင်လိုက်သည်။

"ဟိုလူတွေ အပေါ်ထပ်ကို တက်လာလိမ့်မယ်၊ လှေကားထိပ်ကစောင့်ပြီး ကန်ချပစ်လိုက်ပါလား၊ ဘာ ငိုင်ပြီး ရပ်နေတာလဲ"

မိန်းကလေးက ရန်မိန်ကျန်း ကြားနိုင်ရုံ ခပ်တိုးတိုး ပြောသည်။ အသံသည် အားပျော့နေသော်လည်း မာဆတ်ဆတ်တော့ ရှိသည်။

ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေသော ရန်မိန်ကျန်းလည်း ချက်ချင်းပင် နောက်သို့ ချာခနဲလှည့်ကာ လှေကားထိပ်သို့ အမြန်သွားလေတော့သည်။ ရန်မိန်ကျန်း လှေကားထိပ်သို့ ရောက်အသွားမှာပင် လှေကားမှ လူရွှယ်တစ်ယောက် ခပ်သုတ်သုတ် တက်၍လာသည်။

လူရွှယ်နှင့် ရန်မိန်ကျန်းတို့ လှေကားထိပ်တွင် ပက်ပင်းကြီး ရင်ဆိုင်တိုးမိကြသည်။ လူရွှယ်မှာ ရန်မိန်ကျန်းကို ရုတ်တရက် ပက်ပင်းတိုးမိသည့်အတွက် အံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။



ရန်မိန်ကျန်းက လူရွှယ်ကို ခြေထောက်နှင့် ဆောင့်ကန်ချလိုက်သည်။ ရန်မိန်ကျန်းကို မည်သူမည်ဝါမှန်းမသိ။ ယခုလို ရုတ်တရက် တိုက်ခိုက်လာမည်ဟုလည်း မထင်သောကြောင့် လူရွှယ်မှာ ကောင်းကောင်း အငိုက်မိသွားသည်။ ရင်ဘတ်တည့်တည့် အကန်ခံရလျက် လှေကားပေါ်မှ အောက်သို့ ကျွမ်းပြန်ကျသွားသည်။

တကယ်တော့ ရန်မိန်ကျန်း ကန်ချလိုက်သောကန်ချက်မှာ သိုင်းဟန်သိုင်းကွက် မပါရှိပေ။ မိန်းကလေးပြောသည့်အတိုင်း ဆောင့်ကန်ချလိုက်ခြင်းသာဖြစ်သည်။ သို့သော် အတွင်းအားကောင်းစွာ လေ့ကျင့်ထားခဲ့သူမို့ ခြေဆောင့်ကန်ချက်တွင် အတွင်းအားကတော့ အလိုလို ပါဝင်သွားသည်။

လူရွှယ် အတော်ပင် အထိနာသွားသည်။ လှေကားရင်းဗွှင် ခွေလဲကျနေသည်။ ပြန်မထနိုင်။

ကျန်လူများမှာလည်း အတော်ပင် ရှိန်သွားကြသည်။ အိမ်ပေါ်မှ ဆီးကြိုတိုက်ခိုက်သူမှာ ရန်မိန်ကျန်းဖြစ်ကြောင်း သူတို့မသိကြ။ မိန်းကလေးကပင် တိုက်ခိုက်လိုက်သည်ဟု တွေးထင်မိကြသည်။ သည်လို ပြင်းထန်ထိမိသော တိုက်ချက် ထုတ်လိုက်နိုင်သည့်အတွက် မိန်းကလေးသည် မိမိတို့ ထင်ထားသလို အဆိပ်ဒဏ် ပြင်းပြင်းထန်ထန် ခံစားနေရခြင်း မရှိတော့ဟုလည်း တွေးမိသည်။

မိန်းကလေး၏ သိုင်းပညာအစွမ်းအစ ထက်မြက်ပုံနှင့် ရက်ရက်စက်စက် တိုက်ခိုက်တတ်ပုံတို့ကို ကိုယ်တွေ့ ကြုံဖူးခဲ့ပြီးဖြစ်၍ အရမ်းမလုပ်ဝံ့ကြ။

သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

အဘိုးအိုက မိမိ တက်မည်ဟူသော သဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ဓားရှည်ကြီးကို ရင်ဘတ်ရှေ့တွင် ဝင့်ကာ လှုပ်ရှားကာကွယ်ရင်း သတိရှိရှိဖြင့် လှေကားမှ တက်သည်။

လူရွယ်နှင့် ယောက်ျားကြီးတို့ကလည်း လက်နက်များကို အသင့်ကိုင်ကာ အခြေအနေကို စောင့်ကြည့်သည်။

"တစ်ယောက်တက်လာပြန်ပြီ၊ ဘယ်လိုလုပ်ရမလဲ"

ရန်မိန်ကျန်းက မိန်းကလေးကို လှမ်းမေးသည်။

ရန်မိန်ကျန်းသည် အဆင့်မြင့်သိုင်းပညာများ သင်ကြားတတ်မြောက်ထားသော်လည်း လက်တွေ့ ရင်ဆိုင်တိုက်ပွဲများ တစ်ခါမျှ မတိုက်ဖူးသေး။ ပင်ကိုစိတ်ထား နူးညံ့ကောင်းမွန်ကာ ရန်လိုတတ်သူလည်းမဟုတ်သည့်အတွက် သူသေကိုယ်သေ တိုက်ခိုက်မှုများလည်း မလုပ်လို။

တကယ်ပင် ဘယ်လိုလုပ်ရမည်မသိ ဖြစ်နေသောကြောင့် ယခုလို လှမ်းမေးမိခြင်း ဖြစ်သည်။

"မေးနေရသေးလား၊ စောစောကလိုပဲ လုပ်ပေါ့"

မိန်းကလေးက စိတ်မရှည်စွာ ပြန်အော်သည်။ အားအင်ဆုတ်ယုတ်နေချိန်မို့ အော်လိုက်သံက သိပ်မကျယ်ပါ။ ခပ်တိုးတိုး နှင့် အားပျော့ပျော့သာဖြစ်သည်။

အဘိုးအိုကတော့ အပြန်အလှန် စကားပြောကြသည့်အသံများကို ကြားလိုက်ရသည်။ ရန်မိန်ကျန်း၏အသံကို သဲသဲကွဲကွဲ



ကြားကာ မိန်းကလေး၏အသံကိုတော့ ဝိုးတိုးဝါးတားသာ ကြားသည်။ သိပ်မသဲကွဲ။

"ကောင်မလေး ကို ကူညီပေးမယ့်လူ ရှိနေတာကိုး၊ ဒီကောင့်အစွမ်းအစကလဲ သေးပုံမရဘူး၊ သတိထားမှ"

အဘိုးအိုသည် စိတ်ထဲတွင် ဤသို့တွေးကာ ပိုသတိရှိရှိဖြင့် လှေကားမှ တက်လာနေသည်။ ဓားရှည်ကိုလည်း ပို၍ မြန်မြန်သွက်သွက်ဝှေ့ယမ်းကာ မိမိ၏ကိုယ်ရှေ့တွင်အကာအကွယ် လုပ်ထားသည်။

"သူက ဓားရှည်ကြီးနဲ့ ရှေ့ကကာပြီး ဝှေ့ယမ်းနေတာ၊ ခြေထောက်နဲ့ကန်လို့ မရဘူး၊ ဟာ....ရောက်လာပြီ၊ ခုတ်ပြီဗျ...."

ရန်မိန်ကျန်း ပြောဆိုနေဆဲမှာပင် အဘိုးအို လှေကားထိပ်သို့ရောက်လာသည်။ ရန်မိန်ကျန်းကို ဓားရှည်ဖြင့် ပိုင်းသည်။ ဓားရှည်ကြီးသည် ရန်မိန်ကျန်း၏ရင်ဘတ်ဆီသို့ တန်း၍ ဝင်လာသည်။

ရန်မိန်ကျန်းမှာ အကြီးအကျယ် ထိတ်လန့်သွားကာ အလိုအလျောက်ပင် တောင်ဖြိုလက်ဝါးသိုင်းဖြင့်ညာလက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်မိသည်။

အကျဉ်းအကျပ် အန္တရာယ်ကြုံသည့်အတွက် မသိစိတ်မှ အလိုအလျောက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

"ဖုန်း....အား....ဝုန်း"

အဘိုးအိုမှာ တောင်ဖြိုလက်ဝါးရိုက်ချက်အစွမ်းကို မခံနိုင်။ လွင့်စဉ်ထွက်ကာ အိမ်အောက်သို့ ဝုန်းခနဲ ကျသွားလေ

တော့သည်။ ရန်မိန်ကျန်းမှာလည်း မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကာ အံ့အားသင့်ကျန်ခဲ့လေသည်။

ဘယ်လိုတွေဖြစ်ကုန်ကြသည် မတွေးတတ်တော့ပါ။

ကျန်နေသေးသော လူရွယ်နှင့် ယောကျာ်းကြီးတို့သည် အိမ်ပေါ်သို့ တက်မလာကြတော့ပါ။ လူရွယ်က အိမ်ပြင်သို့ ထွက်သွားကာ ယောကျာ်းကြီးက လှေကားရင်းတွင် ပုဆိန်ကြီးကိုင်လျက် ရပ်စောင့်ကျန်နေခဲ့သည်။

ခဏအကြာတွင် 'ရှူး'ခနဲ အသံနှင့်အတူ မီးကျည်တစ်ခု ကောင်းကင်သို့ ထိုးတက်၍သွားသည်။

"ဟိတ်....ကျန်နေတဲ့ လူနှစ်ယောက်ကို ရှင်းပစ်လိုက်လေ ကျုန်မတို့ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ အမြန်ထွက် သွားမှ"

အိပ်ခန်းထဲမှ မိန်းကလေးက ရန်မိန်ကျန်းကို လှမ်းပြော သည်။

"သူတို့မှ အပေါ်ကို တက်မလာတာ၊ ကျွန်တော်က ဘယ် လိုလုပ် တိုက်နိုင်မှာလဲ"

"သူတို့ တက်မလာလဲ ရှင်က အောက်ဆင်းပြီး သွားတိုက် ပေါ့"

"ဟာ.... မတိုက်တတ်ဘူးဗျ၊ ဘယ်လိုတိုက်ရမလဲဆိုတာ ပြောဦး"

"တယ်ခက်ပါလား၊ ဟိုအဘိုးကြီးကို ရိုက်ချလိုက်တဲ့ လက်ဝါးရိုက်ချက်မျိုးနဲ့ ရိုက်ပစ်လိုက်ပေါ့၊ ကဲ....သွားလေ မြန်မြန်၊ အချိန်မရှိတော့ဘူး"



မိန်းကလေးက အတင်း လောဆော်တိုက်တွန်းရာ ရန်မိန် ကျန်းလည်း အိမ်အောက်သို့ ဆင်းလာခဲ့ရလေတော့သည်။ လှေကားရင်းတွင် ပုဆိန်ကြီးကိုင်ကာ မားမားကြီး ရပ်နေ သော ယောကျာ်းကြီးကို တွေ့ရသောအခါ ရန်မိန်ကျန်း၏ ဆင်းလက်စ ခြေလှမ်းတွေ ရပ်တန့်သည်။

"ဒုက္ခပဲ၊ ဟိုလူကြီးက ငါ့ကို ပုဆိန်နဲ့ ဆီးခုတ်ရင် ဘယ်လို လုပ်ရမှာလဲ၊ ခက်ပြီ"

စိတ်ရှုပ်စွာ စဉ်းစားရင်း ဟိုဟိုသည်သည် ကြည့်မိရာ လှေကားထိပ်နားတွင် မြေပဲတောင့်များ တောင်းကြီးတစ် တောင်းနှင့်ထည့်လျက် ရှိနေသည်ကို တွေ့ရသည်တွင် စိတ်ကူး တစ်ခု ရသွားသည်။

မြေပဲတောင့်ဆယ်တောင့်ခန့်ကို လှမ်းနှိုက်ယူ၏။ထို့နောက် လှေကားရင်းတွင် ရပ်နေသော ယောကျာ်းကြီးကို လှမ်းပစ် ပေါက်သည်။ မလွဲသာမရှောင်သာဘဲ ပစ်ခတ်တိုက်ခိုက်မှုသာ ဖြစ်မည့် အခြေအနေမို့ ရန်မိန်ကျန်းက 'ကြွယ်ကြွေတေးသံ လက်နက်ပုန်း ပစ်ခတ်မှု' နည်းလမ်းအတိုင်း လှမ်းပစ်သည်။

အသုံးပြုလိုက်သည်က ကြွယ်ကြွေတေးသံ လက်နက်ပုန်း အစစ်အမှန်မဟုတ်။ မြေပဲတောင့် တစ်တောင့်သာ ဖြစ်သော ကြောင့် တေးသံသာလို လေတိုးသံမျိုး မဖြစ်ပေ၊ ကြမ်းရှရှ အသံစူးစူးများသာ ပေါ်ပေါက်သည်။

အသံက နားမခံသာဖွယ်ရာဖြစ်ရာ ရန်မိန်ကျန်းပင် လန့် သွားမိသည်။ ယောကျာ်းကြီးမှာလည်း ထူးခြားသောအသံ မြည်ဟိန်း၍ အရှိန်ပြင်းပြင်းနှင့် ဝင်လာသော မြေပဲတောင့်

ကို လျှို့ဝှက်ဆန်းပြားသော လက်နက်ပုန်းတစ်ခုခုဖြစ်လိမ့်မည်ဟုထင်ကာ အလန့်တကြားပင် နောက်သို့ ခုန်ဆုတ်ရှောင်၏။

"ဝုန်း....ဝူး"

မြေပဲတောင့်က လှေကားရင်းမှ တန်းတစ်ခုကိုထိသည်။

ရန်မိန်ကျန်းက အားအတော်များများထည့်ကာ ပစ်လိုက်သည်မို့ ထိချက် ပြင်းသည်။ အသံကျယ်ကျယ် မြည်သည်။ သစ်သားတန်း အစွန်းတွင် ဖွားခနဲပင် စုတ်ပြတ်ကုန်သည်။

ယောကျ်ားကြီးမှာ ပို၍ လန့်သွားလျက် နောက်သို့ ခြေသုံးလှမ်း ဆုတ်သည်။ လှေကားရင်းတွင် မရှိတော့သည်မို့ ရန်မိန်ကျန်း အောက်သို့ ဆင်းလာသည်။

ထိုအချိန်တွင် လူရွှယ်လည်း အထဲသို့ ပြန်ဝင်လာသည်။

ရန်မိန်ကျန်းက လူရွှယ်ထံသို့ မြေပဲတောင့် နှစ်တောင့်၊ ယောကျ်ားကြီးဆီသို့ မြေပဲတောင့် သုံးတောင့် ထပ်၍ပစ်လွှတ်သည်။

မြေပဲတောင့် ငါးတောင့် ပစ်လွှတ်လိုက်သည့်အတွက် ကြမ်းရှရှအသံတွေ ပို၍ ဆူဆူညံညံ ပေါ်ထွက်သည်။ လူရွှယ်နှင့် ယောကျ်ားကြီးတို့မှာ ရင်ဆိုင်ခြင်း မပြုဝံ့ကြတော့။ ထိတ်လန့်တကြား ရှောင်ကြတိမ်းကြရင်း ဒရောသောပါးပင် ထွက်ပြေးကုန်ကြလေတော့သည်။

"နှစ်ယောက်စလုံး ထွက်ပြေးသွားပြီ၊ ဘာမှ စိုးရိမ်စရာမလိုတော့ဘူး"

ရန်မိန်ကျန်းက အိပ်ခန်းထဲရှိ မိန်းကလေးကို လှမ်းပြောလိုက်သည်။



"ရှင် ခဏလာခဲ့ပါဦး"

"ဘာလုပ်မလို့လဲ"

"လာဆိုလာခဲ့စမ်းပါရှင်၊ တကယ်ပဲ"

ရန်မိန်ကျန်းလည်း အိပ်ခန်းထဲသို့ ဝင်လာရသည်။ ပထမအကြိမ်တုန်းကလိုမျိုး မြင်တွေ့ရဦးမှာလားဟု ရင်တော့ တုန်နေသည်။ သို့သော် မိန်းကလေးမှာ စောင်ကို သပ်သပ်ရပ်ရပ် ကိုယ်ပေါ်တွင် လွှမ်းခြုံထားသည်။ ကိစ္စမရှိ။

"ဟို....ကျွန်မအဝတ်အစားတွေ ယူပေးစမ်းပါ"

ရန်မိန်ကျန်းက အိပ်ခန်းထောင့်နားတွင် သေသေသပ်သပ် လှန်းလျက်သား ရှိနေသော အဝတ်အစားများကို ယူကာ မိန်းကလေးကိုပေးသည်။

"အပြင်ထွက်သွားလေ၊ ဒီမှာ အဝတ်တွေဝတ်မလို့"

သည်အတိုင်း မတ်တတ်ကြီးဆက်ရပ်နေမိသောကြောင့်မိန်းကလေးက ပြောသည်။ ထိုအခါတွင် ရန်မိန်ကျန်းမှာ ရှက်ကိုးရှက်ကန်းဖြင့် အိပ်ခန်းအပြင်သို့ထွက်လာရလေသည်။ လှေကားမှ အိမ်အောက်ဘက်သို့ တစ်ခါတည်းတန်း၍ ဆင်းသွားသည်။

လှေကားရင်းနားတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

"ဟိတ် ဟိတ် ဟိုလူ"

ခဏအကြာတွင် အိမ်ပေါ်မှ မိန်းကလေး၏ လှမ်းခေါ်သံ ပေါ်လာသည်။

"ဘာလဲ....ဘာဖြစ်ပြန်ပြီလဲ"

ရန်မိန်ကျန်းက ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို ရပ်ကာမေးပြန်သည်။

"ကျွန်မကို လာကူညီပါဦး"

"ဘာကူညီရမှာလဲ"

"ဟို ဟို ဟို"

မိန်းကလေးထံမှ ပြန်အဖြေစကားမကြားရမီ အသံအော အောကြီးတစ်ခုက ကြားဖြတ်၍ဖြစ်ပေါ်လာသည်။

"သူ့ကို သွားကူညီစရာမလိုတော့ဘူး ကောင်လေး"

* * *

ရုတ်တရက် ပေါ်လာသော ခပ်အောအော အသံကြီးကြောင့် ရန်မိန်ကျန်း လန့်သွားကာ ကမန်းကတန်း နောက်လှည့်ကြည့်သည်။

အိမ်ထဲသို့ လျှောက်လှမ်းဝင်လာသော လူကြီးတစ်ယောက်ကို တွေ့ရသည်။ အသက်ငါးဆယ်ခန့်ရှိသည်။ လူကောင်ကြီးကာသန်မာထွားကျိုင်းသည်။ခေါင်းတုံးပြောင်ပြောင်ခါးပြတ်ချိုင်းပြတ် အင်္ကျီတိုလေးနှင့် အနက်ရောင်ဘောင်းဘီရှည်ဝတ်ထားသည်။ ကြွက်သားများ ဖုထစ်နေသော လက်မောင်းလက်ဖျံများ၊ ကျစ်လျစ်သန်မာ ထွားကျိုင်းသော ရင်အုပ်သားများက ကြွားကြွားဝင့်ဝင့် ပေါ်နေသည်။

လူပုံဟန်ပန်ကလည်း ဟန်ဟိတ်အပြည့်။ မာန်အပြည့်၊



ထိုလူကြီး၏နောက်တွင်စောစောကထွက်ပြေးသွားခဲ့သော လူရှယ်နှင့် ယောကျ်ားကြီးတို့လည်းရှိနေပါလာကြသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

ရန်မိန်ကျန်းက မေးလိုက်သည်။

"မင်းကို သေရွာပို့ပေးမယ့် သေမင်းတမန်ပေါ့"

"ခင်ဗျားနဲ့ကျွန်တော် သိကြတာလဲမဟုတ်၊ ဘာမှ ရန်ငြိုးရန်စလဲမရှိဘဲနဲ့ ဘာကြောင့် ကျွန်တော့်ကို ရန်ရှာချင်နေတာလဲ"

"မင်းက သေရမှာတော့ အကြောက်သားပဲကိုး"

"ကြောက်တာပေါ့ဗျ၊ သေရမှာ မကြောက်တဲ့လူ ရှိမှာလား"

"မင်း မသေချင်ဘူးဆိုရင် ငါ့ကို ဦးသုံးကြိမ်ချ ကန်တော့ပြီး ဒီကနေထွက်သွား၊ နောက်နောင်လဲ ငါ့ကို မြင်တိုင်း ဦးသုံးကြိမ်ချကန်တော့ရမယ်၊ ဒါဆို မင်းအသက်ကို ချမ်းသာပေးမယ်"

ထိုလူကြီး၏ စကားများကြောင့် ရန်မိန်ကျန်း အတော်ပင် မခံချိမခံသာဖြစ်သည်။ ရန်မိန်ကျန်းသည် ရန်လိုတတ်သူမဟုတ်သော်လည်း မာန်ဝင့်မောက်ကြွားလွန်းမှုကိုတော့ အမြင်ကတ်သည်။

"ဟာ....မဟုတ်တာ၊ ခင်ဗျားကို ဘာကြောင့် ဦးချ ကန်တော့ရမှာလဲ၊ မကန်တော့နိုင်ပါဘူး"

ရန်မိန်ကျန်းက တူးတူးခါးခါးပင် ငြင်းလိုက်သည်။

"မင်းကို ငါက သနားညှာတာချင်လို့ အခွင့်အလမ်းပေးတာ၊ ငါ့ကို ဦးချကန်တော့ရတာ မင်းမှာ ဘာထိခိုက်မှာမို့လဲ၊ တကယ်လို့ ငါသာ ဘုရင်မင်းတစ်ပါးဖြစ်ရင် မင်းသာမဟုတ်ဘူး၊ လူတိုင်းက ငါ့ကို ဦးချကန်တော့ရမှာ"

"ဟာ....မဆိုင်လိုက်တာ၊ ခင်ဗျား ဘုရင်ဖြစ်မှ မဟုတ်ဘူး၊ ဘုန်းကြီးဝတ်လိုက်ရင်လဲ လူတိုင်းက ဦးချကန်တော့ကြမှာပဲ၊ ဒါက သတ်သတ်ကိစ္စ၊ အခုဟာနဲ့ ဘာမှမပတ်သက်ဘူး"

"မင်းက ငါ့ကို ဦးချမကန်တော့နိုင်ဘူးပေါ့"

"ဟုတ်တယ်၊ မကန်တော့နိုင်ဘူး"

"ဒါဆို မင်း သေဖို့သာပြင်ပေတော့"

ပြောပြောဆိုဆို ထိုလူကြီးက ရန်မိန်ကျန်းကို ညာလက်ဝါးဖြင့် ဆတ်ခနဲလှမ်းရိုက်သည်။ ရိုက်ချက် ပြင်းလှသည်။ လက်ဝါးရိုက်ချက် ရောက်မလာမီကပင် လက်ဝါးရိုက်ချက်မှာ လေအဟုန် ရိုက်ခတ်မိရာ ရန်မိန်ကျန်း စပ်ဖျဉ်းဖျဉ်းပင် ခံစားရသည်။

ရန်မိန်ကျန်း အတော်လန့်ဖျပ်သွားကာ နောက်သို့ ခုန်၍ ရှောင်လိုက်သည်။ သက်တန့်လိပ်ပြာကိုယ်ဖော့ပညာ လေ့ကျင့်ထားသည်မို့ ပေါ့ပါးလှပသောကိုယ်ဟန်ဖြင့် နောက်သို့ လွင့်မျော၍သွားသည်။ အလန့်တကြားဖြင့် ရှောင်လိုက်ရသူ ရန်မိန်ကျန်း ကိုယ်တိုင်ကတော့ မိမိကိုယ်မိမိ သက်တန့်လိပ်ပြာ ကိုယ်ဖော့ပညာကို သုံးမိလိုက်မှန်းပင်မသိ။

လူကြီး၏ လက်ဝါး ရိုက်ချက် စက်ကွင်းမှ ရန်မိန်ကျန်း အလွယ်တကူပင် လွတ်မြောက်ထွက်သွားသည်။ ထိုသို့ ရှောင်



ထွက်ရင်း လက်ဝါးရိုက်ချက်ဖြစ်စေ ခြေပျံကန်ချက်ဖြစ်စေ၊ လက်နက်ပုန်း ပစ်ခတ်မှုဖြစ်စေ၊ တစ်ခုခုတန်ပြန် တိုက်ခိုက်မည်ဆိုပါက လူကြီးအနေဖြင့် အတော်ပင် အကျဉ်းအကျပ် တွေ့ရမှာ သေချာသည်။

သို့သော် ရန်မိန်ကျန်းမှာ တိုက်ပွဲအတွေ့အကြုံ လုံးဝမရှိ။ တိုက်နည်း ပရိယာယ်များကိုလည်း မသိမတတ်သောကြောင့် မိမိအသက်အန္တရာယ်မဖြစ်ရအောင် ရှောင်တိုက်နိုင်သည်မှအပ တိတိမိမိ တန်ပြန်တိုက်ခိုက်မှုမပြုနိုင်ခဲ့ပါ။

လူကြီးကတော့ ရန်မိန်ကျန်း၏ သေသပ် ပေါ့ပါးသော ကိုယ်ဟန်လှုပ်ရှားမှုအတွက်ကြောင့် အနည်းငယ်ပင်ရှိန်၍သွားသည်။ သည်ကောင်လေးသည် အသက် ငယ်ရွယ်သော်လည်း သိုင်းပညာ အတော်ထက်မြက်မည်ဟု အကဲခတ်မိကာ လက်နက်မဲ့ ဆက်မတိုက်တော့။ ဓားရှည်တစ်ချောင်း ရှမ်းခနဲ ဆွဲထုတ်လိုက်လေသည်။

ရန်မိန်ကျန်းက ဓားရှည်ကိုင်စွဲထားသောလူကြီးကို မျက်လုံးပြူး၍ကြည့်နေသည်။ ဘာမျှတော့ မလှုပ်ရှား။ အမှန်ပြောရလျှင် ဘယ်လိုလှုပ်ရှား တိုက်ခိုက်ရမည်ကိုလည်း စဉ်းစားမရနိုင်ဘဲ ရှိနေသည်။

လူကြီးကလည်း ဓားရှည်ကြီးတဆင့်ဝင့်လုပ်ကာ အကွက်ချောင်း၍နေသည်။ တစ်ဖက်လူက လှုပ်ရှားတိုက်ခိုက်ခြင်းမပြုဘဲ သည်အတိုင်းရပ်နေသည်မှာ မိမိ ဝင်တိုက်လာအောင် အကွက်ဆင်ကာ စောင့်နေခြင်းဖြစ်လေမည်လားဟု သံသယ

ဖြစ်မိသောကြောင့် အလောတကြီး ဝင်မတိုက်။ အသာ အကဲခတ်ကြည့်နေသည်။

ထိုအချိန်တွင် လူရွယ်နှင့်ယောကျ်ားကြီးတို့က အိမ်ပေါ်တက်သည့် လှေကားဆီသို့ မသိမသာ ချဉ်းကပ်သွားကြလေသည်။

"ဟေ့ လူတွေ အိမ်ပေါ်မတက်ကြနဲ့"

ရန်မိန်ကျန်းက အော်ဟစ်ကာ ဟန့်တားလိုက်သည်။

အိမ်ပေါ်ရှိအိပ်ခန်းထဲတွင် မိန်းကလေးသည် အဝတ်အစားများ ဝတ်ဆင်နေကြောင်း ရန်မိန်ကျန်းခေါင်းထဲတွင် စွဲသိနေသည်။ ထိုလူနှစ်ယောက် အိမ်ပေါ်သို့တက်သွားပါက မိန်းကလေးအတွက် အရှက်ရစရာဖြစ်လိမ့်မည်ဟု တွေးမိကာ အော်ဟစ် ဟန့်တားလိုက်ခြင်း ဖြစ်သည်။ ဟန့်တားသံမှာ တကယ်ပင် အရေးတကြီးနိုင်သည်။ ထို့ကြောင့် လေ့ကျင့်ထားသော အတွင်းအားများ အလိုလိုပါဝင်ကာ ဟိန်း၍ပင်ထွက်သွားသည်။

လူရွယ်နှင့်ယောကျ်ားကြီးတို့မှာ ဟန့်တားလိုက်သည့်စကားများထက် ပေါ်ထွက်လာသောအသံကြောင့် ချက်ချင်းပင်တုံ့ရပ်သွားကြသည်။

ရန်မိန်ကျန်းက လှမ်းအော်ရုံသာမက ထိုလူနှစ်ယောက် လှေကားပေါ်မတက်နိုင်အောင် ဟန့်တားရန်အကြံဖြင့် ပြေးသွားသည်။ ဤတွင် လူကြီး၏ဓားရှည်ဖြင့်ဖြတ်ကာ ပိတ်မှုကို ရင်ဆိုင်ရသည်။



ရန်မိန်ကျန်းက အသာရှောင်သည်။ လူကြီးက ဆက်၍ ဖိလိုက်ခုတ်ပိုင်းသည်။ ရန်မိန်ကျန်းသည် ရှောင်ရင်း လှေကားရင်းဆီသို့ ဆက်ပြေးသည်။

ရှိန်မိန်ကျန်း ပြေးဝင်လာသည်ကို တွေ့ကြသော လူရွယ်နှင့် ယောကျ်ားကြီးတို့မှာ ရန်မိန်ကျန်းကို ရှိန်ကြသည့် စိတ်ကလည်း ရှိနေသောကြောင့် ကမန်းကတန်း နောက်ဆုတ်သွားကြသည်။

ဓားချက်များကိုရှောင်ရင်းပြေးဝင်လာသော ရန်မိန်ကျန်းသည် လှေကားရင်းတွင် လဲကျလျက်ရှိသောအဘိုးအို၏ ကိုယ်ကို ဝင်ခလုတ်တိုက်မိသည်။ ဟန်ချက်ပျက်ကာ လဲကျလုလုဖြစ်သည်။

ပြေးနေသည့်အချိန်လည်း တုံ့သည်။

ထိုအချိန်မှာပင် လူကြီး၏ဓားချက်တစ်ချက်က ဘယ်ဘက်လက်ပြင်တွင် အထိခံလိုက်ရသည်။

"အား...."

ဘယ်လက်ပြင်ထွင် မီးစကြီးအထိုးခံရသလို ခံပြင်းနာကျင်သွားသည့်အတွက် ရန်မိန်ကျန်း အော်ဟစ်လိုက်မိသည်။ လူမှာလည်း မဟန်နိုင်ဘဲ ပိုင်းခနဲ လဲကျသည်။

လူကြီးက လက်စသိမ်းခုတ်ချရန် ဓားရှည်ကို မြှောက်လိုက်သည်။

* * *

"ရပ်လိုက်"

အော်ဟစ်ဟန့်တားသံ ပေါ်လာသည်။

"ဝှစ်....ဒလံ"

ဓားပျံတစ်လက်လည်း လွင့်ပျံလာသည်။မြောက်ထားသော ဓားရှည်ကို ထိမိသည်။ လက်မှဓားရှည် လွတ်ထွက်မသွားအောင်တော့ လူကြီးက ဆုပ်ကိုင် ထိန်းထားလိုက်နိုင်သည်၊ သို့သော် ဓားရှည်ကိုင်ထားသောလက်၏ လက်မနှင့် လက်ညှိုးကြားခွဆုံနေရာတွင် စစ်ခနဲ နာကျင်သွားသည်။ လက်ကောက်ဝတ်လည်း အောင့်သွားသည်။

ဓားပျံ ပစ်ပေါက်ချက် အားပြင်းလှကြောင်း နားလည်လိုက်သည်။ ကိုယ်ကို ချာခနဲလှည့်၍ ဓားပျံပစ်ပေါက်သူကို ရင်ဆိုင်သည်။

လူရွယ်တစ်ယောက်ဖြစ်သည်။ အသက် နှစ်ဆယ်ခန့်သာ ရှိသေးသည်။ အစိမ်းရောင်ပိုးသားဝတ်စုံကို ဝတ်ထားသည်၊ အေးစက်မာကျောသောမျက်လုံးအကြည့် ရှိသည်။ နောက်ကျောတွင် နှစ်ဖက်သွားပုဆိန်တစ်လက် သိုင်းလွယ်ထားသေးသည်။ ခါးတွင်တော့ ဓားရှည်တစ်လက် ချိတ်ထားသည်။ ဓားရှည်လက်ကိုင်အနှောင့်မှ ပိုးကြိုးစထိပ်တွင် အရည်အသွေးကောင်းသော ကျောက်စိမ်းပြားလေးတစ်ခု ဆွဲထားသည်၊ ကျောက်စိမ်းပြားလေးက သုံးမြှောင့်သဏ္ဍာန်။

လူကြီး၏မျက်နှာ ကွက်ခနဲပျက်သည်။

"ဟာ....လင်ယန်ပင်းပါလား၊ ဒီကောင်လေးက မင်းနဲ့ ဘယ်လိုပတ်သက်လို့လဲ"



ရန်မိန်ကျန်းကို ညွှန်ပြပြီးမေးသည်။

"သူနဲ့ ဘယ်လိုမှမပတ်သက်ပါဘူး၊ ဒါပေမယ့် အိမ်ပေါ်မှာရှိနေတဲ့ မိန်းကလေးကိုတော့ အန္တရာယ်မဖြစ်စေချင်ဘူးလေ၊ သူက အဲဒီမိန်းကလေး အန္တရာယ်မကြုံရအောင် စွန့်စားကာကွယ်ပေးခဲ့တာဆိုတော့ သူ့ကို ကျွန်တော်ကလဲ ကူညီပေးတာပါ"

လင်ယန်ပင်းဆိုသူ လူရွယ်က ခပ်အေးအေး ပြန်ပြောသည်။

ပုဆိန်ကိုင်ယောကျ်ားကြီးက တစ်စုံတစ်ရာ ဝင်ပြောမည် အပြု လူကြီးက လက်ပြဟန့်တားလိုက်ပြီး....

"အင်း....ကျောက်စိမ်းနဂါးဂေဟာရဲ့မျက်နှာကို ထောက်ထားရမှာပေါ့၊ နှုတ်ဆက်ခဲ့ပါတယ်"

လူကြီးက ဤသို့ပြောပြီး ခြေသံပြင်းပြင်းနှင့်လျှောက်လှမ်းထွက်သွားသည်၊ ပုဆိန်ကိုင် ယောကျ်ားကြီးနှင့် လူရွယ်တို့လည်း လိုက်ပါသွားကြသည်။

လင်ယန်ပင်းက ဦးညွှတ်ကာ ကောင်းမွန်စွာ ဂါရဝပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ထို့နောက် လင်ယန်ပင်းသည် ရန်မိန်ကျန်း အနားသို့ လျှောက်လှမ်းလာသည်။ ရန်မိန်ကျန်းလည်း လဲကျနေရာမှ ထရပ်လာသည်။

"ဒဏ်ရာ တော်တော်ပြင်းသလား"

လင်ယန်ပင်းက မေးသည်။

"ကိစ္စမရှိပါဘူး၊ ရပါတယ်"

ထိုအချိန်မှာပင် အိမ်ပေါ်မှ မိန်းမပျိုလေး၏ လှမ်းခေါ်သံ ပေါ်လာသည်။

"ဟော့....အပေါ်ကို တက်လာဦးလေ"

"တို့ကို ခေါ်တာလား"

လင်ယန်ပင်းက လှမ်းမေးသည်။

"မဟုတ်ဘူး၊ ဟိုတစ်ယောက်ကို ခေါ်တာ"

လင်ယန်ပင်းက ရန်မိန်ကျန်းကို လှမ်းကြည့်ကာ အိမ်ပေါ်သို့ မေးငေါ့ပြသည်။ ရန်မိန်ကျန်းလည်း အိမ်ပေါ်သို့ တက်လာခဲ့သည်။

* * *

"ဘာကိစ္စရှိလို့လဲ"

အိမ်ပေါ်သို့ ရောက်သောအခါ ရန်မိန်ကျန်းသည် အိပ်ခန်းထဲသို့မဝင်ဘဲ တံခါးဝနားတွင် ရပ်ကာ မေးလိုက်သည်။

"ကျွန်မကို အဝတ်တွေ ကူဝတ်ပေး"

ရန်မိန်ကျန်းတစ်ကိုယ်လုံး ပူထူသွားသည်။

"ဟာ....မဖြစ်ဘူး....မဖြစ်ဘူး"

"ရှင်ကလဲ ကျွန်မ ကောင်းကောင်း မလှုပ်ရှားနိုင်တဲ့ အရမ်းမောနေလို့ ရှင့်ကို ကူခိုင်းတာပါ"

"အို....ဘယ်သင့်တော်မှာလဲ၊ မဖြစ်ဘူး"

"ကျွန်မကလဲ မလွဲသာလို့ပါ၊ ရှင့်ကိုမှ မကူခိုင်းရရင် ဘယ်သူ့ကို သွားအကူအညီတောင်းရမှာလဲ"



"ဟို....ဟိုလူ လင်ယန်ပင်း ရှိသားပဲ"

မိန်းမပျိုလေးထံမှ သက်ပြင်းချသံတစ်ချက် ပေါ်လာ၏။ ထို့နောက်....

"ကောင်းပြီ....သူ့ကို လွှတ်လိုက်ပါ"

ရန်မိန်ကျန်းလည်း ပခုံးထက် ထမ်းထားရသည့် လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး အဖယ်ရှားခံရသလို ပေါ့ပါးသွားကာ အိမ်အောက်သို့ မြန်မြန်ဆင်းသည်။ လင်ယန်ပင်းကို အိမ်ပေါ်သို့ အသွားခိုင်းသည်။

"အင်း....လင်ယန်ပင်းဆိုတဲ့လူက တိုမိန်းကလေးရဲ့ အသိအကျွမ်းပဲ၊ အခု သူရောက်လာပြီဆိုတော့ ငါ ဆက်ပြီး ကူညီပေးစရာ မလိုတော့ဘူး၊ လင်ယန်ပင်းက သူ့ကို ကူညီစောင့်ရှောက်ပေးသွားလိမ့်မယ်"

ရန်မိန်ကျန်း၏ စိတ်ထဲတွင် ဤသို့တွေးမိသည်။ ထို့ကြောင့် လင်ယန်ပင်း အိမ်ပေါ်သို့တက်သွားသောအခါ ရန်မိန်ကျန်းလည်း လယ်တဲမှ ထွက်သွားလေတော့သည်။

* * *

လင်ယန်ပင်း အိမ်ပေါ်သို့ တက်လာသည်။

"မင်း ဘာဖြစ်နေလို့လဲ"

လှေကားထိပ်သို့ ရောက်သောအခါ လင်ယန်ပင်းက အသံပြုလိုက်သည်။ အိပ်ခန်းထဲ ပျောက်ဝင်မည်ပြုရာ မိန်းမပျိုလေး၏ ဟန့်တားသံ ပေါ်လာသည်။

"ရပ်နေဦး"

အိပ်ခန်းအဝင်ဝတွင် လင်ယာန်ပင်း တုံ့ရပ်သွားသည်။

"မင်း ဘယ်လိုဖြစ်နေလဲ၊ဒဏ်ရာအခြေအနေ ဘယ်လိုလဲ"

လင်ယာန်ပင်းက မေးသည်။

"အဆိပ်အပ် အဆိပ်ခံရတယ်၊ အဆိပ်တော့ ပြေပြီးပါပြီ၊ ဒဏ်ကရှိတော့ အားမစိုက်နိုင်ဘူး၊ အရမ်းမောနေတယ်၊ အဲဒါ ကျွန်မကို ကူညီပေးပါ"

"ဘယ်လိုကူညီရမှာလဲ"

"ရှင် မျက်စိပိတ်ပြီး အခန်းထဲဝင်လာခဲ့"

"ဘာကြောင့် မျက်စိပိတ်ရမှာလဲ"

"ပိတ်ဆို ပိတ်လာ၊ မေးမနေနဲ့"

"ကောင်းပါပြီ"

လင်ယာန်ပင်း မျက်စိပိတ်ကာ အိပ်ခန်းထဲ အသာလျှောက်လှမ်းဝင်လာသည်။

"ဒီဘက်ကိုလာ၊ ဟုတ်ပြီ....ထိုင်လိုက်"

မျက်စိမှိတ်ထား၍ ဘာကိုမျှ မမြင်ရသော်လည်း မိန်းမပျိုလေးက အသံပြု လမ်းညွှန် ပြပေးနေ၍ လင်ယာန်ပင်းသည် အခက်အခဲမရှိဘဲ မိန်းမပျိုလေး၏အနားသို့ ရောက်သွား၏။

"ကျွန်မကို အဝတ်အစားတွေ ကူဝတ်ပေးပါ၊ မျက်စိဖွင့်မကြည့်နဲ့နော်"

လင်ယာန်ပင်း မျက်စိအစုံ မှိတ်ထားလျက် မိန်းမပျိုလေးကို ကူညီပေးသည်။ သိပ်တော့ အဆင်မပြေပါ။ သို့သော် အချိန်အတော်ကြာသော် အဝတ်အစားများ ဝတ်ပေးပြီးသွား၏။



"ရပြီ၊ ကျွန်မကို အိမ်အောက် ပွေ့ခေါ်သွားပေးပါ"

လင်ယာန်ပင်းက မိန်းမပျိုလေးကို ပွေ့ယူသည်။ မျက်စိစုံမှိတ်ပြီး ပွေ့ရခြင်းမို့ ညာဘက်လက်က မိန်းမပျိုလေး၏ ရင်ဘတ်ကို ထိစမ်းမိသည်။

"ဟာ....မတော်လို့ပါဗျာ မတော်တဆ ထိသွားတာပါ"

လင်ယာန်ပင်းက ကမန်းကတန်း တောင်းပန်သည်။ လက်ကိုလည်း ပြန်ရုပ်ကာ နောက်ဆုတ်သွားသည်။ မိန်းမပျိုလေးမှာလည်း မျက်နှာ ရဲခနဲ ဖြစ်သည်။

ခဏမျှ တိတ်ဆိတ်သွားသည်။

"လင်ယာန်ပင်း....ကျွန်မကို အိမ်အောက် ပွေ့ယူသွားပေးလေ"

ခဏမျှ တိတ်ဆိတ်နေပြီးနောက် မိန်းမပျိုလေးက ပြောသည်။

လင်ယာန်ပင်းလည်း မျက်စိမှိတ်ထားလျက်မှလက်ဆန့်တန်းကာ ဟိုစမ်းစမ်း သည်စမ်းစမ်း လုပ်သည်။ စောစောကလိုမျိုး ဖြစ်မည်စိုးသောကြောင့် အရမ်းမလုပ်ရဲ။

သည်အခါမှ လင်ယာန်ပင်း မျက်စိများ ပိတ်ထားဆဲဖြစ်ကြောင်း မိန်းကလေး သတိပြုမိသွားသည်။

"ဟာ....ရှင်ကလဲ ဘာကြောင့် အခုထိ မျက်စိပိတ်ထားရတာလဲ၊ ဖွင့်ကြည့်လို့ရပါပြီ....တကယ်ပဲ"

လင်ယာန်ပင်း ပိတ်ထားသော မျက်စိနှစ်လုံး ဖွင့်သည်။ မိန်းကလေးကို ကြည့်သည်။ မျက်စိပိတ်လျက် မမြင်မစမ်းနှင့်

ကြိုးစားကာ ဝတ်ပေးထားသောကြောင့် အဝတ်အစားတို့က သိပ်မသေသပ်။ ဖရိုဖရဲလေး ဖြစ်နေသည်။

အဆိပ်ပြေသွားပြီဖြစ်သော်လည်း အဆိပ်သင့်ခဲ့သည့် ဒဏ်ကြောင့် အားအင်ကုန်ခန်းကာ မောဟိုက် နွမ်းလျလျက်နေသော မိန်းကလေး၏ အသွင်မှာ အဝတ်အစား ကပိုကရိုနှင့် ချစ်စဖွယ်တစ်မျိုး ဖြစ်နေသည်။ လင်ယန်ပင်း အသာငေးမော ကြည့်နေမိသည်။

"ဘာကြည့်နေတာလဲ"

"ဟို....မင်းက ချစ်စရာကောင်းလို့"

"ဘာရှင့်...."

"ဟို....ဟို....ဘာမှမဟုတ်ဘူး၊ စိတ်မဆိုးနဲ့"

လင်ယန်ပင်းက ကမန်းကတန်း တောင်းပန်ကာ မိန်းကလေးကို ပွေ့ချီ၍ အိမ်အောက်သို့ ခေါ်သွားသည်။

ဝါးကွပ်ပျစ်လေးပေါ်တွင် သက်သောင့်သက်သာ ဖြစ်အောင် တင်ပေးထားလိုက်သည်။

"ဟို....တစ်ယောက်ကော"

ရန်မိန်ကျန်းကို မတွေ့ရသောကြောင့် မိန်းကလေးက မေးသည်။

"ဘယ်သူ့ကို မေးတာလဲ"

"ကျွန်မကို ကယ်တင်ကူညီပေးခဲ့တဲ့လူလေ"

"တို့ အပေါ်တက်လာတော့ သူ အိမ်အောက်မှာ ကျန်နေခဲ့တာပဲ၊ သူ ထွက်သွားပြီထင်ပါရဲ့၊ ကဲ....မင်း အေးအေးဆေးဆေး အနားယူလိုက်ပါ၊ တို့ စောင့်ကြည့်ပေးထားမယ်၊ မင်း အားပြည့်လာမှ ဒီက သွားကြတာပေါ့၊ တို့ရှိနေမှတော့ ဘယ်အန္တရာယ်ကိုမှ ကြောက်နေစရာမလိုတော့ပါဘူး"



မိန်းကလေးက ဘာမျှမပြော။

မျက်လုံးများကိုအသာမှိတ်ကာ ထွက်သက်ဝင်သက် မှန်မှန်ရှူ၍ အနားယူ အားမွေးနေလေတော့သည်။

★

## အခန်း ( ၆ )

မိုး စင်စင်လင်းလာသည်။

ခရီးလည်း အတန်ပေါက်ခဲ့လေပြီ။

လယ်တဲမှနေ၍ထွက်လာခဲ့ရာတွင် ရန့်မိန့်ကျန်းသည် ဘယ် အရပ်သို့သွားရမည်ကိုမသိပေ။ ထို့ကြောင့် ခြေဦးတည့်ရာကို သာ လျှောက်လှမ်းလာခဲ့သည်။ ညကြီးမင်းကြီး ဦးတည်ရာ အတိအကျမရှိဘဲ လျှောက်လှမ်းလာခဲ့ရာ မိုးလင်းလာသည့် အခါတွင်တော့ မိမိကိုယ်မိမိ ဘယ်နေရာရောက်နေသည်ကိုပင် မသိတော့အောင် ဖြစ်နေသည်။

ယခု ရန့်မိန့်ကျန်းရောက်နေသည်မှာ တောကြီးမျက်မည်း တော့မဟုတ်။ လယ်ကွင်းများ၊ စိုက်ခင်းများကို လှမ်းမြင် တွေ့နိုင်သည်။ လူနေရပ်ရွာတစ်ခုခုနှင့်တော့ သိပ် အလှမ်း ဝေးမည်မဟုတ်။

သို့သော် လူနေရပ်ရွာ အရိပ်အယောင်ကိုတော့ လှမ်းမမြင် ရပါ။ အရပ်လေးမျက်နှာတွင် ဘယ်အရပ်ဘက် ရှေးရှုသွား



လျှင် လူနေရပ်ရွာသို့ ရောက်နိုင်မည်ကို အခွေးရခက်စရာ ဖြစ် နေသည်။ အရွေးမှန်လျှင် လူနေရပ်ရွာကို ရောက်နိုင်မည်။ အရွေးမှားပါက လူနေရပ်ရွာနှင့် ဆန့်ကျင်ဘက် အဝေးဆီသို့ ရောက်သွားနိုင်သည်။

ရန့်မိန့်ကျန်း၏ခေါင်းထဲတွင်လည်း မှုန်နောက်နောက်ဖြစ် နေသည်။ သိပ်မကြည်လင်။ ဝမ်းဗိုက်ထဲတွင်လည်း ဟာတာ တာနှင့် ပူလောင်သလိုလို ဖြစ်နေသေးသည်။

ရန့်မိန့်ကျန်း ရရှိခဲ့သောဓားဒဏ်ရာမှာ အရိုးအကြော များကိုမထိခိုက်ဘဲ အရေပြားနှင့် အသားများသာ ပြတ်ရှ သွားသည့် အပြင်ဒဏ်ရာဖြစ်သော်လည်း သွေးတော့ အတွက် များနေသည်။ ရန့်မိန့်ကျန်းက ဒဏ်ရာမှ သွေးထွက်နေမှုကို တိတ်အောင်မလုပ်ဘဲ ခရီးပြင်းလည်းနှင်လာခဲ့ပြန်ရာ သွေး ထွက်က ပိုများသည်။

အတွင်းအားအခြေခံရှိလျက်ခံနိုင်ရည်အားမြင့်သည့်အတွက် ကြောင့်သာ သည်နေရာအထိ လျှောက်လှမ်းရောက်ရှိလာခဲ့ ခြင်းဖြစ်သည်။ မဟုတ်လျှင် လယ်တဲမှထွက်လာပြီး မကြာမီ ပင် သွေးဆုတ်အားပြတ်ကာ သတိလစ်လဲကျသွားနေလောက် ပေပြီ။

ယခု ခရီးအတော်ပေါက်ကာ အချိန်လည်း များစွာကြာ မြင့်ပြီး သူဝတ်ထားသည့် အဝတ်အစား ပေါ်တွင်လည်း ခြင်းခြင်းနီလောက်အောင် သွေးထွက်များနေလေရာ မူးဝေ၍ လာသည်။

ဆက်မလျှောက်လှမ်းချင်တော့။

ခဏလောက်နားလိုက်ဦးမည်ဟု စိတ်ကူးရကာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ဝင်ထိုင်သည်။ စိတ်ကို လျှော့လိုက်သလိုမို့ ထိုင်ချမိသည်နှင့် မဟန်နိုင်တော့ဘဲ ခေါင်းထဲ မိုက်ခနဲဖြစ်ကာ သတိလစ်၍ လဲကျသွားလေတော့သည်။

* * *

ရန်မိန်ကျန်း သတိပြန်ရလာသည်။

မိမိသည် မွေ့ရာတစ်ခုပေါ်တွင် ရောက်နေကြောင်း သိရသည်။ အတော်လည်း သက်သောင့်သက်သာ ရှိနေသည်၊ မျက်စိနှစ်လုံးကိုဖွင့်ကာ ကြည့်လိုက်သည်။

"ဟော....ရှင် သတိရလာပြီကိုး"

ကြည်လင်သောစကားသံ သာသာလေးကို ကြားရသည်၊ ထို့နောက် မိန်းကလေးတစ်ယောက်ကို မြင်ရသည်။

အသက် ၁၆-နှစ်၊ ၁၇-နှစ်ခန့်ရှိသည်။ အတော်ပင် ချောမောလှပသည်။ အသားအရေက နှင်းပွင့်လို ဖြူဖွေးသည်၊ အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။ နက်မှောင်သန့်စွမ်းသော ဆံပင်ကို ဖားလျား ချထားသည်။ ရွှေရောင်ဖဲကြိုးပြားဖြင့် နဖူးတွင် ပတ်စည်း၍ထားသည်။

"ကျွန်တော်၊ ဘယ်ရောက်နေတာလဲ ဟင်"

ရန်မိန်ကျန်းက မေးလိုက်မိသည်၊

"အင်း....ကျွန်မလဲ မသိဘူးရှင့်"

"ဟင်....ဘယ်လို၊ ခင်ဗျားလဲ မသိဘူး ဟုတ်လား"



မိန်းကလေးက ပြုံးလိုက်သည်။ ပါးချိုင့်လေးနှစ်ခု ခွက်ဝင်လျက် သွားတက်လေးများလည်း ပေါ်လာသည်။

ပို၍ လှလာသည်။

"ဟိုဘက် လယ်တောစပ်နားမှာ ရှင် သတိမေ့ပြီး လဲကျနေတာတွေလို့ ကျွန်မ ဒီနေရာကို ခေါ်လာတာပါ၊ ဒီနေရာက အိမ်ပျက် အိမ်ဟောင်းကြီးတစ်ခုပဲ၊ ကျွန်မကလဲ ခရီးသွားတစ်ယောက်ပဲဆိုတော့ ဒီနေရာဟာ ဘယ်လိုနေရာလဲဆိုတာ မသိဘူး၊ ဒါကို ပြောတာပါ၊ ရှင် ထထိုင်လို့ရတယ်မဟုတ်လား"

ရန်မိန်ကျန်းက အိပ်နေရာမှ အသာထကြည့်၏။ အားအင်သိပ်ထုတ်၍မရဘဲ မောပန်းသလို ဖြစ်နေသော်လည်း ထထိုင်၍တော့ ရသည်။

"ရော့....ဒါလေး သောက်လိုက်"

မိန်းကလေးက ဝါးဆစ်ခွက်လေးတစ်ခု ကမ်းပေးသည်။ ဝါးဆစ်ခွက်လေးထဲတွင် ရနံ့သင်းသော ဆေးရည်များ ပါရှိသည်။ ရန်မိန်ကျန်းက ဆေးရည်များကို အသာသောက်ချလိုက်ရသည်။

ရင်ထဲတွင်နွေးထွေးကာ တစ်ကိုယ်လုံးလည်း ပူခနဲ ရှိန်းခနဲဖြစ်သည်။ မူးဝေဝေဖြစ်နေသော ခေါင်း ကြည်လင်လာ၏။ မောပိုက်နွမ်းနယ်နေမှုများလည်း သိသိသာသာ ပပျောက်၍ လန်းဆန်းလာသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားဆေးက တကယ့်ဆေးကောင်းပဲ"

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေ...

ဆေးရည်အားလုံးကုန်အောင် သောက်ပြီးနောက် ရန်မိန့်ကျန်းက မိန်းကလေးကို ပြောသည်။

"အဲဒါက ဆေး မဟုတ်ဘူးရှင့်၊ အရက်ချို ဖျော်ရည်တစ်မျိုးပါ၊ ကဲ....နည်းနည်းလောက် လှုပ်လှုပ်ရှားရှား လုပ်ကြည့်ပါလား"

ရန်မိန့်ကျန်းလည်း အိပ်ရာပေါ်မှ ဆင်းသည်။ မိမိသည် အိပ်ရာဟောင်းကြီး တစ်ခုပေါ်တွင် အိပ်နေခြင်းဖြစ်ကြောင်း ယခုမှ သိရသည်။ ရောက်နေသော အခန်းက ကျယ်ကျယ်ဝန်းဝန်းရှိသော်လည်း ပျက်စီးယိုယွင်းနေသည်။

ဟိုဟိုသည်သည် လျှောက်ကြည့်သည်။ ခြေလက် လှုပ်ရှားကြည့်သည်။ အားလုံး အဆင်ပြေ၏။ မောပန်းခြင်း မဟုတ်၊

"ရှင်ဟာ အတော့်ကို ကြံ့ခိုင်သန်မာတဲ့လူပဲ၊ ကြည့်စမ်း....သတိရလာပြီးတာနဲ့ လှုပ်လှုပ်ရှားရှား လုပ်နိုင်ပြီ"

"ခင်ဗျားတိုက်ခဲ့တဲ့ ဆေး....အဲလေ အရက်ချိုဖျော်ရည်ရဲ့ အစွမ်းကြောင့်ပါ"

"အဲဒီအရက်ချိုဖျော်ရည်က အားအင်ပြည့်ဖြိုး လန်းဆန်းစေတာမှန်ပေမယ့် ရှင့်ရဲ့ ပင်ကိုကြံ့ခိုင်ကျန်းမာမှုကလဲ ကောင်းလို့ပါ၊ ရှင့်ဒဏ်ရာက ထွက်ခဲ့တဲ့ သွေးတွေက နည်းတာမှ မဟုတ်တာ၊ ဒါတောင် မသွေးဆုတ် အားလျော့ပြီး အသက်အန္တရာယ် မဖြစ်ခဲ့ဘူး၊ ကောင်းကောင်း အနားယူ အိပ်စက်ပြီး အရက်ချိုဖျော်ရည်တစ်ခွက် သောက်လိုက်တာနဲ့ တစ်ခါတည်း အကောင်းပကတိ ပြန်ဖြစ်လာတယ်၊ ဒါနဲ့ မေးပါ



ရစေ၊ ဒဏ်ရာကို ဘာကြောင့် ဆေးမထည့်၊ မစည်းမနှောင်ဘဲ ဒီအတိုင်းထားရတာလဲ"

"ဒဏ်ရာက သိပ်မများတာကြောင့် မဖြစ်လောက်ပါဘူးဆိုပြီး ဒီအတိုင်းထားမိတာပါ"

"ဒဏ်ရာ သေးသေး ကြီးကြီး သွေးမထွက်အောင်တော့ အမြန်လုပ်ရတယ်၊ ဒဏ်ရာသေးသေးလေးပေမယ့် သွေးထွက်များရင် ဒုက္ခဖြစ်နိုင်တယ်၊ မှတ်ထားပါ"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

"ဒါနဲ့ ရှစ် ဘယ်သွားမလို့လဲ"

"မသိဘူး"

"အို....ကိုယ်သွားမယ့်နေရာကိုတောင် မသိဘူးလား"

"အဲဒါတော့ သိတာပေါ့၊ ဒါပေမယ့် အဲဒီကို နောက်နှစ်ကျမှသွားမှာ၊ အခုလောလောဆယ် ဘယ်သွားရမယ်ဆိုတာ မသိဘူးလို့ ပြောတာ"

"ဒါဆို....ရှင်က သိုင်းလောကမှာ လေလွင့်နေတာလား"

"လေလွင့်နေတာ မဟုတ်ပါဘူး၊ ဟို....ဘယ်လိုပြောရမလဲ၊ ဗဝအတွေ့အကြုံ လိုက်ရှာနေတာ"

သိုင်းတေလေတို့ပြောခဲ့သည်ကိုသတိရကာ ရန်မိန့်ကျန်းက ပြောလိုက်သည်။ ပြီးမှ မိမိစကားအသုံးအနှုန်း ကြီးကျယ်လွန်းရာကျသွားမည်လားဟုတွေးကာ မိန်းကလေးကို ကြည့်လိုက်သည်။

"ဩော်....အင်း၊ နားလည်ပြီ"

မိန်းကလေးက ပြုံးရယ်၍ပြောတော့မှ ရန်မိန်ကျန်း စိတ်အေးရသည်။

"ခင်ဗျားကကော ဘယ်သွားမှာလဲ"

"အင်း....ပြောရမယ်ဆိုရင် ကျွန်မလဲ ရှင့်လိုပါပဲ၊ ဘယ်ရယ်လို့ ရေရေရာရာမရှိဘူး၊ အဆင်ပြေသလို သွားရမှာပဲ"

"ခင်ဗျားကလဲ ဘဝအတွေ့အကြုံ ရှာနေတာပေါ့"

"အင်း....အင်း....အဲဒီလိုပဲ ထားလိုက်ပါတော့၊ ရှင် ဘဝအတွေ့အကြုံ ဘယ်လောက်ရခဲ့ပြီလဲ"

"အဲ....မရသေးပါဘူး"

"ဘာမှမရသေးဘူး ဟုတ်လား"

"အဲ....မိတ်ဆွေနှစ်ယောက် မဟုတ်ဘူး၊ တစ်ယောက်တော့ ရပြီလို့ ပြောရမလား မသိဘူး"

ရန်မိန်ကျန်းသည် ကျားသာရဲတောင်ကြားတွင် တွေ့ခဲ့ရသည့် မိန်းကလေးနှင့် ယခု မိမိကို ကူညီပေးသောမိန်းကလေးတို့ကို မိတ်ဆွေတွေဟု သတ်မှတ်လိုသည်။ သို့မသော် ကျားသာရဲတောင်ကြားတွင်တွေ့ခဲ့ရသည့် မိန်းကလေးထက် ယခု တွေ့ဆုံရသောမိန်းကလေးအပေါ် ပို၍ခင်မင်စိတ် ရှိသောကြောင့် စိတ်သည်မိန်းကလေးကိုသာ မိတ်ဆွေဟု သတ်မှတ်မည်ဟု ကူးပေါက်ကာ ရုတ်ချင်း ပြင်ပြောလိုက်ခြင်းဖြစ်သည်။

"ရှင့်ဟာကလဲ မိတ်ဆွေ နှစ်ယောက်လား၊ တစ်ယောက်လား ရှင်းအောင် ပြောစမ်းပါ"

"ဟိုသင်း....အဲ....ကျွန်တော် ဘဝအတွေ့အကြုံရှာဖို့ ထွက်လာတာ ရက် သိပ်မကြာသေးဘူး၊ သုံးလေးရက်ပဲ ရှိဦးမှာ



ဒီရက်တွေအတွင်းမှာ မိန်းကလေးနှစ်ယောက်နဲ့ ဆုံရတယ်လေ၊ ဒီနှစ်ယောက်ကို မိတ်ဆွေတွေလို့ သတ်မှတ်မလားလို့ စိတ်ကူးရလို့ ပြောလိုက်တာပါ၊ ဒါပေမယ့် ဟိုသင်း....အဲ.. ဟိုဟာ"

"ဒါပေမယ့် ဘာဖြစ်တဲ့၊ ပြောစမ်းပါ"

"ဟိုလေ....အဲဒီမိန်းကလေးနှစ်ယောက်ထဲမှာတစ်ယောက်က ဒေါသကြီးတယ်၊ ဟောဟောရမ်းရမ်းလဲ လုပ်တတ်တယ်၊ တစ်ယောက်ကတော့ ကြင်နာတတ်ပြီး ခင်မင်ဖို့ကောင်းတယ်၊ ဒါကြောင့် ကြင်နာတတ်ပြီး ခင်မင်ဖို့ကောင်းတဲ့တစ်ယောက်ကိုပဲ မိတ်ဆွေလို့ သတ်မှတ်တာ ကောင်းပါတယ်ဆိုပြီး ဟို... တစ်ယောက်လို့ ပြင်ပြောလိုက်တာပါ"

"အဲဒီမိတ်ဆွေက ဘယ်သူလဲ"

"ခင်ဗျားပဲပေါ့"

"ခစ် ခစ် ခစ်....ခစ် ခစ်"

"ဘာရယ်တာလဲ"

"ရှင်နဲ့ ကျွန်မက အခုမှ စတွေ့ကြတာ၊ နာမည်တွေတောင် မသိကြသေးဘူး၊ အဲဒါ ဘယ်လိုလုပ် မိတ်ဆွေဖြစ်နိုင်မှာလဲ"

"ကျွန်တော့် နာမည် ရန်မိန်ကျန်း၊ ခင်ဗျားနာမည်ကကော...."

"ဝမ်မီန်ထန်"

"ဟော....ကျွန်တော်တို့နှစ်ယောက် နာမည်တွေ သိသွားကြပြီ၊ မိတ်ဆွေဖြစ်ကြပြီပေါ့"

ဝမ်မိန်ထန်က ဘာမျှမပြော။ သဘောကျစွာ ရယ်မော နေလေသည်။

* * *

“ရှင် ဘယ်လိုနေသေးလဲ”

ဝမ်မိန်ထန်က မေးသည်။

“ဘာမှမဖြစ်ဘူး၊ ကောင်းပါတယ်၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်”

“ဗိုက်တော့ ဆာနေမှာပေါ့”

“အင်း....”

“လာ....သွားစားကြရအောင်”

ဝမ်မိန်ထန်က ထိုသို့ပြောပြီး အခန်းပျက်ကြီးထဲမှ ထွက်သွားရာ ရန်မိန်ကျန်းလည်း ရောယောင်၍ နောက်မှလိုက်သွားလေသည်။

တစ်ဖက်ခန်းထဲတွင် စားသောက်ဖွယ်ရာများ အသင့်ရှိနေသည်။ စားသောက်ဖွယ်ရာများကို ပွဲ့ရွဲ့နေသော်လည်း သန့်စင်စွာ ဆေးကြောထားသည့် ပန်းကန်အပျက် အဟောင်းများတွင် ထည့်ထားသည်။ အတော်လည်း ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်ရှိသည်။

ပန်းကန်များသည် ဤအိမ်ပျက်ကြီးထဲမှ ရှာတွေ့သည်များ ဖြစ်နိုင်ကြောင်း ရန်မိန်ကျန်း တွေးမိ၏။ စားသောက်ဖွယ်ရာများ ဖွယ်ဖွယ်ရာရာ ရှိနေမှုအတွက်တော့ အံ့ဩမိသည်။



“အစားအသောက်တွေ စုံလှ များလှချည်သား၊ ရွာထဲက သွားဝယ်လာခဲ့တာလား”

ရန်မိန်ကျန်းက မေးလိုက်မိသည်။

“ကျွတ်....ဒီနားမှာ ရွာမှမရှိတာ၊ ဟို ယာခင်းဟောင်း၊ လယ်ကွက်ဟောင်းတွေထဲက သွားရှာယူပြီး ချက်ပြုတ်ထားတာပေါ့”

“ယာခင်းဟောင်း လယ်ကွက်ဟောင်းတွေ ဟုတ်လား”

“ဟုတ်တယ်လေ၊ ရှင်တောင် အဲဒါတွေနားမှာ လဲကျနေခဲ့သေးတာပဲ”

“ကျွန်တော်က အဲဒါတွေကို လူတွေစိုက်ထားတဲ့ ယာခင်း လယ်ကွက်တွေ ထင်နေတာ”

“မဟုတ်ဘူးရှင့်။ ဟိုအရင်က စိုက်ထားတဲ့ ယာခင်းတွေ လယ်ကွက်တွေမှာ အပင်တွေ သူ့အလိုလို ပြန်ပေါက်နေတာ၊ အဲဒီမှာ ပိုင်ရှင်မဲ့ ကြက်တွေ ဘဲတွေ ဝက်တွေတောင် တွေ့နိုင်သေးတယ်၊ လူမနေတော့တဲ့ ရွာဟောင်းတစ်ခုကိုလဲ ကျွန်မ ရောက်ခဲ့တယ်၊ ကြည့်ရတာ ဒီနေရာမှာ နေခဲ့ကြတဲ့လူတွေ အကြောင်းတစ်ခုခုကြောင့် တခြားကို ပြောင်းရွှေ့သွားကြတာ ဖြစ်လိမ့်မယ်၊ ပြောင်းသွားတာလဲ သိပ်မကြာနိုင်သေးဘူး၊ အလွန်ဆုံး နှစ်နှစ် သုံးနှစ်ပဲ”

“သူတို့က ဘာကြောင့် ပြောင်းသွားရတာလဲ”

“အဲဒါကိုတော့ ကျွန်မ ဘယ်သိမှာလဲ၊ အဲ....ဒီညတော့ ရွာဟောင်းထဲမှာ စိတ်ဝင်စားစရာ ကိစ္စတစ်ခုခု ဖြစ်ပေါ်နိုင်

တယ်၊ အဲဒါ ကျွန်မ သွားချောင်းကြည့်မလို့၊ ရှင်ကော လိုက်ခဲ့ချင်လား"

"အင်း.... ကောင်းသားပဲ၊ တဝအတွေ့အကြုံ အသစ်ရတာပေါ့"

စားသောက်ဖွယ်ရာများသည် လတ်ဆတ်ကာ ချက်ပြုတ်ထားသည့် လက်ရာကလည်း ကောင်းမွန်သည်။ သိုင်းတေလေများနှင့်အတူ တောထဲ တောင်ထဲတွင် လှည့်လည်သွားလာနေကာ ဖြစ်သလို စားသောက်ခဲ့ရသော ရန်မိန်ကျန်းမှာ စားကောင်းကောင်းနှင့် အားရပါးရ စားပစ်လိုက်သည်။

ရန်မိန်ကျန်းနှင့် ဝမ်မိန်ထန်တို့သည် စား သောက်ပြီးနောက် အိမ်ပျက်ကြီးထဲတွင်ပင် အေးအေးလူလူ နားနေလိုက်ကြသည်။

နေဝင်မိုးချုပ်တော့မှ အိမ်ပျက်ကြီးထဲမှ ထွက်လာခဲ့ကြသည်။ ဝမ်မိန်ထန်က လမ်းပြရှေ့ဆောင်ပြီး ရွာဟောင်းဆီသို့ ခေါ်သွားသည်။

* * *

ရွာက ရွာငယ်လေးသာ ဖြစ်သည်။ အိမ်ခြေ ငါးဆယ်ကျော်ကျော်လောက်ရှိသည်။ လူမနေတော့သည့် ရွာဟောင်းမို့ အိမ်အတော်များများ ပျက်စီးပြိုကျနေသည်။ အခိုင်အခံ့ဆောက်လုပ်ထားသော အိမ်အနည်းအကျဉ်းသာ မားမားမတ်မတ် ကျန်ရှိနေသည်။



ထိုသို့ မားမားမတ်မတ် ရှိနေသေးသော အိမ်များထဲတွင် အုတ်ဖြင့် ဆောက်လုပ်ထားသည့် အိမ်တစ်လုံး ပါဝင်သည်။ ထိုအိမ်ကတော့ အကောင်းပကတိနီးပါးပင် ရှိနေသေးသည်။ အုတ်နံရံပတ်လည် ကာရံကာ အတန်ပင် ကောင်းမွန်သေသပ်စွာ ဆောက်လုပ်ထားသည်။ အိမ်ဝင်းအတွင်းရှိ မြက်ပင်ကြီးများက လူတစ်ရပ်ကျော်လောက်အထိ ရှည်ကာ အပင်ရိုင်းအချို့လည်း ရောပေါက်နေ၏။ အိမ်နံရံများပေါ်တွင်လည်း နွယ်ပင်များ တွယ်ကပ်ပေါက်ရောက်နေကြသည်။

အိမ်အတွင်းမှ မီးရောင်များ လင်းလက်ဖြာထွက်နေသည်ကိုလည်း တွေ့ရသည်။

လူများ စွန့်ပစ်ထားခဲ့သည့် ရွာဟောင်းထဲတွင် မီးရောင်လင်းလက်နေသော အုတ်အိမ်တစ်ခုကို တွေ့ရခြင်းကပင်လျှင် စိတ်ဝင်စားစရာကောင်းလှပေရာ ထိုအိမ်ထဲတွင် မည်သူတွေ ရှိနေကြကာ ဘာတွေဖြစ်ပျက်နေသည်ကို ရန်မိန်ကျန်း သိလိုလာသည်။

ထို့ကြောင့် အိမ်ဝင်းထဲသို့ တစ်ခါတည်း ဝင်မည်အပြု ဝမ်မိန်ထန်က အင်္ကျီလက်မောင်းစကို ဆွဲ၍ ဟန့်တားသည်။

"ဒီလိုဝင်သွားလို့ ဘယ်ဖြစ်မှာလဲ၊ ဝင်လာတာကို အိမ်ထဲကလူတွေ သိကုန်မှာပေါ့"

ရန်မိန်ကျန်း ကြားသာရုံ တီးတိုးလေသံနှင့် ပြောသည်။

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ၊ ပြောလေ"

မိမိအမှားကိုသိသော ရန်မိန်ကျန်းက ဝမ်မိန်ထန်ကို ဆရာတင်လိုက်သည်။

"ကျွန်မတို့ မြက်ပင်ရှည်ကြီးတွေကြားထဲက အသာ တိတ်တိတ်လေး တိုးဝင်သွားကြမယ်၊ ရှင်က အိမ်ရဲ့ မြောက်ဘက်ပိုင်းကနေပတ်သွားပြီး ဟိုအခန်းထဲကိုချောင်းကြည့်၊ကျွန်မက အိမ်တောင်ဘက်ခြမ်းကနေ ပတ်သွားမယ်၊ အသံမထွက်နိုင်အောင် တတ်နိုင်သမျှ ကြိုးစား၊ တကယ်လို့ ကျွန်မ ချောင်းကြည့်တာကို အထဲကလူတွေ ရိပ်မိသွားလို့ တိုက်ခိုက်လား၊ ဖမ်းဆီးလားလုပ်ရင် အသာပဲ ကြည့်နေ၊ ပြီးမှ...."

"ဟာ....ခင်ဗျားကကျွန်တော့်မိတ်ဆွေပဲ၊ခင်ဗျားအန္တရာယ်ကြုံတာကို ကျွန်တော်က ဒီအတိုင်း သက်ပိုက်ကြည့်နေရမှာလား၊ ကူညီရမှာပေါ့"

"ရှင်ကတော့ တကယ်ပဲ၊ ရှင့်ကို မကူညီရဘူးလို့ ပြောတာမဟုတ်ဘူး၊ အသာစောင့်ကြည့်လို့ ပြောတာ၊ တစ်ခါတည်း ဝင်လာကူရင် ရှင်လဲ အန္တရာယ် တွေ့မှာပေါ့၊ အခြေအနေကို စောင့်ကြည့်၊ အခွင့်သာမယ်ထင်မှ ဝင်ကူ၊ အခွင့်မသာဘူးဆိုရင် အသာပဲငြိမ်ပြီး စောင့်နေ၊ သူတို့ ကျွန်မကို ဖမ်းချင်ဖမ်းသွားပါစေ၊ နောက်တော့မှ ကျွန်မကို အသာတိတ်တိတ်လေး လာဝင်ပြီး ကယ်ထုတ်ပေါ့၊ ဒါကိုပြောတာ"

"အင်း....အင်း....နားလည်ပြီ"

"ရှင့်ကို သူတို့ သိသွားရင်လဲ ကျွန်မ ဒီလိုပဲလုပ်မယ်၊ မှတ်ထားနော်"

"ကောင်းပြီ"

"ကဲ....ဝင်ကြမယ်"

* * *



ဝမ်မိန်ထန်သည် ထိုအုတ်အိမ်ကြီး၏ တောင်ဘက်ခြမ်းမှ အသာပတ်ကာ မီးရောင်များ လင်းနေရာဆီသို့ အသာတိတ်တဆိတ် ချဉ်းကပ်လာခဲ့သည်။

မီးရောင်များသည် အိမ်၏ ဧည့်ခန်းဆောင် ဖြစ်ပုံရသော အခန်းကြီးထဲမှ ပေါ်ထွက်လာနေသည်။ ထိုအခန်းကြီးသည် အိမ်မကြီးမှနေ၍ သီးသန့် အဆောင်ထုတ်ထားခြင်းဖြစ်သည်။ အခန်းကြီး၏ ပြတင်းတံခါးများကိုလည်း ဖွင့်ထားသည်။

ဝမ်မိန်ထန်က ပြတင်းပေါက်တစ်ခုမှနေ၍ အထဲသို့ လှမ်းကြည့်နိုင်သည့် နေရာသို့အရောက် ခြေသံလုံလုံဖြင့် တိုးကပ်သွားသည်။ ပြီးတော့ အသာ ချောင်းမြောင်းကြည့်ရှုသည်။

အခန်းကြီးထဲတွင်မီးအိမ်ကြီးနှစ်ခုထွန်းညှိထားရာ အလင်းရောင် ကောင်းကောင်း ရှိနေသည်။ အခန်းအလယ်လောက်တွင် စားပွဲဝိုင်းကြီးတစ်ခု ရှိသည်။

စားပွဲဝိုင်းကြီးတွင် လူခြောက်ယောက် ထိုင်ခုံကိုယ်စီဖြင့် ထိုင်နေကြသည်။

စားပွဲဝိုင်း၏ အဓိကနေရာတွင် ထိုင်နေသူမှာ အသက် ၃၀ ဝန်းကျင်အရွယ်၊ ရုပ်ရည်သန့်သန့်၊ ဟန်ပါတ်ကောင်းကောင်း လူရွယ်တစ်ယောက် ဖြစ်သည်။ ဟန်လူမျိုး အဝတ်အစားများ ဝတ်ဆင်ထားသော်လည်း အသားအရေ၊ မျက်နှာကျနှင့် အနေအထိုင် ဟန်ပန်တို့ကတော့ ဟန်လူမျိုးနှင့်မတူ။ တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးသားတစ်ယောက် ဖြစ်ပုံရသည်။

ကျန်လူငါးယောက်မှာမူ အသက်ငါးဆယ်ဝန်းကျင်အရွယ် ယောက်ျားကြီးများ ဖြစ်ကြသည်။ တစ်ယောက်က အဖိုးထိုက်

အဖိုးတန် အဝတ်အစား အကောင်းစားများ ဝတ်ဆင်ကာ စိန်ရွှေရတနာ လက်ဝတ်တန်ဆာများလည်း ပြိုးပြိုးပြက်ပြက် အရောင်လက်အောင်ပင် ဝတ်ဆင်ထားသည်။ တစ်ယောက်ကတော့ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်များ ဝတ်ထားသည်။ ကျန်သုံးယောက်ကတော့ သာမန်ဝတ်စုံများနှင့် ဖြစ်ကြသည်။

လူအားလုံး၏ မျက်ရိပ်မျက်ရောင်များ စူးရှကာ သွက်လက် ဖျတ်လတ် သန့်စွမ်းသော အသွင်အပြင်များကြောင့် အဆင့်မြင့် သိုင်းသမားများ ဖြစ်ရမည်ဟု ဝမ်မိန်ထန်က အကဲခတ်မိသည်။

ယောကျာ်းကြီး သုံးယောက်က လက်နက်များကို ပေါ်ပေါ်တင်တင်ပင် ကိုင်စွဲထားကြသည်။ ကျန်ယောကျာ်းကြီး နှစ်ယောက်နှင့် လူရွယ်တို့ထံတွင်တော့ လက်နက်များကို ဝမ်မိန်ထန် မမြင်ရပါ။ လက်နက်များကို လျှို့ဝှက်ထားကောင်းထားကြပေလိမ့်မည်။

စားပွဲအလယ်တွင် အရက်က အိုးကြီးတစ်လုံး၊ အသားကင်ပန်းကန် နှစ်ပန်းကန်တို့ တည်ခင်းထားသည်။ ဝမ်မိန်ထန် ချောင်းမြောင်းကြည့်လိုက်ချိန်တွင် သားသားနားနား ဝတ်စားထားသော ယောကျာ်းကြီးက အရက်အိုးထဲမှ အရက်များကို ခွက်များထဲသို့ ငှဲ့ကာ ထည့်ပေးသည်။ ထို့နောက် လူခြောက်ယောက်လုံး အရက်ခွက်များကို ကိုယ်စီကိုင်မြှောက်၍ ပြိုင်တူ သောက်လိုက်ကြသည်။



"ညီ့ကြိုအရက် သောက်သုံးကြပြီးတဲ့နောက် မိတ်ဆက်ပေးပါရစေ၊ ကျုပ် ကျောက်ကျိုမောက်ကိုတော့ အားလုံး သိပြီးကြပါပြီ"

ဝတ်ကောင်းစားလှများ၊ လက်ဝတ်ရတနာများ ဝတ်ဆင်ထားသူက ထိုင်ရာမှထကာ စကားစသည်။ ထို့နောက် ဆက်လက်၍....

"ဟောဒါက ဆင်ရှိုင်း ဟန်လိကြွယ်ပါ၊ ခွန်အားဗလ သန်စွမ်း အားအင် ကြီးမားတာကြောင့် နာမည်ကြီးသလို သူ့ရဲ့ ဆင်ရှိုင်း သိုင်းကွက်တွေကလဲ ရင်ဆိုင်နိုင်သူ ရှားပါတယ်"

အဝတ်အစား ခပ်စုတ်စုတ် ဝတ်ထားသူ ယောကျာ်းကြီး ထိုင်ရာမှထလာသည်။ လက်နှစ်ဖက်ကို ပုံးကပ်ကာ အသာအယာမြှောက်လျက် လူအားလုံးကို ဂါရဝပြုသည်။ ဆင်ရှိုင်း ဟန်လိကြွယ် ပြန်ထိုင်သွားသောအခါ ကျောက်ကျိုမောက်က ဆက်လက် မိတ်ဆက်ပေးသည်။

"သူကတော့ မြွေမင်းသား ပိုင်မုစိမ်းဖြစ်ပါတယ်၊ အဆိပ်သိုင်းသမား တစ်ယောက်ပါ၊ အထူးသဖြင့် မြွေဆိပ်တွေကို ထိထိမိမိ အသုံးချနိုင်ပြီး မြွေဆိုးအမျိုးမျိုးကိုလဲ နိုင်နင်းပါတယ်"

အရပ်ပုပုျပ်ပျပ် အသားမည်းမည်း ယောကျာ်းကြီးတစ်ယောက် ထရပ်ကာ ဂါရဝပြုသည်။

"ဟိုဘက်က တစ်ယောက်ကတော့ ဓားစကြာ ကြူးဟုန်ပါ၊ သူ့ရဲ့ စကြာဓားသိုင်းကိုလဲ ယှဉ်နိုင်သူ နည်းပါတယ်"

ပိန့်ပိန့်သွယ်သွယ် မျက်နှာထားဆိုးဆိုးနှင့် ယောကျ်ားကြီး တစ်ယောက် ထရပ်၍ ဂါရဝပြုသည်။

"ဒီဘက်က ဆရာကတော့ ငါးမန်းနက် ကျောင်းအိမ်လို ပါပဲ၊ အရှေ့ပင်လယ်တစ်လွှားမှာတော့ ထင်ရှားတဲ့ သိုင်းသမားပါ"

ခပ်ဝဝ ခေါင်းတုံးပြောင်ပြောင်နှင့်လူ ထရပ် အရိုအသေ ပေးသည်။

"ဟောဟို ပုဂ္ဂိုလ်ကတော့ မုကျင်းစန်လိန်ပါ၊ ကျားရဲ ဂိုဏ်းရဲ့ အမှတ်နှစ် ဦးစီးသိုင်းသမား ဖြစ်ပါတယ်"

လူရွယ်က ထရပ်ကာ ဂါရဝပြုလိုက်ပြီး....

"ကျွန်တော့်ရဲ့ဖိတ်ခေါ်မှုကို လက်ခံပြီး အခုလိုတကူးတက ကြွရောက်လာကြတဲ့အတွက် သိုင်းအကျော်အမော် မိတ်ဆွေများကို အထူးကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဟာ ကျားရဲဂိုဏ်းက ဦးစီးသိုင်းသမားဖြစ်သလို စီးရှနယ်စားကြီးရဲ့ တူတော်မောင်လဲ ဖြစ်ပါတယ်၊ စီးရှနယ်တောင်ပိုင်းဒေသစစ်မှူး မင်းသားတာဝန်ကိုလဲ ထမ်းဆောင်နေပါတယ်၊ ဒါပေမယ့် ဒီနေ့ ကျွန်တော် ရောက်လာတာဟာ စီးရှနယ်ရဲ့စစ်မှုရေးရာနဲ့ မပတ်သက်ပါဘူး၊ ကျားရဲဂိုဏ်းရဲ့ အရေးကိစ္စကြောင့်ပဲ ဖြစ်ပါတယ်"

မုကျင်းစန်လိန်က စကားကို ခဏရပ်ကာ သိုင်းအကျော်အမော်(၅)ယောက်ကို အကဲခတ်သလိုကြည့်သည်။ ပြီးမှ စကားဆက်သည်။



"တိတိကျကျပြောရမယ်ဆိုရင်တော့ သိုင်းရေးခုနစ်သွယ်ကျမ်းနဲ့ပတ်သက်ပါတယ်"

* * *

"သိုင်းရေးခုနစ်သွယ်ကျမ်း"ဟူသော စကားကို ကြားရသောအခါ သိုင်းအကျော်အမော်(၅)ဦးတို့ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ ချောင်းမြောင်းကြည့်ရှုနားထောင်နေသူ ဝမ်မိန်ထန်မှာလည်း ရင်ထဲဒိန်းခနဲခုန်သွားရသည်။

တစ်ခေတ်တစ်ခါက သိုင်းလောကတွင် သိုင်းပဒေသာကျမ်းပေါ်ပေါက်ခဲ့ရာ ထိုကျမ်းရရှိရေးအတွက် သိုင်းသမားအချင်းချင်း တိုက်ခိုက်သတ်ဖြတ်မှုများ အတောမသတ်နိုင်အောင် ဖြစ်သွားခဲ့သည်။ အငြိုးအတေး၊ ရန်ကြွေးရန်စတို့လည်း အများအပြားပေါ်ပေါက်ခဲ့သည်။

နောက်ဆုံးတွင် ရှောင်လင်၊ ဝူတန်း၊ ခွန်လွန်၊ ဝေါမေ စသော သိုင်းလောက၏ ထိပ်တန်းသိုင်းအဖွဲ့များမှ ဦးစီးခေါင်းဆောင်များ စည်းဝေးတိုင်ပင်ကာ သိုင်းပဒေသာကျမ်းကို အပြီးအပိုင်ဖျက်ဆီးပစ်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

သို့သော် သိုင်းပဒေသာကျမ်းတွင်ပါရှိသော သိုင်းပညာရပ်များမှာ အလွန်ပင်ဆန်းပြားကာ အဆင့်မြင့်မားလှသောကြောင့်လက်စတုံးဖျက်ဆီးဖျောက်ဖျက်ပစ်ရန်လည်း အထူးပင် နှမြောမိကြသည်။

နောက်ဆုံးတွင် ရှောင်လင်ဂိုဏ်းချုပ်ကြီး၏ အကြံပြုချက်အရ သိုင်းပဒေသာကျမ်းတွင်ပါရှိသော သိုင်းပညာများ၏

အနှစ်ချုပ်များကို ထုတ်နုတ်ကာ သိုင်းကျမ်းတစ်စောင်ပြုစုခဲ့သည်။ အဓိကသိုင်းပညာရပ် (၇)မျိုးပါသောကြောင့် ထိုကျမ်းကို "သိုင်းရေးခုနစ်သွယ်ကျမ်း"ဟု အမည်တပ်ခဲ့ကြသည်။

သိုင်းပဒေသာကျမ်းမှာကဲ့သို့ ရှင်းလင်းချက်များ၊ ရုပ်ပုံများမပါရှိဘဲ သိုင်းပညာအခြေခံသဘော အနှစ်သာရများကို သာ ကဗျာလင်္ကာတို့ဖြင့် အကျဉ်းချုပ်ရေးသားထားလေရာ ဉာဏ်ရည်ထက်မြက်ကာ စာပေပညာ နှံ့စပ်ကျွမ်းကျင်ပြီး အဆင့်မြင့်သိုင်းပညာများတတ်မြောက်လျက် ဆင်ခြင်စဉ်းစားနိုင်မှု ရင့်သန်သူများသာလျှင် ဖတ်ရှုနားလည်နိုင်မည့် သိုင်းကျမ်းတစ်ခု ဖြစ်လာသည်။

သိုင်းသမားတိုင်း ဖတ်ရှုနားလည်နိုင်သည် မဟုတ်တော့သောကြောင့် ဤသိုင်းကျမ်းကို အရယူလိုစိတ်ဖြင့် လုယက်တိုက်ခိုက်မည့်သူ အရေအတွက်လည်း လျော့နည်းသွားကာ ဆန်းပြားအဆင့်မြင့်သော ရှေးအမွေအနှစ် ထိပ်တန်း သိုင်းပညာတွေလည်း မပျောက်မပျက်၊ သိုင်းလောကလည်း အေးချမ်း ငြိမ်သက်လိမ့်မည်ဟု မှတ်ယူခဲ့ကြသည်။

သိုင်းရေးခုနစ်သွယ်ကျမ်းကို ဖတ်ရှုနားလည် တတ်သိနိုင်သော လက်တစ်ဆုပ်စာမျှရှိမည့် လူနည်းစု သိုင်းသမားကြီးများမှာလည်း စိတ်နေစိတ်ထား ဖြောင့်မတ်မှန်ကန်ပြီး ဆင်ခြင်တုံတရား ပြည့်ဝသူတွေသာဖြစ်ဖို့များပေရာ ထိုကျမ်းထဲမှ ထိပ်တန်း သိုင်းပညာများကို အကျိုးရှိရှိ အသုံးချကာ တပည့်တပန်းများအား အလျဉ်းသင့်သလို ဆင့်ပွား သင်ကြားပေး



ခြင်းဖြင့် သိုင်းလောကတွင် များစွာ အကျိုးကျေးဇူး ရှိလိမ့်မည်ဟုလည်း ဆိုခဲ့ကြသည်။

သိုင်းရေးခုနစ်သွယ်ကျမ်းကို ရေးသား ပြုစုကြပြီးနောက် သိုင်းလောကရှိ သိုင်းဂိုဏ်းအသီးသီးတို့၏ ကိုယ်စားလှယ်များ စုံညီရှေ့မှောက်တွင် သိုင်းပဒေသာကျမ်းကို အပြီးတိုင် ဖျက်ဆီးပစ်လိုက်ကြသည်။

သိုင်းရေးခုနစ်သွယ်ကျမ်း အကြောင်းကို သိုသိပ်လျှို့ဝှက်ထားသော်လည်း တစ်ယောက်ကအစ တစ်ရာဆိုသလို ထိုသိုင်းကျမ်းအကြောင်း သတင်းကတော့ သိုင်းလောကတွင် တောမီးပမာ ပျံ့နှံ့ခဲ့သည်။

သို့သော် သိုင်းရေးခုနစ်သွယ်ကျမ်း မည်သည့်နေရာတွင်ရှိ၍ မည်သူတွေက တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ထားသည် ဆိုခြင်းကိုတော့ မသိကြပါ။ သိုင်းလောက၏ အထူးလျှို့ဝှက်သောကိစ္စအဖြစ် ရှိနေခဲ့သည်။

ဤသို့ဖြင့် အချိန်ကာလတွေကြာမြင့်ကာ နှစ်ပေါင်းတစ်ရာကျော်လာသောအခါ သိုင်းရေးခုနစ်သွယ်သိုင်းကျမ်းမှာ စုန်းစုန်းမြုပ် ပျောက်ကွယ်သလို ဖြစ်နေခဲ့သည်။ နှစ်တစ်ရာကျော်အတွင်း သိုင်းရေးခုနစ်သွယ်ကျမ်းနှင့်ပတ်သက်၍ ဘာသတင်းမျှ ထွက်ပေါ်မလာခဲ့။

ယခု မုကျင်းစန်လိန်က 'သိုင်းရေး ခုနစ်သွယ်ကျမ်း'နှင့် ပတ်သက်သည့် အရေးကိစ္စဟု ပြောလာသောအခါ ကြားလိုက်ရသော သိုင်းအကျော်အမော် ငါးယောက်တို့သာမက

ချောင်းမြောင်းနားထောင်နေသူ ဝမ်မိန်ထန်ပါ စိတ်လှုပ်ရှား သွားကြရလေလည်း။

ရန်မိန်ကျန်းကတော့ သိုင်းရေးခုနစ်သွယ်ကျမ်းအကြောင်း မသိပါ။ ထို့ကြောင့် ဘာမျှ စိတ်လှုပ်ရှားမှုမဖြစ်။ သိုင်းရေး ခုနစ်သွယ်ကျမ်းဆိုတာ ဘာများလဲဟူသော သိလိုစိတ်ကလေး သာလျှင် ရှိခဲ့သည်။

*　　*　　*

အခန်းကျယ်ကြီးထဲတွင် တိတ်ဆိတ်မှုက လွှမ်းမိုးသွား၏။ သိုင်းအကျော်အမော် ငါးဦးတို့၏ စိတ်ထဲတွင် လျှို့ဝှက်ဆန်း ပြားသော စွမ်းအားကြီးတစ်ခုက မိမိတို့ကို လွှမ်းခြုံအုပ်စိုး ထားသလို ခံစားရသည်။ လူတွေက ငြိမ်သက်နေကြသော်လည်း သူတို့၏ စိတ်ထဲတွင်တော့ အမျိုးမျိုး လှုပ်ရှားနေကြသည်။

အတန်ကြာ ငြိမ်သက်နေပြီးနောက် မုကျင်းစန်လိန်က ဆက်ပြောပြန်သည်။

"ကျွန်တော်တို့ဂိုဏ်းက အမှတ်တစ် ဦးစီးသိုင်းသမားကြီး ဖြစ်တဲ့ ကျွန်တော့်ရဲ့ နောင်တော်ကြီး မုကျင်းဆောက်ရယ် ဟာ မထင်မှတ်တဲ့ သိုင်းရေးခုနစ်သွယ်ကျမ်း ဖော်ထုတ်ရရှိ ခဲ့ပါတယ်"

သိုင်းအကျော်အမော်ငါးယောက်တို့ လှုပ်လှုပ်ရွရွဖြစ်သွား ကြပြန်သည်။



"ဖြစ်ပျက်ခဲ့ပုံကို ကျွန်တော် အကျဉ်းချုပ် ပြောပါမယ်၊ လွန်ခဲ့တဲ့ ခြောက်လလောက်က နောင်တော်ကြီး မုကျင်း ဆောက်ရယ်ဟာ အလယ်ပိုင်းဒေသက မိတ်ဆွေရောင်းရင်း သိုင်းသမားကြီး တစ်ယောက်ရဲ့ ဈာပနကိစ္စကို ဂါရဝပြုဖို့ နောက်လိုက် ခုနစ်ယောက်နဲ့အတူ သွားခဲ့ပါတယ်၊ စီးရက် ပြန်လာရမယ့် အချိန်တန်ပေမယ့် ရောက်မလာလို့ စိတ်ပူပန် နေကြတုန်း နောင်တော်ကြီးဆီက စာပို့ခိုနဲ့ အရေးပေါ် အကြောင်းကြားစာ ရခဲ့ပါတယ်၊ စာထဲမှာ သူ့အတွက် အန္တရာယ်တွေ ဝိုင်းနေလို့ အမြန်လာကူညီဖို့ ရေးထားတယ်၊ ဒါကြောင့် ကျွားရဲဂိုဏ်းက လက်ရွေးစင် သိုင်းသမား ဆယ် ယောက်ကို ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်ပြီး နောင် တော်ကြီးကို ကူညီပေးဖို့ အမြန်လိုက်လာခဲ့တယ်၊ စာထဲမှာ သူဟာ တောင်ပိုင်းဒေသ လိုစန်းတောင်ခြေတစ်ဝိုက်မှာ ရှိနေ မယ်လို့ ရေးထားတယ်၊ အလယ်ပိုင်းဒေသကို သွားတဲ့လူက ဘယ်လိုလုပ် တောင်ပိုင်းဒေသ ရောက်သွားတာလဲလို့တော့ မသိဘူး၊ ကျွန်တော်တို့တစ်တွေ လိုစန်းတောင်ခြေ တစ်နေရာ မှာ နောင်တော်ကြီးနဲ့ ဆုံမိကြပါတယ်၊ နောင်တော်ကြီးဟာ ဒဏ်ရာတွေ အများကြီး ရထားတယ်၊ သူနဲ့ပါသွားတဲ့ နောက် လိုက် သိုင်းသမား ခုနစ်ယောက်လဲ အကုန် ကျဆုံးကုန်ပြီ၊ အချိန်မီလေးလို့ ဆိုရမယ်၊ ကျွန်တော်တို့နဲ့ တွေ့ပြီးတဲ့နောက် မကြာခင်ပဲ နောင်တော်ကြီး သေဆုံးသွားတယ်၊ မသေမီ သူဟာ သိုင်းရေး ခုနစ်သွယ်ကျမ်းကို ရခဲ့ကြောင်းနဲ့ အဲဒီ သိုင်းကျမ်းကို လုယူချင်တဲ့ သိုင်းသမားတွေနဲ့ အပြင်းအထန်

တိုက်ခိုက်ခဲ့ရကြောင်း ပြောသွားတယ်၊ အန္တရာယ် ဝိုင်းဝိုင်းလည်နေလို့ သိုင်းကျမ်းကို တစ်နေရာမှာ ဝှက်ထားခဲ့တယ်လို့လဲ သိရတယ်၊ နောင်တော်ကြီး ဝှက်ထားခဲ့တဲ့ သိုင်းရေးခုနစ်သွယ်ကျမ်းကို ရှာဖွေရယူတဲ့ နေရာမှာ သိုင်းအကျော်အမော်တွေရဲ့ အကူအညီကို ရယူချင်ပါတယ်၊ ကူညီနိုင်ကြမယ်မဟုတ်လား”

မုကျင်းစန်လိန် အသာပြန်ထိုင်ချလိုက်သည်။

“ကူညီဖို့ အသင့်ပါပဲ”

ကျောက်ကျိမောက်က စ ပြောသည်။ ထို့နောက် ကျန်သိုင်းအကျော်အမော်တို့ကလည်း ကူညီမည်ဖြစ်ကြောင်း သူ့ထက်ငါ ပြောကြသည်။

“အခုလို သိုင်းသမားအကျော်အမော် ငါးယောက်လုံးက ဝိုင်းဝန်းကူညီဖို့ သဘောတူညီကြတဲ့အတွက် အများကြီးဝမ်းသာပါတယ်၊ ဒါကြောင့် အခုကျွန်တော့် နောင်တော်ကြီး နောက်ဆုံးပြောသွားတဲ့ သိုင်းကျမ်း ရှိတဲ့နေရာအတွက် လမ်းကြောင်းပြစကားတွေကို ကျွန်တော် ပြောပြပါ့မယ်”

မုကျင်းစန်လိန်၏စကားသံသည် တဖြည်းဖြည်း တိုး၍သွားသည်။ သိုင်းအကျော်အမော်ငါးယောက်လုံး အထူးအာရုံစိုက်ကာ နားထောင်နေကြသည်။ သိုင်းလောကတွင် နာမည်ကြီးလှသော သိုင်းရေးခုနစ်သွယ်ကျမ်း ရှိနေသည့်နေရာကိုလည်း အထူးပင် သိချင်နေသည်။

ဝမ်မိန်ထန်မှာလည်း မုကျင်းစန်လိန် ဆက်ပြောမည့်စကားများကို မကြားမှာစိုး၍ ရှေ့သို့ ပို၍တိုးလိုက်သည်။



ထိုသို့အတိုးတွင် သစ်ကိုင်းခြောက်လေးတစ်ခုကို ခြေထောက်က နင်းမိသည်။ ချက်ချင်း ခြေကိုဖော့ကာ ဖွလိုက်သော်လည်းနင်းမိသောသစ်ကိုင်းခြောက်ကတော့ ကျိုးမသွားခဲ့ပါ။

သို့သော်....လှုပ်ရှားသံ အနည်းအကျဉ်းတော့ ပေါ်ထွက်သည်။

အခန်းကျယ်ကြီးထဲတွင် ရှိနေသော လူခြောက်ယောက်တွင် ပိုင်မုစိမ်းသည် နားအပါးဆုံးဖြစ်သည်။ ထို့ပြင် ပိုင်မုစိမ်း ထိုင်နေသောနေရာကလည်း ဝမ်မိန်ထန်နှင့် အနီးဆုံးဖြစ်နေသည်။

ဝမ်မိန်ထန် ရှေ့သို့တိုးလိုက်၍ ပေါ်ပေါက်လာသော လှုပ်ရှားသံလေးများကို ပိုင်မုစိမ်း ကြားသွားသည်။ သဘာဝအတိုင်း မဟုတ်။ ထူးခြားသောလှုပ်ရှားသံဖြစ်ကြောင်းလည်း ချက်ချင်း သိသည်။

“ဟိတ်....ဘယ်သူလဲ”

ပိုင်မုစိမ်းက အသံပြုလျက် ထိုင်နေရာမှ ထလိုက်သည်။

သိုင်းအကျော်အမော်ထဲတွင် ဓားစကြာ ကျိုးဟုန်သည် ကိုယ်ဖော့ပညာ အကောင်းဆုံး၊ လှုပ်ရှားမှုအမြန်ဆုံး ဖြစ်သည်။ ပိုင်မုစိမ်း အသံပြုလိုက်သည်နှင့် ကျိုးဟုန်မှာ အခန်းထဲမှ အပြင်သို့ လှစ်ခနဲ ပြေးထွက်လာပြီးဖြစ်သည်။

ဝမ်မိန်ထန်လည်း အမြန်ထွက်ပြေးဖို့ပြင်သည်။ သို့သော် ခြေလှမ်းရန် ဟန်အပြင်မှာပင် သူမအနီးသို့ ကျိုးဟုန်ရောက်လာသည်။ သူမ၏ ဘယ်ဘက်ပခုံးကို ညာလက်ဖြင့် လှမ်း၍ ကုတ်ဆွဲဖမ်းချုပ်သည်။

ဝမ်မိန်ထန် ထွက်မပြေးနိုင်တော့။ ကုတ်ဆွဲထားသော ကြူးဟုန်၏ ညာလက်ခုံကို ဘယ်လက်ဖျားထိပ်များဖြင့် ဆီးကာ အသာခတ်လိုက်သည်။

ကြူးဟုန်၏ညာလက် ကျဉ်ခနဲဖြစ်သွားသည်။ သွေးကြောကွက်နေရာများပေါ်သို့ မိမိရန ထိခတ်လိုက်ခြင်းဖြစ်ကြောင်း နားလည်ကာ ညာလက်ကို ကမန်းကတန်း ရုပ်သိမ်းလိုက်သည်။ ဝမ်မိန်ထန်လည်း ခုန်လွှားပြေးထွက်မည်ပြုသည်။ သို့သော် ကြူးဟုန်၏ဘယ်လက်ဝါးရိုက်ချက်က ဝမ်မိန်ထန် ထွက်ပြေးမည့်လမ်းကြောင်းမှ ဖြတ်ပိတ်ရိုက်ချလာသည်။

မိမိဆုံရသည့်မိန်းကလေးသည်အသက်ငယ်ရွယ်သော်လည်း အဆင့်မြင့် သိုင်းပညာများ ကျကျနန တတ်မြောက်ထားကြောင်းကို စောစောက လက်ဖျားအခတ်ခံရမှုမှ အကဲခတ်သိရှိထားနဲ့ပြီးပြီမို့ ကြူးဟုန်ကပေါ့ပေါ့ဆဆမလုပ်။ ဖြတ်ရိုက်လိုက်သော လက်ဝါးရိုက်ချက်မှာ တကယ်စင်စစ် သူ၏နာမည်ကျော် စကြာခေါင်းသိုင်းကွက်ဖြစ်သည်။ ခေါင်းအစား လက်ဝါးကိုသုံးထားသည်သာ ကွဲပြားသည်။

ဝမ်မိန်ထန်ထွက်မပြေးသာတော့၊ နောက်ပြန်ဆုတ်ရသည်။

ထိုအချိန်တွင် ဆင်ရိုင်းဟန်လိကြွယ်နှင့် မြွေမင်းသား ပိုင်မုစိမ်းတို့လည်း အခန်းပြင်သို့ထွက်လာကြသည်။ ဝမ်မိန်ထန်မှာ သိုင်းသမားကြီးသုံးယောက် ဝိုင်းဝိုင်းထားသည့်ကြားသို့ရောက်နေသည်။ ဘယ်လိုမှပြေးထွက်ဖို့မဖြစ်နိုင်တော့။

"ဟွန့်....သိုင်းအကျော်အမော်ကြီးတွေဖြစ်ပြီး သိက္ခာကို မရှိကြဘူး"



သိုင်းပညာချင်းမယှဉ်သာမှန်းသိသည့်အတွက် ဝမ်မိန်ထန်က ပရိယာယ်ဆင်ရန် စကားစသည်။

"အလို....မင်းက ဘာကြောင့် ငါတို့ကို သိက္ခာမရှိဘူးလို့ စွပ်စွဲရတာလဲ"

ဟန်လိကြွယ်က မုက်မှောင်ကြုတ်ကာ မေးသည်။

"အိုး....ဒါတောင်နားမလည်ဘူးလား၊ ဒီမှာကြည့်လေ၊ ရှင်းနေတာပဲ၊ ရှင်းတို့သုံးယောက်က ကျွန်မလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ကို ဝိုင်းလား ပိတ်လား လုပ်နေကြတာဟာ သိက္ခာမရှိတာမဟုတ်လို့ ဘာလဲ"

ဟန်လိကြွယ် ချက်ချင်းပင် နောက်ဆုတ်သွားသည်။ သူသည် အားအင်သန်စွမ်းကာ ခွန်အားဗလကောင်းပေရာ၊ အင်အားနည်းသူတွေကို ဗလအားကိုးဖြင့် အနိုင်ကျင့်လေ့မရှိ။ မိန်းကလေးငယ်ငယ်ရွယ်ရွယ်လေးဆိုတော့ ပိုဆိုးသည်။

ကြူးဟုန်ကတော့ ဝမ်မိန်ထန်၏စကားပရိယာယ်ကို ရိပ်စားမိသည်။ သို့သော် သူ့အနေနှင့်လည်း ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်ကို အကြမ်းပတမ်းတိုက်ခိုက်ဖို့တော့ ခက်နေသည်။

"ကောင်းပြီ၊ ငါတို့ အေးအေးဆေးဆေး ပြောကြဆိုကြတာပေါ့၊ အထဲကိုကြွဖို့ ဖိတ်ခေါ်ပါတယ်"

စကားကို စကားဖြင့် ပြန်အနိုင်ယူသည့်သဘောဖြင့် ကြူးဟုန်က တမင်ပင် လေးလေးစားစားဖိတ်ခေါ်သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်)